THE REPUBLIC OF THE UNION OF MYANMAR

# THE SUPREME COURT *Of* THE UNION



# ၂၀၂၀ ပြည့်နှစ်

# တရားရုံးနှစ်စဉ်အစီရင်ခံစာ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

သီလ သမာဓိ ပညာ




# ၂၀၂၀ ပြည့်နှစ်

# တရားရုံးနှစ်စဉ်အစီရင်ခံစာ

# သင်သိပါသလား ?

တစ်နိုင်ငံလုံးတရားရုံး စုစုပေါင်း ၄၄၂ ရုံး





တစ်နိုင်ငံလုံးတရားသူကြီး/
တရားရေးအရာရှိစုစုပေါင်း ၁၂၈၄ ဦး



တစ်နိုင်ငံလုံးအမှုပြီးပြတ်မှုနှုန်း
၉၂.၂%





တိုင်ကြားစာ ၂၃၆၁ စောင်အနက်
၂၃၄၄ စောင်အား အရေးယူဆောင်ရွက်
နိုင်ခဲ့ပြီး ၁၇ စောင်အား စိစစ်ဆဲဖြစ်



ပြည်တွင်း/ပြည်ပတက္ကသိုလ်များ၌
တရားသူကြီး/တရားရေး အရာရှိ
၁၈ ဦး ဘွဲ့လွန်သင်တန်းများ
တက်ရောက်လျက်ရှိ

**NCMP**

နိုင်ငံတစ်ဝန်း မှုခင်း စီမံခန့်ခွဲမှု
အစီအစဉ်တရားရုံး
၁၃၄ ရုံးချဲ့ထွင်နိုင်ခဲ့





ရုံးခွန် ကျပ်သန်း ၂၇၀၀ ကျော်နှင့်
ဒဏ်ငွေ ကျပ်သန်း ၆၂၀၀ ကျော်
ကောက်ခံရရှိခဲ့



အလုပ်သင်ရှေ့နေ ၂၀၀၁ ဦး
အထက်တန်းရှေ့နေ ၁၉၃၉ ဦးနှင့်
တရားလွှတ်တော်ရှေ့နေ ၄၄၀ ဦးအား
ရှေ့နေလိုက်ခွင့်လိုင်စင်အပ်နှင်းခဲ့
ဗီဒီယို ကွန်ဖရင့်ဖြင့် ၁၆၄ ဦးအား
တရားလွှတ်တော်ရှေ့နေလိုက်ခွင့်
လိုင်စင်အပ်နှင်းခဲ့



နိုင်ငံတကာညီလာခံ၊ ဆွေးနွေးပွဲနှင့်
သင်တန်းပေါင်း ၉ ခုသို့
တရားသူကြီး/တရားရေး
အရာရှိ ၁၉ ဦးတက်ရောက်ခဲ့



နိုင်ငံတကာအဖွဲ့အစည်းများနှင့်
ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ၆ ကြိမ်၊
ဗီဒီယို ကွန်ဖရင့်ဖြင့် ၆ ကြိမ်ပြုလုပ်ခဲ့



အကျဉ်းထောင်၊ ရဲဘက်စခန်းနှင့်
အချုပ်ခန်း ၃၆၁ ခုသို့
သွားရောက်စစ်ဆေးခဲ့

ဗီဒီယို ကွန်ဖရင့်ဖြင့်ပြုလုပ်သည့်ပြည်တွင်း/ပြည်ပညီလာခံ
သင်တန်း၊ဆွေးနွေးပွဲ၊အလုပ်ရုံဆွေးနွေးပွဲ ၅၅ ခုသို့
တရားသူကြီး/တရားရေး အရာရှိ ၉၁၃ ဦး၊
တရားရုံးဝန်ထမ်း ၁၄၁၇ ဦးတက်ရောက်ခဲ့



# မာတိကာ


ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဇဉ် ၄

ရည်မှန်းချက် ၆

လုပ်ငန်းတာဝန်များ ၆

တရားရုံး၏တန်ဖိုးများ ၆

တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ရည်ရွယ်ချက် ၇

အပိုင်း (၁)

တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှု ၈

**တရားစီရင်ရေးဆိုင်ရာအခြေခံမူများ** ၈

**ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခွင့်အာဏာ** ၈

**တရားရုံးဖွဲ့စည်းပုံ** ၈

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ** ၁၀

**တရားရုံးအဆင့်ဆင့်** ၁၀

- ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၁၀
- တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် ၁၁
- ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး ၁၄
- မြို့နယ်တရားရုံး ၁၅
- ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ ၁၇

**တရားရုံးစီမံခန့်ခွဲမှု** ၁၈

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ ၁၈
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဖွဲ့စည်းပုံစနစ် ၁၉
  - ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ၂၀
  - ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ၂၀
  - ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ၂၁
- ရသုံးမှန်းခြေငွေစာရင်းများနှင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှု ၂၁
  - ပြည်ထောင်စုဥပဒေအထောက်အကူပေးရေးအဖွဲ့သို့ ဘဏ္ဍာငွေခွဲဝေပေးခြင်း ၂၃

အပိုင်း (၂)

၂၀၂၀ ပြည့်နှစ်အတွင်းပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ ၂၄

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Judicial College တည်ထောင်ရန်ကြိုးပမ်းမှုများ** ၂၄

**တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ခြင်း** ၂၅

**နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း** ၂၇

**အထူးသက်သေစစ်မေးခန်းနှင့် ဗီဒီယိုဖြင့်စစ်ဆေးသည့် အထောက်အပံ့ပစ္စည်းများတပ်ဆင်ခြင်း** ၂၉

**Covid 19 ကာလ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ခြင်း** ၂၉

- တရားရုံးအဆင့်ဆင့်သို့ အမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာညွှန်ကြားချက်များ ထုတ်ပြန်ခြင်း ၂၉
- ကလေးသူငယ်မှုခင်းများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်း ၂၉
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကြားနာခြင်း၊အမိန့်ချမှတ်ခြင်း ၃၀

**တရားရုံးနည်းပညာတိုးမြှင့်ဆောင်ရွက်ခြင်း** ၃၁

**လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း** ၃၃

- လူ့စွမ်းအားအရင်းအမြစ်များ ၃၃
- Covid 19 ကာလအတွင်း ရောဂါကူးစက်ခံရမှု ၃၄
- လေ့ကျင့်သင်ကြားပေးမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု ၃၄
    - အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း ၃၅
    - အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း ၃၅
    - ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကလေးသူငယ်တရားစီရင်ရေးဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပခြင်း ၃၈
    - ပညာတော်သင်များစေလွှတ်ခြင်း၊ အဆင့်မြင့်ပညာများဆက်လက်သင်ကြားစေခြင်း ၃၉

**တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ နေထိုင်ရေး အဆင်ပြေစေရန် ဆောင်ရွက်ခြင်း** ၄၀

- တရားရုံးအသစ်များဆောက်လုပ်ခြင်း ၄၀
- ဝန်ထမ်းအိမ်ရာအသစ်များဆောက်လုပ်ခြင်း ၄၁

**တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း** ၄၂

**ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့်ကြီးကြပ်ကွပ်ကဲအရေးယူခြင်း** ၄၄

**ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း** ၄၅

**ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေးဆောင်ရွက်ခြင်း** ၄၆

**နိုင်ငံတော်ဘဏ္ဍာငွေသို့ တရားရုံးများမှ ကောက်ခံပေးသွင်းသည့် ရုံးခွန်နှင့်ဒဏ်ငွေ ကောက်ခံရရှိခြင်း** ၄၆

- ရုံးခွန် ၄၆
- ဒဏ်ငွေ ၄၇

**ဥပဒေ၊နည်းဥပဒေများရေးဆွဲဆောင်ရွက်ခြင်း** ၄၇

**အသိပညာပေးလုပ်ငန်းများနှင့် ပွင့်လင်းမြင်သာမှုရှိရန်ဆောင်ရွက်မှုများ** ၄၈

○ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ Website များလွှင့်တင်ခြင်း ၄၈
○ ၂၀၁၉ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေခြင်း ၄၈
○ မြန်မာနိုင်ငံတရားစီရင်ထုံး(၂၀၁၉) ထုတ်ဝေခြင်း ၄၈
**တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း** ၄၉
○ ဒေသတွင်း တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ခြင်း ၄၉
○ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ၅၂
**တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်များချုပ်ဆိုခြင်း** ၅၄
**မြန်မာနိုင်ငံ၏ Ease of Doing Business အညွှန်းကိန်းတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း** ၅၅

## အပိုင်း (၃)

**တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ** ၅၇
**၂၀၂၀ ပြည့်နှစ် မှုခင်းစစ်ဆေးစီရင်မှုတွင်တွေ့ရှိချက်များနှင့် ၂၀၂၁ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များ** ၅၇
**တရားရုံးများ၏စီရင်ပိုင်ခွင့်အာဏာပြောင်းလဲသတ်မှတ်ခြင်း** ၅၈
**မှုခင်းများစစ်ဆေးစီရင်ခြင်း** ၅၉
ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၅၉
ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း ၇၁
စစ်ဆေးဆဲအမှုများ၏ သက်တမ်း ၈၀
အယူခံတက်ရောက်မှုနှုန်း ၈၉
တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အမှုစွဲဆိုမှုရာခိုင်နှုန်း ၉၄
မှုခင်းပမာဏနှင့် တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု ၉၆
အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း ၉၈

## အပိုင်း (၄)

**မဟာဗျူဟာစီမံကိန်းတတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၀) အကောင်အထည်ဖော် ဆောင်ရွက်မှုများ** ၁၀၀
○ မဟာဗျူဟာစီမံကိန်းဖွံ့ဖြိုးတိုးတက်မှု ၁၀၀
○ မဟာဗျူဟာစီမံကိန်း တတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၀)၏အောင်မြင်မှုများ ၁၀၀
○ ၂၀၂၀ ပြည့်နှစ် ဆောင်ရွက်မှုအခြေအနေ ၁၀၁
○ တရားရုံး၏ဆောင်ရွက်မှုတိုးတက်စေရန် ရည်မှန်းချက်များနှင့် လျာထားသတ်မှတ်ချက်များကို အကောင်အထည်ဖော်နိုင်မှု ၁၀၁

○ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)၏ အဓိကလျာထား သတ်မှတ်ချက်များ ၁၀၂
○ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၁၀၄

နောက်ဆက်တွဲများ

| | |
|---|---|
| ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ တည်နေရာ | နောက်ဆက်တွဲ(က) |
| ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း | နောက်ဆက်တွဲ(ခ) |
| ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ပြုန်းတီးဝန်ထမ်းအင်အားစာရင်း | နောက်ဆက်တွဲ(ဂ) |
| ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ | နောက်ဆက်တွဲ(ဃ) |
| တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် အရေးယူ ဆောင်ရွက်မှုအခြေအနေ | နောက်ဆက်တွဲ(င) |
| ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေများ၊ နည်းဥပဒေများနှင့် ပြင်ဆင်ခဲ့သည့်နည်းဥပဒေများ | နောက်ဆက်တွဲ(စ) |
| တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ Website လိပ်စာများ | နောက်ဆက်တွဲ(ဆ) |
| ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ဗီဒီယို ကွန်ဖရင့်ဖြင့်တက်ရောက်သည့်အစည်းအဝေးများ | နောက်ဆက်တွဲ(ဇ) |
| ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ပြည်ပခရီးစဉ်များ | နောက်ဆက်တွဲ(ဈ) |
| ပြည်နယ်/တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၏ပြည်ပခရီးစဉ်များ | နောက်ဆက်တွဲ(ည) |
| တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့လာရောက်သည့်နိုင်ငံတကာကိုယ်စားလှယ်များ စာရင်း | နောက်ဆက်တွဲ(ဋ) |
| တိုင်းဒေသကြီး/ပြည်နယ်အလိုက်အရေးကြီးရာဇဝတ်မှုခင်းအခြေပြဇယား | နောက်ဆက်တွဲ(ဌ) |
| တိုင်းဒေသကြီး/ ပြည်နယ်များတွင် နှစ်အလိုက် အကောင်အထည်ဖော် ခဲ့သည့် NCMP တရားရုံးများ(၂၀၁၅-၂၀၂၀) | နောက်ဆက်တွဲ(ဍ) |
| မဟာဗျူဟာစီမံကိန်းတတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၂၀)အကောင် အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့်ရလဒ်များ | နောက်ဆက်တွဲ (ဎ) |

# ပြည်ထောင်စုတရားသူကြီးချုပ်၏ဉပဒေသာဇဉ်



တရားစီရင်ရေးဆိုင်ရာ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း၏ တတိယမြောက်နှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်အတွက် တရားရုံးနှစ်စဉ်အစီရင်ခံစာကိုထုတ်ပြန်လိုက်ရပေသည်။ တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန် ရည်ရွယ်၍ တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယခုအစီရင်ခံစာထုတ်ပြန်သည့် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းကစတင်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် မြန်မာနိုင်ငံသို့စတင်ကူးစက်လာခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်သည် နိုင်ငံတော်က အခါအားလျော်စွာ ထုတ်ပြန်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာအမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့်အစီအမံများပြုလုပ်ကာ တရားရုံးများ၏ နေ့စဉ်လုပ်ငန်းအဆင့်ဆင့်လည်ပတ်နိုင်စေရေး အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ အခြားတစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း နိုင်ငံတကာနှင့်ဒေသတွင်း တရားစီရင်ရေးများက ဆောင်ရွက်နေသည့် အကောင်းဆုံးကျင့်သုံးမှုများကို နမူနာယူလျက် ယနေ့ခေတ်တွင် တွင်ကျယ်စွာအသုံးပြုလာနေပြီဖြစ်သော သတင်းအချက်အလက်နည်းပညာကဏ္ဍ၏အကူအညီဖြင့် တရားရုံးလုပ်ငန်းများလည်ပတ်နိုင်အောင် နည်းလမ်းအသစ်များရှာဖွေခဲ့သည်။ ဤ ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဆိုးဝါးလှသည့် အခြေအနေများထဲမှ အခွင့်အလမ်းအသစ်များကို ရှာဖွေဖန်တီးနိုင်ခဲ့ကြသည်ဟု ဆိုနိုင်ကောင်းဆိုနိုင်ပေလိမ့်မည်။ တရားရေးစီရင်ရေးကဏ္ဍတွင် အဓိကနေရာကပါဝင်ဆောင်ရွက်နေသည့် တရားရုံးများတွင် ယခင်ကတီထွင်ဖန်တီးဆောင်ရွက်ခဲ့ခြင်း

မရှိသေးသော လုပ်ငန်းရပ်များဖြစ်သည့် ဗီဒီယိုကွန်ဖရင့်နည်းပညာအသုံးပြုလျက် တရားခံများကို ချုပ်မိန့်ပေးခြင်း၊ အယူခံမှုများကို ကြားနာခြင်း၊ လက်အောက်တရားရုံးများကို ကြီးကြပ်ကွပ်ကဲခြင်း၊ ပြည်တွင်းပြည်ပအစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများဆောင်ရွက်ခြင်း၊ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များမှတစ်ဆင့် တရားရုံးသတင်းအချက်အလက် ဖြန့်ဖြူးခြင်းတို့ကို ကျယ်ပြန့်စွာ ပြုလုပ်လာနိုင်ခဲ့သည်။ ယင်းသို့သောကြိုးပမ်းအားထုတ်မှုများသည် မျှားမကြာလှသည့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အီလက်ထရောနစ်နည်းပညာဖြင့် တရားစွဲဆိုခြင်း(e-Litigation)ကဲ့သို့သော လုပ်ငန်းရပ်များအတွက် အစပျိုးသည့် ဗီဇကောင်းများဖြစ်သည်ဟုလည်းဆိုနိုင်ပေသည်။

ယခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာတွင် ယခင်နှစ်အစီရင်ခံစာများ၌ ပါဝင်နေကျဖြစ်သည့် အခန်းကဏ္ဍများကို အချက်အလက်ကိန်းဂဏန်းများဖြင့် အတတ်နိုင်ဆုံး ပြည့်ပြည့်စုံစုံ ထည့်သွင်းထားပါသည်။ တရားရုံးအသုံးပြုသူများ၊ မှီငြမ်းကိုးကားလိုသူများနှင့် ဖတ်ရှုသူအားလုံးအတွက် အဆင်ပြေဆုံးဖြစ်အောင်လည်း ရှင်းလင်းဖော်ပြထားပါသည်။ အစီရင်ခံစာ ဖြစ်ပေါ်လာစေရန် အားထုတ်ကြိုးပမ်းခဲ့သည့် တာဝန်ရှိသူများအားလုံးကိုလည်းကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပေသည်။

တရားစီရင်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံးနှင့် အများပြည်သူများအနေဖြင့်လည်းတရားရုံးလုပ်ငန်းရပ်များကို ပိုမိုသိရှိနားလည်သဘောပေါက်လာကြလျက် တိုးတက်ကောင်းမွန်သောတရားမျှတမှုဆီသို့ အတူတကွ ဆက်လက်လျှောက်လှမ်းနိုင်ပါစေကြောင်း အလေးအနက် ဆန္ဒပြုတိုက်တွန်းလိုက်ရပေသည်။

**ဦးထွန်းထွန်းဦး**
**ပြည်ထောင်စုတရားသူကြီးချုပ်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**၂၀၂၁ ခုနှစ် ဧပြီလ ၂၆ ရက်**
**နေပြည်တော်**




## ရည်မှန်းချက်

လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်

တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

## လုပ်ငန်းတာဝန်များ

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး

ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ပေါ်ထွန်းရေး

အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး

တရားရုံးများ၏ဂုဏ်သိက္ခာမြှင့်တင်ရေး

## တရားရုံး၏တန်ဖိုးများ

သာတူညီမျှမှုနှင့် တရားမျှတမှု

တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု

လက်လှမ်းမီနိုင်မှု

မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု



## တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျအကဲဖြတ်နိုင်စေရန်
- တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်

အပိုင်း (၁)

# တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှု

## တရားစီရင်ရေးဆိုင်ရာအခြေခံမူများ

၂၀၁၀ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခြေခံမူများကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

- ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ရေး
- ဥပဒေအရကန့်သတ်ချက်များမှအပပြည်သူရှေ့မှောက်တွင်တရားစီရင်ရေး
- အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး
- ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး
- ဥပဒေကိုပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကိုလိုက်နာသောအလေ့အကျင့်ပျိုးထောင်ပေးရေး
- ပြည်သူအချင်းချင်း နှင့် ပတ်သက်သောအမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး
- ပြစ်မှုကျူးလွန်သူကိုအရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး

## ဖွဲ့စည်းပုံအခြေခံဥပဒေအရတရားစီရင်ရေးဆိုင်ရာအခွင့်အာဏာ

မြန်မာနိုင်ငံတွင် တရားစီရင်ရေးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးဖြာအနက် တစ်ခုဖြစ်ပြီး၊ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှသီးခြားရပ်တည်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ အရ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များနှင့် အဆင့်ဆင့်သော တရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။

## တရားရုံးဖွဲ့စည်းပုံ

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရအောက်ဖော်ပြပါတရားရုံးများကို၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက် နေ့မှ စ၍ ဖွဲ့စည်းထားပါသည်-

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
- တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်
- ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး
- မြို့နယ်တရားရုံး
- ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အချုပ်အခြာအာဏာ(၃)ရပ်
အုပ်ချုပ်ရေးအာဏာ
တရားစီရင်ရေးအာဏာ
ဥပဒေပြုရေးအာဏာ


မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံး
ပြည်ထောင်စု
တရားလွှတ်တော်ချုပ်
မြန်မာနိုင်ငံ၏ ဒုတိယအမြင့်ဆုံးတရားရုံး
တိုင်းဒေသကြီး/ပြည်နယ်
တရားလွှတ်တော်များ (၁၄)ရုံး
မြန်မာနိုင်ငံ၏ ဒုတိယအနိမ့်ဆုံးတရားရုံး
ခရိုင်တရားရုံးများ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ
တိုင်း/ဒေသတရားရုံးများ (၇၅)ရုံး
မူလရုံး
မြို့နယ်တရားရုံးများ(၃၃၀)ရုံး
ဥပဒေအရတည်ထောင်သော
အခြားတရားရုံးများ(၂၂)ရုံး

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

| | | |
|---|---|---|
| ၁။ ဦးထွန်းထွန်းဦး | ပြည်ထောင်စုတရားသူကြီးချုပ် | ၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ |
| ၂။ ဦးသာဌေး | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | ၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ |
| ၃။ ဦးမြင့်အောင် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | ၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ |
| ၄။ ဦးအောင်ဇော်သိန်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | ၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ |
| ၅။ ဦးမြဟန် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | ၁၄-၆-၂၀၁၇ နေ့မှ ၄-၂-၂၀၂၁ထိ |
| ၆။ ဦးမျိုးတင့် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | ၁၄-၆-၂၀၁၇ နေ့မှစ၍ ယနေ့ထိ |
| ၇။ ဦးစိုးနိုင် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | ၁၄-၆-၂၀၁၇ နေ့မှ ၄-၂-၂၀၂၁ထိ |
| ၈။ ဦးခင်မောင်ကြည် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | ၁၄-၆-၂၀၁၇ နေ့မှ ၄-၂-၂၀၂၁ထိ |
| ၉။ ဦးမျိုးဝင်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | ၁၅-၁၁-၂၀၁၈နေ့မှ ၄-၂-၂၀၂၁ထိ |

## တရားရုံးအဆင့်ဆင့်

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် စစ်ဘက်ဆိုင်ရာတရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများကိုမထိခိုက်စေဘဲ နိုင်ငံတော်၏အမြင့်ဆုံး တရားရုံးဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏မြို့တော်သစ်နေပြည်တော်တွင် တည်ရှိသည်။ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး (၈)ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နောက်ဆုံးအဆင့် အယူခံတရားရုံးဖြစ်သည်။ တရားမနှင့် ရာဇဝတ်မှုနှစ်မျိုးစလုံးအတွက် မူလမှုနှင့်အယူခံမှုစီရင်ပိုင်ခွင့်ရှိသည်။ ထို့အပြင် တရားရုံးတစ်ရုံးက ချမှတ်လိုက်သော စီရင်ချက်နှင့်အမိန့်အပေါ် ဥပဒေနှင့်အညီ ပြင်ဆင်မှုအာဏာနှင့်သေဒဏ်အတည်ပြုခွင့်အာဏာများလည်း ရှိသည်။ ထို့မှတပါး ဥပဒေနှင့်အညီ အခြားတရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာကို မထိခိုက်စေဘဲ စာချွန်တော်သဘောသဘာဝရှိသောအမိန့်များကို ထုတ်ပြန်ရန် စာချွန်တော်အမိန့် (၅) ရပ်ကို ထုတ်ပိုင်ခွင့်အာဏာရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော တရားသူကြီးများ သို့မဟုတ် စုံညီခုံရုံးတို့ဖြင့် အမှုများကို စစ်ဆေးစီရင်နိုင်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါကိစ္စရပ်များကိုလည်း သီးသန့်ကြားနာ စစ်ဆေးပါသည်-

◆ ပြည်ထောင်စုနိုင်ငံတော်ကချုပ်ဆိုသော ပြည်ထောင်အချင်းချင်းဆိုင်ရာစာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စရပ်များ

◆ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြားဖြစ်ပွားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာပြဿနာများမှအပ အခြားအငြင်းပွားမှုများ

◆ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အချင်းချင်း၊ ပြည်ထောင်စု နယ်မြေနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချင်းချင်းတို့အကြားဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ

◆ ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားကိစ္စရပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးစနစ်တစ်ခုလုံး၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်သည်နှင့်အညီ လက်အောက်ခံတရားရုံးများအားလုံးကို စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန်တာဝန်ရှိသည်။ ထို့အပြင် တရားစီရင်ရေးနှင့်သက်ဆိုင်သောဥပဒေကြမ်းများကို ဥပဒေပြုအဖွဲ့ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်သို့ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းနိုင်ခွင့်ရှိသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များနှင့် ခရိုင်တရားရုံးများ၏ တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်



*တိုင်းဒေသကြီး/ပြည်နယ်
တရားလွှတ်တော်
တရားသူကြီး(အမျိုးသား)
ဝတ်စားဆင်ယင်ပုံ*

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ဒုတိယအမြင့်ဆုံးတရားရုံးဖြစ်ပြီး ပြည်ထောင်စု၏ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်တည်ရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော် (၇) ခု နှင့် ပြည်နယ်တရားလွှတ်တော် (၇) ခုရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များ၏ တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။

တရားလွှတ်တော်တစ်ခုစီတွင် တရားသူကြီးချုပ်တစ်ဦးနှင့် သက်ဆိုင်ရာအလုပ်တာဝန် ပမာဏအပေါ် မူတည်၍ တရားလွှတ်တော်တရားသူကြီးအရေအတွက် အနည်းဆုံး (၃) ဦးမှ အများဆုံး (၇) ဦး အထိကွဲပြားပါ

သည်။ တရားလွှတ်တော်များတွင် တရားမနှင့် ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကို ကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများကချမှတ်သည့် စီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ် အယူခံနှင့်ပြင်ဆင်မှု စီရင်ပိုင်ခွင့် အာဏာများလည်းရှိပါသည်။

တရားလွှတ်တော်များသည် ဥပဒေအရ သတ်မှတ်ထားသည့် ရာဇဝတ်မူလမှုများကို စီရင်ပိုင်ခွင့်ရှိပြီး အမှုတန်ဖိုး ကျပ်သိန်း (၃၀၀၀၀) အထက်မှ တန်ဖိုးအကန့်အသတ်မရှိသည့် တရားမမူလမှုများကို စီရင်ပိုင်ခွင့် ရှိပါသည်။

တရားလွှတ်တော်များရှိ အမှုအားလုံးကို တရားသူကြီးတစ်ဦး သို့မဟုတ် လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးပါသည်။ တရားလွှတ်တော်သည် မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ လက်အောက်ခံတရားရုံးအားလုံး၏ တရားစီရင်ရေးတာဝန်များအပေါ် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကြီးကြပ်ရန်တာဝန်ရှိပါသည်။

## တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏တရားသူကြီးချုပ်များနှင့်တရားသူကြီးများ*

## ၁-၁-၂၀၂၀ မှ ၃၁-၁၂-၂၀၂၀ အထိ

| | | |
|---|---|---|
| **ကချင်ပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးတူးဂျာ | ၃၀.၃.၂၀၁၁မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ပြုံးပြုံးအေး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးတူးမော် | ၃.၁၀.၂၀၁၉ မှ ယနေ့အထိ |
| **ကယားပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ်ဦးကျော်လင်းမောင် | ၂၉.၂.၂၀၁၂ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်သန်းသန်းအေး | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်စဝ်ဥမ္မာကြည် | ၂၉.၁၁.၂၀၁၇ မှ ယနေ့အထိ |
| **ကရင်ပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးစောစံလင်း | ၃၀.၃.၂၀၁၁ မှ ၈.၂.၂၀၂၁ ထိ |
| | တရားသူကြီး ဦးသိန်းကိုကို | ၃၀.၃.၂၀၁၁ မှ ၁.၃.၂၀၂၁အထိ |
| | တရားသူကြီး ဒေါ်ခင်ဆွေထွန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| **ချင်းပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးမြင့်သိန်းထွန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးတဲရင့်စ်စံမ္ဗိုင်းနီခွဲ | ၄.၈.၂၀၁၇ မှ ၂.၂.၂၀၂၁ အထိ |
| **မွန်ပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးခင်မောင်ကြီး | ၃၀.၃.၂၀၁၁ မှ ၇.၂.၂၀၂၁ အထိ |
| | တရားသူကြီး ဦးညီညီစိုး | ၃၀.၃.၂၀၁၁ မှ ၁.၃.၂၀၂၁အထိ |
| | တရားသူကြီး ဒေါ်ငွေးမြင့်အေး | ၇.၁၂.၂၀၁၇ မှ ယနေ့အထိ |
| **ရခိုင်ပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ်ဒေါ်ဝါဝါထွန်း | ၂၈.၁၁.၂၀၁၉ မှ ယနေ့ထိ |
| | တရားသူကြီးဒေါ်နွယ်နွယ်ခိုင် | ၂၇.၁၂.၂၀၁၉ မှ ယနေ့ထိ |
| | တရားသူကြီးဦးအောင်ထွန်းသိန်း | ၂၇.၁၂.၂၀၁၉ မှ ယနေ့အထိ |

| | | |
|---|---|---|
| **ရှမ်းပြည်နယ် တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးကြွယ်ကြွယ် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ခင်မေတင့် | ၃၀.၃.၂၀၁၁ မှ ၅.၁၀.၂၀၂၀အထိ |
| | တရားသူကြီး ဦးခင်မောင်ဌေး | ၃၀.၃.၂၀၁၁ မှ ၉.၈.၂၀၂၀အထိ |
| | တရားသူကြီး ဒေါ်စန္ဒာအောင် | ၃.၉.၂၀၂၀ မှ ယနေ့အထိ |
| | တရားသူကြီး ဦးအောင်သိန်း | ၃. ၉.၂၀၂၀ မှ ယနေ့အထိ |
| **စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးမျိုးမောင် | ၂၃.၇.၂၀၁၉ မှ ၄.၂.၂၀၂၁ အထိ |
| | တရားသူကြီး ဒေါ်ချယ်ရီကြည် | ၂၉.၁၂.၂၀၁၄ မှ ယနေ့အထိ |
| | တရားသူကြီး ဦးဖြိုးဖြိုး | ၃၀.၇.၂၀၁၉ မှ ၇.၂.၂၀၂၁ အထိ |
| **တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးတင်အောင် | ၂၂.၇.၂၀၁၆ မှ၁၅.၅.၂၀၂၀အထိ |
| | တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး | ၁၈.၅.၂၀၂၀ မှ ယနေ့အထိ |
| | တရားသူကြီး ဦးခင်မောင်မောင် | ၂၈.၉.၂၀၁၆ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ပိုက်ပိုက်အေး | ၂၉.၁.၂၀၁၈မှ၁၇.၅.၂၀၂၀အထိ |
| | တရားသူကြီး ဒေါ်ချိုမာမြင့် | ၂၁.၅.၂၀၂၀ မှ ယနေ့အထိ |
| **ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ်ဦးမောင်မောင်အေး | ၃၁.၁၀.၂၀၁၉ မှ ယနေ့အထိ |
| | တရားသူကြီးဒေါ်လွင်လွင်အေးကျော် | ၂၆.၅.၂၀၁၆ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ခင်မာဆွေ | ၁၆.၈.၂၀၁၉ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်အေးအေးသန့် | ၁၉.၁၂.၂၀၁၉ မှ ယနေ့အထိ |
| **မကွေးတိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးစိန်ထွန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဦးမြင့်သိန်း | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်နုယဉ် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| **မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးစိုးသိန်း | ၃၀.၃.၂၀၁၁ မှ၂.၁၁.၂၀၂၀အထိ |
| | တရားသူကြီးချုပ်ဦးကြည်သိန်း(ခ) ဦးကြည်သိန်းအောင် | ၂.၁၂.၂၀၂၀ မှ ၄.၂.၂၀၂၁ အထိ |
| | တရားသူကြီး ဒေါ်တင်နွယ်ဝင်း | ၃၀.၃.၂၀၁၁ မှ ၁၉.၃.၂၀၂၀အထိ |
| | တရားသူကြီး ဒေါ်ခင်သင်းဝေ | ၃၀.၃.၂၀၁၁ မှ ၇.၂.၂၀၂၁ အထိ |
| | တရားသူကြီးဦးကြည်သိန်း(ခ) ဦးကြည်သိန်းအောင် | ၃၀.၃.၂၀၁၁ မှ ၁.၁၂.၂၀၂၀အထိ |
| | တရားသူကြီး ဒေါ်လှလှရီ | ၃၀.၃.၂၀၁၁ မှ ၁.၇.၂၀၂၀ အထိ |
| | တရားသူကြီး ဒေါ်လှမြင့် | ၁၅.၇.၂၀၁၉ မှ ယနေ့အထိ |
| | တရားသူကြီး ဦးခင်မောင်ထွန်း | ၁၇.၉.၂၀၁၉ မှ ယနေ့အထိ |
| | တရားသူကြီးဒေါ်ခင်စန်းမြင့် | ၂၇.၂.၂၀၂၀ မှ ယနေ့အထိ |
| | တရားသူကြီး ဦးမြင့်ဆန်း | ၂၈.၅.၂၀၂၀ မှ ယနေ့အထိ |
| | တရားသူကြီးဒေါ်ကြည်ကြည်စိန်း | ၃.၁၂.၂၀၂၀ မှ ယနေ့အထိ |

| | | |
|---|---|---|
| **ရန်ကုန်တိုင်းဒေသကြီး** | တရားသူကြီးချုပ် ဦးလှအေး | ၁၂.၁၂.၂၀၁၈မှ၁၉.၁၀.၂၀၂၀အထိ |
| **တရားလွှတ်တော်** | တရားသူကြီး ဒေါ်စန္ဒာသွယ် | ၃၀.၃.၂၀၁၁ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်အေးသန်း | ၃၀.၃.၂၀၁၁ မှ၂၅.၉.၂၀၂၀အထိ |
| | တရားသူကြီး ဒေါ်သင်းသင်းနွဲ့ | ၃၀.၃.၂၀၁၁ မှ ၇.၂.၂၀၂၁ ထိ |
| | တရားသူကြီး ဦးအောင်နိုင် | ၂၄.၄.၂၀၁၇ မှ ယနေ့အထိ |
| | တရားသူကြီးဒေါ်စိုးခက်ခက် | ၆.၂.၂၀၁၉ မှ ယနေ့အထိ |
| | တရားသူကြီးဒေါ်ချိုမာလာ | ၂၆.၂.၂၀၂၀ မှ ယနေ့အထိ |
| **ဧရာဝတီတိုင်းဒေသကြီး** | တရားသူကြီးချုပ် ဦးသန်းထွန်း | ၁၇.၈.၂၀၁၂ မှ ၃.၁၁.၂၀၂၀အထိ |
| **တရားလွှတ်တော်** | တရားသူကြီးချုပ် ဦးမျိုးညွန့် | ၃.၁၂.၂၀၂၀ မှ ယနေ့အထိ |
| | တရားသူကြီး ဦးကျော်မင်း | ၃၀.၃.၂၀၁၁ မှ ၉.၂.၂၀၂၁ ထိ |
| | တရားသူကြီး ဦးမျိုးညွန့် | ၃၀.၃.၂၀၁၁ မှ၂.၁၂.၂၀၂၀အထိ |
| | တရားသူကြီး ဦးဝင်းမြင့် | ၁၇.၈.၂၀၁၂ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန် | ၂၁.၁၂.၂၀၁၇ မှ ယနေ့အထိ |
| | တရားသူကြီး ဒေါ်မိုးမိုးအေး | ၃.၁၂.၂၀၂၀ မှ ယနေ့အထိ |

** အစီရင်ခံစာထုတ်ပြန်သည့်နှစ်အတွင်း အကျုံးဝင်သည့် တရားသူကြီးများကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။*

## ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး

ခရိုင်တရားရုံးသည် ခရိုင်အသီးသီးတွင်တည်ရှိပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတို့ တည်ထောင်ထားရှိပါသည်။ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံးတို့သည် ဒုတိယအနိမ့်ဆုံးတရားရုံး ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထိ စာရင်းအရ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး (၁) ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၃) ရုံး အပါအဝင်ခရိုင်တရားရုံး (၇၅) ရုံး ရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများ၏တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။ ခရိုင်တရားရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ပေးခန့်အပ်ထားသော ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့် ဒုတိယခရိုင်တရားသူကြီးတို့ရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးနှင့် ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးတို့ရှိပါသည်။ ခရိုင်တရားရုံးတွင် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကိုကြားနာခွင့်ရှိပြီး လက်အောက်ခံတရားရုံးများမှချမှတ်လိုက်သော စီရင်ချက်၊ ဒီကရီနှင့်အမိန့်များအပေါ် အယူခံနှင့်ပြင်ဆင်မှုစီရင်ပိုင်ခွင့် အာဏာများလည်းရှိပါသည်။ ခရိုင်တရားရုံးရှိ အမှုများကို တရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ပါသည်။ လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးစီရင်နိုင်ပါသည်။

ခရိုင်တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာတရားလွှတ်တော်၏ လမ်းညွှန်ချက်များနှင့်အညီ ၎င်းတို့၏သက်ဆိုင်ရာစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးများအားလုံး၏ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရန်တာဝန်ရှိသည်။



*ခရိုင်တရားသူကြီး(အမျိုးသား)*
*ဝတ်စားဆင်ယင်ပုံ*

## ခရိုင်တရားရုံး / ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး၏စီရင်ပိုင်ခွင့်

### *ရာဇဝတ်စီရင်ပိုင်ခွင့်*

- ဥပဒေကခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်
- ၎င်း၏ဒေသနယ်နမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်

### *တရားမစီရင်ပိုင်ခွင့်*




## မြို့နယ်တရားရုံး

မြို့နယ်တရားရုံးသည်မူလရုံးဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထိ စာရင်းအရ မြို့နယ်တရားရုံး စုစုပေါင်း (၃၃၀) ရုံးရှိပါသည်။ မြို့နယ်တရားရုံးတစ်ရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က

တာဝန်ပေးခန့်အပ်ထားသော မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့ရှိပါသည်။

မြို့နယ်တရားရုံးများသည် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှုစီရင်ပိုင်ခွင့်ရှိပါသည်။ မြို့နယ်တရားရုံးရှိအမှုများကိုတရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ပါသည်။



*မြို့နယ်တရားသူကြီး(အမျိုးသား)*
*ဝတ်စားဆင်ယင်ပုံ*

## မြို့နယ်တရားရုံး၏စီရင်ပိုင်ခွင့်

*ရာဇဝတ်စီရင်ပိုင်ခွင့်*

| | | |
|---|---|---|
| မြို့နယ်/တွဲဖက် မြို့နယ်တရားသူကြီး | ⇒ | ထောင်ဒဏ် ၇နှစ် အထိနှင့် ငွေဒဏ်အကန့်အသတ် မရှိ |
| ပထမတန်းအာဏာရ ရာဇဝတ် တရားသူကြီး | ⇒ | ထောင်ဒဏ် ၃ နှစ် အထိနှင့် ငွေဒဏ် ၁၀၀၀၀၀ ကျပ် အထိ |
| ဒုတိယတန်းအာဏာရ ရာဇဝတ် တရားသူကြီး | ⇒ | ထောင်ဒဏ် ၁ နှစ် အထိနှင့် ငွေဒဏ် ၅၀၀၀၀ ကျပ် အထိ |
| တတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး | ⇒ | ထောင်ဒဏ် ၃ လ အထိနှင့် ငွေဒဏ် ၃၀၀၀၀ ကျပ် အထိ |

*တရားမစီရင်ပိုင်ခွင့်*

| | |
|---|---|
| မြို့နယ် / တွဲဖက်မြို့နယ်တရားသူကြီး → | ကျပ်သိန်း ၁၀၀ ထက် မပိုသော အမှုတန်ဖိုးရှိသည့်တရားမမှုများ |
| ဒုတိယမြို့နယ်တရားသူကြီး → | ကျပ်သိန်း ၃၀ ထက် မပိုသောအမှုတန်ဖိုးရှိသည့်တရားမမှုများ |

## ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ

သီးခြားမှုခင်းကိစ္စရပ်များကို ကြားနာစစ်ဆေးရန်အတွက် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများကို ယေဘုယျအားဖြင့် မြို့နယ်အဆင့်တရားရုံးနှင့်တန်းတူ တည်ထောင်ထားပါသည်။ အဆိုပါတရားရုံးများတွင် အောက်ပါတို့ ပါဝင်ပါသည်-

◊ ကလေးသူငယ်တရားရုံးများ

◊ စည်ပင်သာယာတရားရုံးများ

◊ မော်တော်ယာဉ်တရားရုံးများ

### *ကလေးသူငယ်တရားရုံးများ*

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ကလေးသူငယ်များကျူးလွန်သည့် ဖြစ်မှုများကို ကြားနာစစ်ဆေးရန်အတွက် ကလေးသူငယ်တရားရုံးများကို သီးခြားတည်ထောင်ထားပါသည်။ မြို့နယ်အဆင့်တရားရုံးများဖြစ်သော်လည်း ကလေးသူငယ်တရားသူကြီးသည် မှုခင်း၏ကြီးလေးမှုနှင့်မသက်ဆိုင်ဘဲ ဖြစ်ဒဏ်အားလုံးကို စီရင်နိုင်သည့်သီးခြားစီရင်ပိုင်ခွင့်အာဏာရှိပါသည်။

ကလေးသူငယ်တရားရုံး(ရန်ကုန်)သည် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နမိတ်အတွင်းရှိ မြို့နယ်(၂၀)တွင် ဖြစ်ပွားသောကလေးသူငယ်မှုခင်းများကိုစစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်တရားရုံး(မန္တလေး)သည် မန္တလေးမြို့တော်စည်ပင်သာယာ နယ်နမိတ်အတွင်းရှိ မြို့နယ်(၅) မြို့နယ်တွင် ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်းဖြစ်ပါသည်။ ထိုတရားရုံးများတွင် ကလေးသက်သေစစ်ဆေးခန်းအပါအဝင် တရားရုံးအထောက်အကူပြုပစ္စည်းများနှင့်ကလေးသူငယ်များသက်တောင့်သက်သာရှိစေမည့် ပတ်ဝန်းကျင်ကိုဖန်တီးပေးရန်အတွက် ကိရိယာများတပ်ဆင်ထားပါသည်။

ဖော်ပြပါရုံးများအပြင် ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးကိုပါ ပူးတွဲဖွင့်လှစ်ထားရှိပါသည်။

### *စည်ပင်သာယာတရားရုံးများ*

စည်ပင်သာယာမှုခင်းများကို လျင်မြန်ထိရောက်စွာစစ်ဆေးစီရင်နိုင်ရန် စည်ပင်သာယာတရားရုံးများ တည်ထောင်ထားပါသည်။ စည်ပင်သာယာတရားရုံးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် သီးခြားဖွင့်လှစ်ထားပါသည်။

### *မော်တော်ယာဉ်တရားရုံးများ*

ယာဉ်စည်းကမ်းနှင့်လမ်းစည်းကမ်းချိုးဖောက်သူများကိုစစ်ဆေးစီရင်ရန်အတွက် မော်တော်ယာဉ်တရားရုံး များကိုရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် သီးခြားဖွင့်လှစ်ထားပါသည်။

## တရားရုံးစီမံခန့်ခွဲမှု

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို အထောက်အကူပြုသည့် ကော်မတီနှင့်အဖွဲ့များ ဖွဲ့စည်းထားရှိပါသည်။ ထိုကော်မတီများသည် တရားစီရင်ရေးရာကိစ္စရပ်များနှင့် တရားရုံး စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်နေပါသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖွဲ့စည်းထားသည့်ကော်မတီများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

- ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သော " ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ "
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဋ္ဌေး ဦးဆောင်သော "စင်ကာပူ-မြန်မာ ဥပဒေ ရေးရာအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ (MoU)အရ ဖွဲ့စည်းသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပူးတွဲကော်မတီ (Joint Committee) "
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဋ္ဌေး ဦးဆောင်သော "တရားစီရင်ရေးကျင့်ဝတ် များ လိုက်နာကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ "
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဋ္ဌေး ဦးဆောင်သော "ဥပဒေဆိုင်ရာအထောက် အကူပေးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ "
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင် ဦးဆောင်သော "မြန်မာနိုင်ငံတရား စီရင်ထုံးပြုစုရေးအဖွဲ့ "
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင် ဦးဆောင်သော " ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသောဥပဒေများစိစစ်ရေးအဖွဲ့ "

◆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင် ဦးဆောင်သော "တိုင်ကြားစာစိစစ်ပြန်ကြားရေးကော်မတီ"

◆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း ဦးဆောင်သော "e-Government အကောင်အထည်ဖော်ရေးကော်မတီ"

◆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြဟန် ဦးဆောင်သော "လူမွဲခံယူခြင်းဆိုင်ရာဥပဒေမူကြမ်းရေးဆွဲရေးအဖွဲ့"

◆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြဟန် ဦးဆောင်သော "လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရေးအဖွဲ့"

◆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးမြဟန် ဦးဆောင်သော "စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာလုပ်ငန်းကော်မတီ"

◆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော "အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေပြင်ဆင်ရေးဆွဲရေးအဖွဲ့"

◆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော "မဟာဗျူဟာစီမံကိန်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ"

◆ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော "တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ"

အားလုံးသော ကော်မတီများတွင် အဆင့်မြင့်တရားရေးအရာရှိကြီးများက ပါဝင်ကူညီဆောင်ရွက်ပါသည်။ တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏လုပ်ငန်းများကို သီးသန့်ဆောင်ရွက်ရန်ရည်ရွယ်၍ လုပ်ငန်းကော်မတီများနှင့်လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းထားပါသည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဖွဲ့စည်းပုံစနစ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းတာဝန်များကိုပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့က ကူညီထောက်ပံ့ဆောင်ရွက်ပေးပါသည်။



## *ပြည်ထောင်စုတရားသူကြီးချုပ်ရုံး*

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ လုပ်ငန်းတာဝန်များကိုအထောက်အကူပြုရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်၏ ကြီးကြပ်မှုအောက်တွင် ဌာနခွဲ နှစ်ခုထားရှိပါသည်။




## *ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး*

အမြဲတမ်းအတွင်းဝန်၏ကြီးကြပ်မှုအောက်တွင် စီမံခန့်ခွဲရေးနှင့်ဝန်ထမ်းရေးရာ၊ ဘတ်ဂျက်နှင့်ထောက်ပံ့၊ လေ့ကျင့်၊ e-Government၊ သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် သုတေသနလုပ်ငန်းများအတွက် ဌာနကြီးခြောက်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။



## *ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး*

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ကြီးကြပ်မှုအောက်တွင် တရားသူကြီးများရုံးထိုင်ခြင်းနှင့် စီရင်ချက်များ အတည်ပြုခြင်းအပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးလုပ်ငန်းများ၊ ဥပဒေများသုံးသပ်ခြင်းနှင့် မူကြမ်းရေးဆွဲခြင်း၊ လက်အောက်ခံတရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းများနှင့် ရှေ့နေရှေ့ရပ်ကိစ္စများကို ကြီးကြပ်ရန်အတွက် ဌာနကြီးငါးခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။




## ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများကို စီမံဆောင်ရွက်ပါသည်။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသောဘဏ္ဍာရေးနှစ်တွင် ကောက်ခံရမည့်ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်ငွေ (သာမန်အသုံးစရိတ် နှင့် ငွေလုံးငွေရင်းအသုံးစရိတ်) တို့ကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်အား လုပ်ပိုင်ခွင့်အပ်နှင်း၍ ဆောင်ရွက်ပါသည်။

လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသည့် အမြဲတမ်းအတွင်းဝန်သည် မိမိလက်အောက်ရှိ ဌာနဆိုင်ရာပုဂ္ဂိုလ်အား ထပ်မံ၍ လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသောရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်ငွေတို့ကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး (ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန) အားအပ်နှင်းဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်က ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက် ရငွေသုံးငွေများကို ဘတ်ဂျက်နှင့်ထောက်ပံ့ဌာနသို့လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်ခံတရားရုံးများအတွက် ရငွေသုံးငွေများကို တိုင်းဒေသကြီး / ပြည်နယ်တရားရေးဦးစီးမှူးများသို့လည်းကောင်းခွဲဝေ၍ စီမံဆောင်ရွက်ပါသည်။ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ

စည်းမျဉ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများကို စီမံကြီးကြပ်ရန်အတွက် ဌာနတွင်းစာရင်းစစ်ဆေးခြင်း လုပ်ငန်းများကိုဆောင်ရွက်ရန် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး ဦးဆောင်သည့် **"ဌာနတွင်းစာရင်းစစ်အဖွဲ့"** ကို ဖွဲ့စည်းထားရှိပြီး၊ ဌာနတွင်းစာရင်းစစ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ပံ့ပိုးကူညီရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် **"စာရင်းစစ်ကော်မတီ"** ကို ဖွဲ့စည်းထားရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် ဘဏ္ဍာငွေခွဲဝေရရှိမှုအနေဖြင့် ၂၀၁၉–၂၀၂၀ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့်ငွေလုံးငွေရင်းအသုံးစရိတ်ငွေအားလုံး၏ ၀.၁၁၄% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ်ငွေအားလုံး၏ ၀.၀၉၆% ကိုလည်းကောင်း၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးသည့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေအားလုံး၏ မူလခန့်မှန်းခြေ ၀.၁၈၄ % ကိုလည်းကောင်း၊ သာမန်အသုံးစရိတ်ငွေအားလုံး၏ မူလခန့်မှန်းခြေ ၀.၀၉၉% ကိုလည်းကောင်း ခွဲဝေရရှိခဲ့ပါသည်။

*၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း*
*ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက်ခွင့်ပြုငွေနှင့်သုံးစွဲမှုအခြေအနေ (ကျပ်သန်းပေါင်း)*

| စဉ် | ငွေစာရင်း ခေါင်းစဉ် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရရှိမှုရာခိုင်နှုန်း | | သုံးစွဲမှု အခြေအနေ | ၂၀၁၉ - ၂၀၂၀ | ၂၀၂၀ - ၂၀၂၁ မူလခန့်မှန်းခြေ |
|---|---|---|---|---|---|---|
| | | ၂၀၁၉ - ၂၀၂၀ | ၂၀၂၀- ၂၀၂၁ မူလခန့် မှန်းခြေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ငွေလုံးငွေရင်း အသုံးစရိတ် | မူလ - ၀.၁၁၄%<br>ပြုပြင်* -၀.၁၁၄% | ၀.၁၈၄% | ခွင့်ပြုငွေ | မူလ - ၁၁၁၄၇.၄၆၇<br>ပြုပြင်– ၁၁၈၂၁.၇၉၆ | ၁၈၆၇၀.၇၂၄ |
| | | | | အမှန်သုံးငွေ | ၁၁၁၉၇.၀၆၃ ** | ၂၄၃.၉၅၇ *** |
| ၂ | သာမန် အသုံးစရိတ် | မူလ - ၀.၀၉၆%<br>ပြုပြင် **** -၀.၀၉၁% | ၀.၀၉၉% | ခွင့်ပြုငွေ | မူလ - ၂၂၉၅၅.၄၇၇<br>ပြုပြင်– ၂၃၀၉၈.၈၅၆ | ၂၆၂၅၃.၀၈၀ |
| | | | | အမှန်သုံးငွေ | ၁၇၀၂၇.၂၂၇ ** | ၅၃၀၆.၃၉၀ *** |

** ပြုပြင်ပြီးငွေလုံးငွေရင်းအသုံးစရိတ်မှာဖြည့်စွက်အသုံးစရိတ်ခွင့်ပြုပြီးနောက် တွက်ချက်မှုရာခိုင်နှုန်းဖြစ်ပါသည်။*

*** စာတိုင် ၆ တွင် ဖော်ပြထားသည့် အမှန်သုံးငွေများမှာ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ အသုံးပြုပြီးသည့်ငွေကိုဖော်ပြခြင်းဖြစ်ပါသည်။*

**** စာတိုင် ၇ တွင် ဖော်ပြထားသည့် အမှန်သုံးငွေများမှာ၂၀၂၀ ပြည့်နှစ်အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အသုံးပြုပြီးသည့်ငွေကိုဖော်ပြခြင်းဖြစ်ပါသည်။*

***** ပြုပြင်ပြီးသာမန်အသုံးစရိတ်မှာဖြည့်စွက်အသုံးစရိတ်ခွင့်ပြုပြီးနောက် တွက်ချက်မှုရာခိုင်နှုန်းဖြစ်ပါသည်။*

## *ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ဘဏ္ဍာငွေခွဲဝေပေးခြင်း*

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ စတင်တည်ထောင်သည့် ၂၀၁၈ ခုနှစ်မှစ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ခွဲဝေရရှိသည့်ဘဏ္ဍာငွေများကို ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ နှစ်စဉ်ပြန်လည်ခွဲဝေပေးခဲ့ပါသည်။ **၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်** ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်ရရှိသည့် ဘဏ္ဍာငွေများအနက် ငွေလုံးငွေရင်းအသုံးစရိတ် ၁၁.၀၄၃% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ် ၂၃.၆၈၉% ကိုလည်းကောင်း၊ **၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်** ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်ရရှိသည့် ဘဏ္ဍာငွေများအနက် ငွေလုံးငွေရင်းအသုံးစရိတ် ၃.၁၀၉% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ် ၃၂.၈၈၂% ကိုလည်းကောင်း ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့သို့ ခွဲဝေပေးခဲ့ပါသည်။ ခွဲဝေပေးခဲ့သည့် ဘဏ္ဍာငွေများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

*၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ ဘဏ္ဍာငွေခွဲဝေပေးသည့်အခြေအနေ (ကျပ်သန်းပေါင်း)*

| စဉ် | ငွေစာရင်း ခေါင်းစဉ် | ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရရှိသည့်ဘဏ္ဍာငွေ (ကျပ်သန်းပေါင်း) | | ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့သို့ခွဲဝေပေးသည့်ဘဏ္ဍာငွေ (ကျပ်သန်းပေါင်း) | | ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့သို့ခွဲဝေပေးသည့် ရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|
| | | ၂၀၁၉ -၂၀၂၀ | ၂၀၂၀ -၂၀၂၁ | ၂၀၁၉ -၂၀၂၀ | ၂၀၂၀ -၂၀၂၁ | ၂၀၁၉ -၂၀၂၀ | ၂၀၂၀ - ၂၀၂၁ |
| ၁။ | ငွေလုံးငွေ ရင်း အသုံး စရိတ် | ၁၁၁၄၇.၄၆၇ | ၁၈၆၇၀.၇၂၄ | ၁၂၃၁.၀၅၃ | ၅၈၀.၅၄၈ | ၁၁.၀၄၃% | ၃.၁၀၉% |
| ၂။ | သာမန် အသုံးစရိတ် | ၂၂၉၅၅.၄၇၇ | ၂၆၂၅၃.၀၈၀ | ၅၄၃၇.၈၁၁ | ၈၆၃၂.၅၄၄ | ၂၃.၆၈၉% | ၃၂.၈၈၂% |

အပိုင်း (၂)

# ၂၀၂၀ ပြည့်နှစ်အတွင်းပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ကြိုးပမ်းဆောင်ရွက်မှုများ

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College တည်ထောင်ရန်ကြိုးပမ်းမှုများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း ၂၀၁၈ –၂၀၂၂ ၏ လုပ်ငန်းနယ်ပယ် (၅) ရပ်အနက် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၄) ဖြစ်သည့် တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ဆောင်ရွက်ရန် မဟာဗျူဟာရည်မှန်းချက် ၄.၄ နှင့်အညီ အဆင့်မြင့်တရားရေးသင်တန်းကျောင်းတစ်ရပ်ဖြစ်သည့် Judicial College အား တည်ထောင်ရန် စီမံကိန်းချမှတ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် Judicial College အဆောက်အဦ (၂) တည်ဆောက်ရန် အဆောက်အဦပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကိုကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။




**Judicial College**
*အဆောက်အဦ (၂) ပုံစံ (မူကြမ်း)*

*“တည်နေရာ”*
*နေပြည်တော်ကောင်စီနယ်မြေ၊*
*ဥတ္တရသီရိခရိုင်၊*
*ဇဝနသီဒ္ဓိရပ်ကွက်၊ နေကြာလမ်း*

Judicial College တည်ဆောက်ပြီးပါက တရားသူကြီးတစ်ဦးချင်း၏ ပညာရပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည် တိုးမြှင့်စေရန်လေ့ကျင့်သင်တန်းများပြုလုပ်နိုင်ခြင်း၊ အာဆီယံဒေသတွင်းတရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှု အနေဖြင့် Judicial College တွင်ဖွင့်လှစ်မည့်သင်တန်းများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်လက်အောက်ရှိ တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးများ၊ တရားရေးအရာရှိများသာမက အာဆီယံနိုင်ငံများမှတရားရေးအရာရှိများ၊ တရားသူကြီးများပါ ပါဝင်တက်ရောက်နိုင်ခြင်း၊ အခြားဖွင့်လှစ်မည့်ဥပဒေပညာဆိုင်ရာသင်တန်းများတွင်ပြည်တွင်း ပြည်ပမှ ဥပဒေပညာရှင်များနှင့် ဥပဒေပညာလေ့လာလိုက်စားသူများ ပါဝင်တက်ရောက် လေ့လာနိုင်ရေးတိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။




*"ပြည်ထောင်စုတရားသူကြီးချုပ်မှ Judicial College အဆောက်အဦ(၂) ပန္နက်တော်တင်တွင်းတော်ဝန်းပေးခြင်း"*

## တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကိုတိုးချဲ့ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ( ၂၀၁၈ – ၂၀၂၂ ) မဟာဗျူဟာရည်မှန်းချက် ၅ .၃ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင်တရားရုံး၊ တပ်ကုန်းမြို့နယ်တရားရုံးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူခရိုင် တရားရုံးနှင့် တောင်ငူမြို့နယ်တရားရုံးတို့တွင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA နှင့် ပူးပေါင်း၍ စတင်ဆောင်ရွက်ခဲ့သည်။

စမ်းသပ်အစီအစဉ်၏ ပထမတစ်နှစ်တာကာလတွင် ဒက္ခိဏခရိုင်တရားရုံး စေ့စပ်ဖြေရှင်းရေးဌာန၊ တပ်ကုန်းမြို့နယ်တရားရုံး စေ့စပ်ဖြေရှင်းရေးဌာနနှင့် တောင်ငူခရိုင်နှင့် မြို့နယ်တရားရုံး စေ့စပ်ဖြေရှင်းရေး ဌာနတို့တွင် တရားရုံးအသီးသီးမှ စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲပြောင်းပေးပို့သည့် အမှုများ၏ ၂၄.၀၂ ရာခိုင်နှုန်းကို အောင်မြင်စွာ စေ့စပ်ဖြေရှင်းပေးနိုင်ခဲ့သည်။ ယင်းကဲ့သို့ပင် တရားမမှုများအား အောင်မြင်စွာစေ့စပ်ဖြေရှင်းပေးခြင်း ဖြင့် တရားရုံး၏ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေးဟူသော လုပ်ငန်းတာဝန်ကို ကူညီဆောင်ရွက် ခဲ့သည်။

စမ်းသပ်အစီအစဉ်၏ ပထမတစ်နှစ်တာရလဒ်များနှင့် ၂၀၂၀ ပြည့်နှစ်တွင် တိုးချဲ့ဆောင်ရွက်သည့် အစီ အစဉ်များကို တရားမျှတမှုကဏ္ဍမှအကျိုးသက်ဆိုင်သူများ၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်သတင်း မီဒီယာများအား ၂၀၂၀ ပြည့်နှစ် မတ်လ ၄ ရက်နေ့တွင် အခမ်းအနားဖြင့်ရှင်းလင်းတင်ပြခဲ့သည်။



*တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကိုရှင်းလင်းတင်ပြသည့်အခမ်း အနားတွင် ပြည်ထောင်စုတရားသူကြီးချုပ်က အဖွင့်အမှာစကားပြောကြားစဉ်*



*တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကိုရှင်းလင်းတင်ပြသည့် အခမ်းအနားကျင်းပစဉ်*

စမ်းသပ်အစီအစဉ်အား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့နယ်တရားရုံး၊ လယ်ဝေးမြို့နယ်တရားရုံး၊ ဇမ္ဗူသီရိမြို့နယ်တရားရုံး၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၊ ဥတ္တရ သီရိမြို့နယ်တရားရုံးနှင့် ဒက္ခိဏသီရိမြို့နယ်တရားရုံးတို့တွင် တိုးချဲ့ဆောင်ရွက်ခဲ့ပြီး၊ ယင်းတရားရုံးအသီးသီးမှ ပေးပို့လာသော တရားမမှုများအား ဒက္ခိဏခရိုင်တရားရုံး စေ့စပ်ဖြေရှင်းရေးဌာန ရုံးခန်းအမှတ် (၂) တွင်စေ့စပ် ဖြေရှင်းရေးဆောင်ရွက်ခဲ့သည်။ Covid 19 ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှု အခြေအနေအရ စေ့စပ်ဖြေရှင်း ရေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဧပြီလ၊ မေလ၊ စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ရပ်ဆိုင်းထားခဲ့သည်။ ယင်းကာလအတွင်း စေ့စပ်ဖြေရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မှု ဆိုင်ရာဆွေးနွေးပွဲ၊ စမ်းသပ်အစီအစဉ်နှင့်စပ်လျဉ်း၍ စစ်တမ်းကောက်ယူခြင်းဆိုင်ရာဆွေးနွေးပွဲ၊ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ၊ Covid 19 ကာလအတွင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်းဆိုင်ရာဆွေးနွေး ပွဲ၊ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းတို့အား ဆောင်ရွက်ခဲ့သည်။



*Covid 19 ကာလအတွင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှု သင်တန်း ကျင်းပစဉ်*

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တရားရုံးအသီးသီးမှ စေ့စပ်ဖြေရှင်းရေးဌာနများသို့ လွှဲပြောင်းပေးသည့် တရားမမှုစုစုပေါင်းမှာ ၂၈၄ မှု ဖြစ်ပြီး၊ ယင်းအမှုများအနက် ၇၃ မှုကို အောင်မြင်စွာစေ့စပ်ဖြေရှင်းပေးခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်းတရားရုံးများမှ လွှဲပြောင်းပေးပို့သည့်အမှုများ၏ ၂၅.၇ ရာခိုင်နှုန်းသည် စေ့စပ်ဖြေရှင်းရေးအောင်မြင်ခဲ့ကြောင်း တွေ့ရှိရပါသည်။




တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်သည် နိုင်ငံတကာရှိတရားရုံးများတွင် အကောင်အထည်ဖော်အောင်မြင်လျက်ရှိသည့် စနစ်တစ်ခုဖြစ်ပြီး တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှုအများဆုံးရရှိထားသည့်စနစ်တစ်ခုဖြစ်ပါသည်။ အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တရားရုံးကတရားမမှုခင်းများကို ပိုမိုထိရောက်မြန်ဆန်ပြီး စရိတ်သက်သာစွာဖြေရှင်းပေးနိုင်မည်ဖြစ်၍ အများပြည်သူအတွက် တရားမျှတမှုလက်လှမ်းမီရေးအတွက်သာမက၊ စီးပွားရေးအခွင့်အလမ်းများအတွက်ပါအရေးပါသော လိုအပ်ချက်တစ်ရပ်ကိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

## နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)၏ မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅ - ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် "နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်" (National Case Management Program - NCMP) ကို

သုံးနှစ်အတွင်း အဆင့်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်တွင် ယခင်နှစ်၌အကောင်အထည်ဖော်ခဲ့သည့်တရားရုံးများအပါအဝင် ခရိုင်တရားရုံး (၂၅)ရုံးနှင့် မြို့နယ်တရားရုံး (၁၀၉) ရုံး၊ စုစုပေါင်း (၁၃၄) ရုံးတို့တွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program – NCMP)တွင် အပိုင်း (၅) ပိုင်းပါရှိပြီး အပိုင်း (၁) တရားမျှတမှုလက်လှမ်းမီခြင်း၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အစီအစဉ်အတွက်စီမံခန့်ခွဲခြင်း၊ အပိုင်း (၂) တရားရုံးစစ်တမ်းကောက်ယူခြင်း၊ အပိုင်း (၃) မှုခင်းစီမံခန့်ခွဲမှုစနစ်၊ အပိုင်း (၄) မှုခင်းခြေရာကောက်စနစ်နှင့် အပိုင်း (၅) စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်းအပိုင်းများ ပါဝင်ပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း USAID–PRLM နှင့်ပူးပေါင်း၍မှုခင်းစီမံခန့်ခွဲမှုသင်တန်း၊ Case Tracking Database သင်တန်း၊ တရားရုံးစစ်တမ်းများကောက်ယူခြင်းသင်တန်း (၈) ခုနှင့် အလုပ်ရုံဆွေးနွေးပွဲ (၁) ခုပြုလုပ်နိုင်ခဲ့ပါသည်။ Covid 19 ကာလအတွင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် သင်တန်း (၂၈)ခု ပြုလုပ်နိုင်ခဲ့ပါသည်။

မှုခင်းစီမံခန့်ခွဲမှုစနစ်အရ မှုခင်းများစစ်ဆေးပြီးပြတ်မှုများကို ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ ရုံးချိန်းသေချာမှုများပိုမိုရရှိနိုင်သဖြင့် အမှုတွင်ပါဝင်သည့်အမှုသည်များ၊ ရှေ့နေများ၊ တရားစွဲအဖွဲ့များအနေဖြင့် တရားရုံးသို့ လာရောက်ရသည့်အချိန်တိုင်း အမှုတိုးတက်မှုများကိုဆောင်ရွက်နိုင်ရန်သေချာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သည့်အပြင် မှုခင်းသတင်းအချက်အလက်ကောက်ယူနိုင်မှုတိကျသေချာခြင်း၊ ထိရောက်စွာစီမံခန့်ခွဲနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိတရားရုံးများ၏ မှုခင်းဆောင်ရွက်မှုများပိုမို လျင်မြန်စွာဆောင်ရွက်ပြီးစီးစေ၍ မှုခင်းကြန့်ကြာခြင်းများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ မှုခင်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးလျက်ရှိသည့်တရားရုံးများ၏မှုခင်းသတင်းအချက်အလက်များကိုဤအစီရင်ခံစာအပိုင်း (၄) ‘မဟာဗျူဟာ စီမံကိန်းတတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၀) အကောင်အထည်ဆောင်ရွက်မှုများ’တွင် ဖော်ပြထားပါသည်။




**၂၀၂၀ ပြည့်နှစ် အတွင်း**
**နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု**
**တရားရုံးများ**
**ခရိုင်တရားရုံးများ (၂၅) ရုံး**
**မြို့နယ်တရားရုံးများ (၁၀၉) ရုံး**
**စုစုပေါင်း (၁၃၄) ရုံး**

### အထူးသက်သေစစ်မေးခန်းနှင့် ဗီဒီယိုဖြင့်စစ်ဆေးသည့် အထောက်အပံ့ပစ္စည်းများတပ်ဆင်ခြင်း

ကလေးသူငယ်များ၊ အကာအကွယ်လိုအပ်သူများ၊ ပြစ်မှုကျူးလွန်ခံရသူနှင့် သိမြင်သူသက်သေများက တရားရုံးရှေ့မှောက် တိကျမှန်ကန်စွာ သက်သေထွက်ဆိုနိုင်ရန် ကျူးလွန်သူများ၏ အန္တရာယ်ခြိမ်းခြောက်မှုမှ အကာအကွယ်ပေးရန်နှင့် ဥပဒေပါအခွင့်အရေးများ ရရှိစေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် Unicef တို့ ပူးပေါင်း၍ အထူးသက်သေစစ်မေးခန်းနှင့် ဗီဒီယိုဖြင့်စစ်ဆေးသည့် အထောက်အပံ့ပစ္စည်းများကို ကလေးသူငယ်မှုခင်းများနှင့်အမျိုးသမီးများအပေါ် ကျူးလွန်သည့်မှုခင်းများ ဖြစ်ပွားမှုများပြားသည့်ဒေသရှိ ခရိုင်တရားရုံး (၁၆) ရုံးတွင် တပ်ဆင်ပေးခဲ့သည်။

### Covid 19 ကာလအတွင်းတရားစီရင်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် Covid 19 ကပ်ရောဂါဖြစ်ပွားသည့်ကာလအတွင်း စစ်ဆေးဆောင်ရွက်ဆဲအမှုများ နှောင့်နှေးကြန့်ကြာမှုမရှိစေရန်နှင့်တရားသူကြီးများ၊ တရားရုံးနှင့်ဆက်နွယ်သည့် ဆက်စပ်အဖွဲ့အစည်းများ၊ အမှုသည်များ၊ အချုပ်တရားခံများရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်စေရန်အတွက် တရားရုံးများ၌ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက်များနှင့် နည်းပညာအသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့သည်။

### *တရားရုံးအဆင့်ဆင့်သို့ အမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာညွှန်ကြားချက်များထုတ်ပြန်ခြင်း*

Covid 19 ကပ်ရောဂါဖြစ်ပွားသည့်ကာလအတွင်း စီရင်ချက်ချမှတ်ခြင်း၊ ချုပ်မိန့်ပေးခြင်းစသည့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆောင်ရွက်ရာတွင် Microsoft Office 365 ကို အသုံးပြု၍ဆောင်ရွက်ရန် တစ်နိုင်ငံလုံးရှိတရားရုံးအဆင့်ဆင့်သို့ညွှန်ကြားခဲ့ပါသည်။

အရေးကြီးမှုခင်းများ၊ အလျင်အမြန်ဆောင်ရွက်ရမည့်မှုခင်းများ၊ စစ်ဆေးစီရင်ပေးပါရန် နှစ်ဖက်တင်ပြသည့်မှုခင်းများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စစ်ဆေးရန်လည်းကောင်း၊ တရားခွင်တွင်စစ်ဆေးစီရင်ရာ၌ Coronavirus Disease 2019(Covid 19) ကာကွယ်ထိန်းချုပ်ကုသရေး၊ အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့်နည်းလမ်းများအတိုင်းလိုက်နာဆောင်ရွက်၍ အမှုများကိုဆက်လက်စစ်ဆေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးအဆင့်ဆင့်သို့ညွှန်ကြားခဲ့ပါသည်။

### *ကလေးသူငယ်မှုခင်းများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်ခြင်း*

ကလေးသူငယ်မှုခင်းများကို ဆောလျင်စွာ ကြားနာစစ်ဆေးပေးရမည်ဖြစ်၍ အမှုစွဲဆိုတင်ပို့သည့်နေ့တွင် ကလေးသူငယ်ကို ရုံးရှေ့တင်ပို့ရန်၊ အမှုကြားနာစစ်ဆေးရာတွင် သင်တန်းကျောင်းတွင် ထိန်းသိမ်းအပ်နှံထားသော ကလေးသူငယ်ကို ရုံးမထုတ်ဘဲဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် Microsoft Office 365 ကိုအသုံးပြု၍ စစ်ဆေးစီရင်ရန်၊ အမှုရွှေ့ဆိုင်းချိန်းဆိုမှုများအတွက် Microsoft Office 365 ကိုအသုံးပြု၍ ဆောင်ရွက်ရန်၊ စီရင်ချက်ချမှတ်ရာတွင် ကိုယ်တိုင်ကြားနာနိုင်ရန် သင်တန်းကျောင်းကစီစဉ်ဆောင်ရွက်ထားပါက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အမိန့်ချမှတ်ရန်၊ တရားခွင်တွင် စစ်ဆေးစီရင်ရာ၌ Coronavirus Disease 2019 (Covid 19) ကာကွယ်ထိန်းချုပ်ကုသရေး၊ အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်နည်းလမ်းများ အတိုင်းလိုက်နာဆောင်ရွက်၍ အမှုများကိုဆက်လက်စစ်ဆေးရန် ညွှန်ကြားခဲ့ပါသည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကြားနာခြင်း၊ အမိန့်ချမှတ်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ကြားနာပြီးအမိန့်ချမှတ်ရန်ရှိသောအမှုများကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အမိန့်ချမှတ်မည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အမိန့်ချမှတ်ရာတွင်အမှုသည်များ၊ ရှေ့နေများအနေဖြင့် တိုက်ရိုက်ဝင်ရောက်ကြည့်ရှုနိုင်သည့် Link များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website နှင့် Facebook စာမျက်နှာများတွင် ကြိုတင်ကြေညာပေးခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အမှုများကြားနာစီရင်ရာ၌ အမှုသည်များ၊ ရှေ့နေများလိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှ (၃၁) ရက်နေ့ထိကာလအတွင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ဗီဒီယိုကွန်ဖရင့်စနစ်အသုံးပြု၍ ကြားနာသည့် အကြိမ်အရေအတွက် (၁၄)ကြိမ်၊ အမှုပေါင်း(၁၂၇) မှုကို ကြားနာစစ်ဆေးခဲ့ပြီး၊ အမိန့်ချမှတ်သည့် အကြိမ်အရေအတွက် (၁၆) ကြိမ်အမှုပေါင်း ( ၂၉၀ ) မှုကို အမိန့်ချမှတ်ခဲ့ပါသည်။



*ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်မှုခင်းများကိုဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကြားနာစဉ်*



*ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာချုန်တော်မှုခင်းများကိုဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကြားနာစဉ်*



*ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်*
*ရာဇဝတ်မှုခင်းများကိုဗီဒီယိုကွန်ဖရင့်*
*စနစ်ဖြင့်အမိန့်ချမှတ်စဉ်*

## တရားရုံးနည်းပညာတိုးမြှင့်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးများတွင် မှုခင်းစစ်ဆေးမှုများ ပိုမိုမှန်ကန်မြန်ဆန်ရေး၊ အများပြည်သူယုံကြည်လက်လှမ်းမီနိုင်သည့် မှုခင်းအချက်အလက်စနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ထိရောက်သည့် နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ်များတည်ဆောက်နိုင်ရေးစသည့်ရည်မှန်းချက်များထားရှိပြီးတရားရုံးနည်းပညာ တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နည်းပညာ တိုးမြှင့်မှုဆိုင်ရာစီမံကိန်း (၁၀) ရပ်ရှိပြီး (က) Case Management System (CMS)၊ (ခ) Case Information System (CIS)၊ (ဂ) Automated Case Management System (ACMS)၊ (ဃ) ပြည်ထောင်စုတရားလွှတ်တော် ချုပ်၏ Web Portal တည်ဆောက်ခြင်း၊ (င) တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များ၏ ကိုယ်ပိုင် Website များ တည်ဆောက်ခြင်း၊ (စ) တရားစီရင်ထုံး အချက်အလက်များရှာဖွေခြင်းစနစ် Ruling Content Management System (RCMS)၊ (ဆ) တရားရုံးသတင်းအချက်အလက်စနစ် Court Information System Mini Data Center တည်ဆောက်ခြင်း၊ (ဇ) Microsoft Office 365 Account များ အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် တွင်ကျယ်စွာအသုံးပြုခြင်း၊ (ဈ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဌာနအသီးသီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်အသီးသီးက အသုံးပြုနိုင်ရန် File Server စနစ်တည်ဆောက်ခြင်း၊ (ည)တရားစီရင်ရေးလုပ်ငန်းများနှင့် တရားစီရင်ရေးစီမံခန့်ခွဲ ရေးလုပ်ငန်းများတွင် Video Conferencing System တွင်ကျယ်စွာအသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း လုပ်ငန်းများဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်တွင် အမှုလက်ခံဆောင်ရွက် ရာ၌မှန်ကန်မြန်ဆန်မှု၊ အချိန်ကုန်သက်သာမှုရှိစေရန်အပြင် ပိုမိုထိရောက်စေရန်အတွက် လက်ရှိကျင့်သုံးနေသော သမားရိုးကျ အမှုလက်ခံဆောင်ရွက်သည့်စနစ်အစား နည်းပညာအသုံးပြု၍ပိုမိုကောင်းမွန်သည့်စနစ်ကိုပြောင်းလဲ အစားထိုးကျင့်သုံးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ Case Management System အား နည်းပညာပိုင်း ဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ခဲ့ပါသည်။ အဆိုပါစနစ်ကို တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် များတွင် အသုံးပြုနိုင်စေရန် စီစဉ်ရေးဆွဲခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ စမ်းသပ်အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

အများပြည်သူနှင့် တရားရုံးအသုံးပြုသူများ၊ ရှေ့နေရှေ့ရပ်များအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် အမှုအချက်အလက်များအခြေအနေကို Online ပေါ်မှ ရှာဖွေကြည့်ရှုနိုင်စေရန် အမှုသတင်းအချက်အလက်စနစ် Case Information System (CIS) စနစ်ကို Upgrade ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစနစ်ကို အမှုစီမံခန့်ခွဲမှုစနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ၂၀၂၁ ခုနှစ်တွင် စတင်လွှင့်တင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူလျင်မြန်စွာ ရှာဖွေတွေ့ရှိနိုင်စေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website အား နည်းပညာဆိုင်ရာပြင်ဆင်ချက်များ ဆောင်ရွက်ခဲ့ပြီး Web Portal အသွင်ဒီဇိုင်းဖြင့်လွှင့်တင်နိုင်ခဲ့ပါသည်။ ထို့ပြင်တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ ကိုယ်ပိုင် Website များကို စတင်လွှင့်တင်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတရားစီရင်ထုံးများကို အလွယ်တကူရှာဖွေအသုံးပြုနိုင်ရန်ရည်ရွယ်၍ တရားစီရင်ထုံးများကို အချက်အလက်ဖြင့် ရှာဖွေသည့်စနစ် Ruling Content Management System (RCMS) အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website တွင် စတင်လွှင့်တင်နိုင်ခဲ့ပါသည်။ တရားရုံးများလက်စွဲ (The Courts Manual) အတွဲ (၁) နှင့် (၂) တို့ကိုလည်း ခေါင်းစဉ်များအလိုက် ရှာဖွေကြည့်ရှုလေ့လာနိုင်ရေးအတွက် Ruling Content Management System (RCMS) တွင် အခန်းကဏ္ဍတစ်ခုအနေဖြင့် လွှင့်တင်ဖော်ပြထားပါသည်။

ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များအား Online ပေါ်မှ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်စေရန်အတွက် ဒိန်းမတ်-မြန်မာအစီအစဉ်၏ ကူညီထောက်ပံ့မှုဖြင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်ထုတ်ပြန်ခြင်း Commercial Judgment System (CJS) စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

တရားစီရင်ရေးဆိုင်ရာသတင်းအချက်အလက်များ၊ အမှု/ဥပဒေအချက်အလက်များကို တရားရုံးအသုံးပြုသူများအနေဖြင့် လျှင်မြန်လွယ်ကူစွာ ကိုယ်တိုင်ရှာဖွေအသုံးပြုနိုင်စေရန်ရည်ရွယ်၍ တရားရုံးသတင်းအချက်အလက်စနစ် Court Information System (၁) ခုရေးဆွဲ ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ Intake Counter နှင့် တရားခွင်များအနီးတွင် အများပြည်သူက တရားရုံးသတင်းအချက်အလက်စနစ်ကို ကိုယ်တိုင်ရှာဖွေအသုံးပြုနိုင်ရေးအတွက် Touch Screen ဖြင့် အသုံးပြုနိုင်သည့် Kiosk (၄) လုံး တပ်ဆင်နိုင်ခဲ့ပါသည်။

တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများနှင့် စီမံခန့်ခွဲရေးရာလုပ်ငန်းတာဝန်များ ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်စေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအားလုံး၊ တရားရေးအဆင့်မြင့်အရာရှိကြီးများနှင့် တရားသူကြီးများ/ တာဝန်ရှိသူများအနေဖြင့် Microsoft Office 365 Account များအား **usc.gov.mm** Domain ဖြင့် အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပြီး ယင်း Account မှ သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့ဖလှယ်ခြင်း၊ အစီရင်ခံစာများပေးပို့ခြင်း၊ ဗီဒီယိုကွန်ဖရင့်စနစ်အသုံးပြုခြင်းစသည့် လုပ်ငန်းတာဝန်များကို တွင်ကျယ်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဌာနအသီးသီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်အသီးသီးက လုံခြုံစွာဖြင့် Intranet အတွင်းမှ သာဆက်သွယ်အသုံးပြုနိုင်ရန် File Server စနစ် (၁) ခုအား တည်ဆောက်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် USAID-PRLM တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် Automated Case Management System (ACMS) အား Report Form များထုတ်ယူနိုင်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာ Hardware / Software အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုးချဲ့ဖွင့်လှစ်မည့် ခရိုင်တရားရုံး အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဌာနခွဲ ( IP Division)၌ အဆိုပါ Automated Case Management System (ACMS) ကို အသုံးပြုနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် Automated Case Management System (ACMS) အား သက်ဆိုင်ရာ တရားရုံးများက အဆင်ပြေချောမွေ့စွာ ဝင်ရောက်အသုံးပြုနိုင်ရန်အတွက် ACMS Server အား (၂၄) နာရီအသုံးပြုနိုင်ရေးအတွက် Online UPS များ တပ်ဆင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် UNDP တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အမှုအချက်အလက်များကောက်ယူခြင်းစနစ် Data Collection System (DCS) အား မန္တလေးမြို့ပေါ်ရှိ မြို့နယ်တရားရုံး(၄)ရုံးတွင် ရှေ့ပြေးတရားရုံးများအနေဖြင့် စမ်းသပ်အသုံးပြုလျက်ရှိရာ ယင်းစနစ်မှ အမှုသတင်းအချက်အလက်များ မှန်ကန်စွာ ထုတ်ယူနိုင်ရေး၊ အစီရင်ခံစာပုံစံများ ထုတ်ယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

## လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း

### လူ့စွမ်းအားအရင်းအမြစ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သောအခြားတရားရုံးများတွင် တရားသူကြီးအဖြစ်တာဝန်ထမ်းဆောင်ရန် စီရင်ပိုင်ခွင့်အာဏာအရပ်ရပ်ကိုအပ်နှင်းခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ခြင်းတို့ပြုလုပ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင်တာဝန်ထမ်းဆောင်သော တရားရေးအရာရှိ / တရားသူကြီး ၁၂၈၄ ဦးနှင့် ရုံးဝန်ထမ်း ၃၉၄၉ ဦးရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက်အင်အားစာရင်းကို**နောက်ဆက်တွဲ (ခ)** အဖြစ်လည်းကောင်း၊ ပြန်နားတီးသွားသည့် ဝန်ထမ်းအင်အားစာရင်းကို **နောက်ဆက်တွဲ (ဂ)** အဖြစ်လည်းကောင်းဖော်ပြထားပါသည်။



## Covid 19 ကာလအတွင်းရောဂါကူးစက်ခံရမှု

Covid 19 ကပ်ရောဂါဖြစ်ပွားနေသည့်ကာလတွင် တရားရေးအရာရှိ၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများသည် Coronavirus Disease 2019 (Covid 19) ကာကွယ်ထိန်းချုပ်ကုသရေး၊ အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် နည်းလမ်းများနှင့်အညီ ရုံးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်။ ထိုကာလအတွင်း တရားသူကြီး (၈) ဦး နှင့် တရားရုံးဝန်ထမ်း (၂၅) ဦးတို့အား Coronavirus Disease 2019(Covid 19) ရောဂါကူးစက်ခံခဲ့ရပါသည်။ တရားသူကြီး၊ တရားရေးအရာရှိ (၁၁၄) ဦးနှင့်တရားရုံးဝန်ထမ်း(၁၇၁) ဦးတို့အား ရောဂါပျံ့နှံ့မှုကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ Quarantine Centre များနှင့် နေအိမ်များတွင် သီးခြားနေထိုင်စေခဲ့ပါသည်။

## လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ

ပြည်သူအများယုံကြည်အားထားရသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာရေးအတွက်တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း ဒုတိယမြို့နယ်တရားသူကြီးအသစ်များအတွက် လုပ်ငန်းဝင်သင်တန်း (၁) ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး ဒုတိယမြို့နယ်တရားသူကြီး (၈၀) ဦးတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ဒုတိယမြို့နယ်တရားသူကြီးအသစ်များ သင်တန်းပြီးဆုံးပြီးနောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများရှေ့မှောက်တွင်ကျမ်းကျိန်ဆို၍ ဒုတိယမြို့နယ်တရားသူကြီးများအဖြစ်ခန့်အပ်ခဲ့ပါသည်။



*ဒုတိယမြို့နယ်တရားသူကြီးများ ကျမ်းသစ္စာပြုစဉ်*



*ဒုတိယမြို့နယ်တရားသူကြီးများကျမ်းသစ္စာပြုစဉ်*

## အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း

အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် USAID–PRLMနှင့် ပူးပေါင်း၍ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများအတွက် တရားရုံးစစ်တမ်းများကောက်ယူခြင်းသင်တန်း၊ Case Tracking Data base သင်တန်း၊ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) သင်တန်း၊ ဒိန်းမတ်–မြန်မာအစီအစဉ်နှင့် ပူးပေါင်း၍ “Roll-out Training on Judicial Code of Ethics and Accountability” သင်တန်းတို့ကို ဖွင့်လှစ်၍ တရားရေးအရာရှိ၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။

Covid 19 ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ၂၀၂၁ ခုနှစ်တွင် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် တရားရုံးများအတွက် တရားရုံးစစ်တမ်းများကောက်ယူခြင်း၊ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်၊ Case Tracking Database သင်တန်း (၂၈) ခုကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပို့ချပေးခဲ့ရာ တရားရေးအရာရှိ ၊ တရားသူကြီး (၆၇၈) ဦး၊ စာရေးဝန်ထမ်း (၁၄၁၇) ဦးတို့အား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

Covid 19 ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ဒိန်းမတ်–မြန်မာအစီအစဉ်နှင့်ပူးပေါင်း၍ “Roll-out Training on Judicial Code of Ethics and Accountability” သင်တန်းစုစုပေါင်း (၉) ခုကို Video Conference ဖြင့် ပို့ချပေးခဲ့ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိတရားရုံးများမှတရားရေးအရာရှိ / တရားသူကြီး (၁၈၁) ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။

## အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း

အထူးပြုဥပဒေဘာသာရပ်များတွင်ကျွမ်းကျင်မှုရှိစေရန် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာအကူအညီဖြင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်ခဲ့ရာ ‘ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ’ နှင့် ပူးပေါင်း၍ ‘တရားမမှုများတွင် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍

ဥပဒေမူဘောင်ပေါ်ပေါက်ရေး’ အတွက် ဆွေးနွေးပွဲ (၁) ကြိမ်၊ ‘ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ’ နှင့်ပူးပေါင်း၍ ‘တရားမမှုများတွင်တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအရာရှိများသင်တန်း’ (၁)ကြိမ်၊ တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ (၁) ကြိမ်၊ ‘အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်းနှင့် ပူးပေါင်း၍ ‘ကူးသန်းရောင်းဝယ်ရေးမှုခင်းဆိုင်ရာတရားရုံး အကောင်အထည်ဖော်ဆောင်ရွက်ရေး ’ အတွက် အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ်၊ ‘အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း’ နှင့်ပူးပေါင်း၍ ‘အယူခံတရားရုံးများအတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဖွံ့ဖြိုးတိုးတက်ရေး’ အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ်၊ ဒိန်းမတ်-မြန်မာအစီအစဉ်နှင့်ပူးပေါင်း၍ 3rd Refresher ToT on Judicial Code of Ethics and Accountability and Learning Seminar (၁)ကြိမ် တို့ကိုကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ထို့ပြင် ‘The Family Justice Courts and State Courts of Singapore’ နှင့် ပူးပေါင်း၍ ‘ Covid 19 ကာလအတွင်း အွန်လိုင်းမှစေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း’ နှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲ (၁) ကြိမ်၊ ‘ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ’ နှင့် ပူးပေါင်း၍‘တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်’နှင့်စပ်လျဉ်း၍စစ်တမ်းကောက်ယူခြင်း ဆိုင်ရာဆွေးနွေးပွဲ (၁) ကြိမ်၊ တရားမမှုများအား စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်း ကျွမ်းကျင်မှုသင်တန်း(၂) ကြိမ်နှင့် ဆွေးနွေးပွဲ (၂) ကြိမ် “အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်း၍ လူမွဲခံယူခြင်းဆိုင်ရာဥပဒေတွင် တရားသူကြီးများ၏အခန်းကဏ္ဍ” အလုပ်ရုံဆွေးနွေးပွဲ (၂) ကြိမ်တို့ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။




*‘တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ဥပဒေမူဘောင်ပေါ်ပေါက်ရေး’ အတွက် ဆွေးနွေးပွဲကျင်းပစဉ်*




‘တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့်
စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍
ဥပဒေမူဘောင်ပေါ်ပေါက်ရေး’ အတွက်
ဆွေးနွေးပွဲကျင်းပစဉ်




‘တရားမမှုများတွင်
တရားရုံးက ဦးဆောင်သည့်
စေ့စပ်ဖြေရှင်းရေး ဆိုင်ရာ
စေ့စပ်ဖြေရှင်းရေးအရာရှိ
သင်တန်း’ ကျင်းပစဉ်




USAID – PRLM နှင့်ပူးပေါင်း၍
ကူးသန်းရောင်းဝယ်ရေးမှုခင်းဆိုင်ရာတရားရုံး
အကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်
ဖွံ့ဖြိုးမှုအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




*Denmark-Myanmar နှင့်ပူးပေါင်း၍ Refresher Training and Roll-out Training Workshop ကျင်းပပြုလုပ်ခြင်း*




*USAID – PRLMနှင့်ပူးပေါင်း၍ 'အယူခံတရားရုံးများအတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဖွံ့ဖြိုးတိုးတက်ရေး' အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း*

## ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကလေးသူငယ်တရားစီရင်ရေးဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပခြင်း

Covid-19 ကာလအတွင်း ကလေးသူငယ်နှင့်အမျိုးသမီးများအတွက် တရားရုံးများ၏စီမံဆောင်ရွက်မှု၊ ကလေးသူငယ်မှုခင်းများစစ်ဆေးစီရင်မှု၊ဆက်စပ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်မှုများအပြင် ၂၀၁၉ ခုနှစ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအာဏာသက်ရောက်ပြီးနောက်ပိုင်းကလေးသူငယ်မှုခင်းများ စစ်ဆေးစီရင်မှုအခြေအနေတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကလေးသူငယ်တရားသူကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နှင့်တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးမှ
ကလေးသူငယ် တရားသူကြီးများ
ကလေးသူငယ်မှုခင်းများ
စစ်ဆေးမှုအခြေအနေကိုဗီဒီယိုကွန်ဖရင့်
အသုံးပြု၍ ဆွေးနွေးစဉ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်
တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးမှကလေး
သူငယ်တရားသူကြီးများကလေးသူငယ်မှုခင်းများ
စစ်ဆေးမှုအခြေအနေကိုဗီဒီယိုကွန်ဖရင့်
အသုံးပြု၍ဆွေးနွေးစဉ်



## ပညာတော်သင်များစေလွှတ်ခြင်း၊အဆင့်မြင့်ပညာများဆက်လက်သင်ကြားစေခြင်း

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်တွင်းတက္ကသိုလ်များတွင် မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး (၆) ဦး၊ ဥပဒေပါရဂူဘွဲ့ (ကျမ်းပြု) သင်တန်းသို့ တရားသူကြီး (၆) ဦး၊ နိုင်ငံခြားပညာတော်သင်အစီအစဉ်ဖြင့် ဥပဒေပါရဂူဘွဲ့သင်တန်းသို့ တရားသူကြီး (၃) ဦး၊ မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး (၃) ဦးတို့အား တက်ရောက်သင်ကြားစေလျက်ရှိပါသည်။

ထို့အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးတရားလွှတ်တော်များတွင် တရားရုံးဝန်ထမ်းများအတွက် အခြေခံကွန်ပျူတာသင်တန်း၊ ကွန်ပျူတာ Excel သင်တန်း၊ တရားရုံးဝန်ထမ်းများအရည်အသွေးမြှင့်သင်တန်း၊ရုံးလုပ်ငန်းဆိုင်ရာအရည်အသွေးမြှင့်တင်ရေးမွမ်းမံသင်တန်း၊ ဆင့်စာလုလင်များအတွက် ဆင့်စာချအပ်နည်းသင်တန်း စုစုပေါင်းသင်တန်း (၂၉) ခုအား ပြုလုပ်ခဲ့ပြီး၊ တရားရုံးဝန်ထမ်း(၂၅၆)ဦးအား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။



ပညာသင်
ဥပဒေပါရဂူ - (၃) ဦး(ပြည်ပ)
ဥပဒေပါရဂူ - (၆) ဦး(ပြည်တွင်း)
မဟာဥပဒေဘွဲ့ - (၃) ဦး(ပြည်ပ)
မဟာဥပဒေဘွဲ့ - (၆) ဦး(ပြည်တွင်း)

# တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့်တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ နေထိုင်ရေးအဆင်ပြေစေရန် ဆောင်ရွက်ခြင်း

## တရားရုံးအသစ်များဆောက်လုပ်ခြင်း

၂၀၂၀ ပြည့်နှစ်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ချင်းတွင်းလမ်းနှင့် တရားရုံးလမ်းထောင့်ရှိ ဥတ္တရခရိုင်တရားရုံးအဆောက်အဦကို စတင်ဆောက်လုပ်ခဲ့ပါသည်။ တံတားဦးမြို့နယ်တရားရုံး၊ သဃ်န်းကျွန်းမြို့နယ်တရားရုံး၊ နောင်မွန်းမြို့နယ်တရားရုံး၊ မိုးညှင်းခရိုင်နှင့်မြို့နယ် တရားရုံးအချုပ်ခန်းတို့ကို တရားရုံးအဆောက်အဦ စံချိန်းစံညွှန်းများနှင့်အညီဆောက်လုပ်ပြီးစီးခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ချင်းပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ ဇေယျာသီရိမြို့နယ်တရားရုံး၊ ဒေါပုံမြို့နယ်တရားရုံး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၊ ပန်းတောင်းမြို့နယ်တရားရုံး၊ ကန့်ဘလူခရိုင်နှင့်မြို့နယ်တရားရုံး၊ ဥတ္တရခရိုင်တရားရုံးတို့မှာ ဆောက်လုပ်ဆဲဖြစ်ပါသည်။



*"ပြည်ထောင်စုတရားသူကြီးချုပ်မှ ဥတ္တရခရိုင်တရားရုံးအဆောက်အဦ ပန္နက်တော်တင်တွင်းတော်ဝန်း ပေးခြင်း"*



*ဥတ္တရခရိုင်တရားရုံးအဆောက်အဦ ပုံစံ(မူကြမ်း) နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ချင်းတွင်းလမ်း*



တံတားဦး မြို့နယ်တရားရုံး



သဃ်နိးကျွန်း မြို့နယ်တရားရုံး

## ဝန်ထမ်းအိမ်ရာအသစ်များဆောက်လုပ်ခြင်း

ဝန်ထမ်းများသက်သာချောင်ချိရေး၊ လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများကိုလည်း ဖြည့်တင်းဆောက်လုပ်ပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း အင်းစိန် (ဘိုကုန်း) ၆ ခန်းတွဲ ၄ ထပ် ဝန်ထမ်းအိမ်ရာကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ သဃ်နိးကျွန်းမြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာကို စတင်ဆောက်လုပ်ရန် ဆောင်ရွက်လျက်ရှိပါသည်။



*အင်းစိန်*
*(ဘိုကုန်း)*
*ဝန်ထမ်းအိမ်ရာ*

## တရားရုံးလုပ်ငန်းနှင့် တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လက်အောက်တရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများကိုလည်းကောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းလိုက်နာမှုတို့ကို ကြီးကြပ်ဆောင်ရွက်ပါသည်။ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်းနှင့် တာဝန်ထမ်းဆောင်ရာတွင် မှားယွင်းမှုတို့အတွက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိုက်သင့်သောအရေးယူဆောင်ရွက်မှုပြုလုပ်ပါသည်။

ထို့အပြင်တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ထံ လိပ်မူတိုင်ကြားမှုများနှင့် နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ လွှတ်တော်များ၊ လွှတ်တော်ကော်မတီများမှ တစ်ဆင့်ပေးပို့တိုင်ကြားမှုများကိုလည်းနည်းလမ်းတကျစိစစ်၍အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ်ရုံးအဖွဲ့သည် တိုင်ကြားစာအမျိုးအစားအလိုက်စာရင်းရေးသွင်း၍ ကနဦးစိစစ်ပါသည်။ တိုင်ကြားစာတွင် တိုင်ကြားသူ၏ လိပ်စာမှန်ကန်စွာဖော်ပြ၍ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန်မဟုတ်သည့် တရားရုံး၏ဆောင်ရွက်မှုအပေါ် တိုင်ကြားစာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦးဦးဆောင်သည့် တိုင်ကြားစာစိစစ်ပြန်ကြားရေးကော်မတီက စုံစမ်းစစ်ဆေးပြီးအရေးယူဆောင်ရွက်ပါသည်။

၁-၁-၂၀၂၀ မှ ၃၁-၁၂-၂၀၂၀ ရက်နေ့အထိ လက်ခံရရှိခဲ့သည့်တိုင်ကြားစာ (၂၃၆၁) စောင်တွင် (၂၃၄၄) စောင် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး၊ ကျန်တိုင်ကြားစာ (၁၇) စောင်မှာ စုံစမ်းစစ်ဆေးမှုပြုလုပ်ဆဲဖြစ်ပါသည်။ စုံစမ်းစစ်ဆေးချက်အရ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန်တိုင်ကြားစာ (၁၃၈၃) စောင်နှင့် တိုင်တန်းမှု မမှန်ကန်သည့်တိုင်ကြားစာ(၉၅၇) စောင်ကို ပိတ်သိမ်းခဲ့ပါသည်။ ဥပဒေလုပ်ထုံး၊ လုပ်နည်းမလိုက်နာခြင်းနှင့်နိုင်ငံ့ဝန်ထမ်းဥပဒေကိုလိုက်နာရန် ပျက်ကွက်ခြင်း၊ မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ဖောက်ဖျက်ခြင်းတို့ပေါ်ပေါက်သည့်တိုင်ကြားစာ (၄) စောင်ကိုအရေးယူဆောင်ရွက်ခဲ့ပါသည်။

| ပေးပို့သည့်ဌာန | ရရှိသည့် တိုင်စာ | စုံစမ်းစစ်ဆေး ဆောင်ရွက်မှု | | | |
|---|---|---|---|---|---|
| | | စုံစမ်းစစ် ဆေးမှု ပြုလုပ်ဆဲ | တရားစီရင်ရေး လမ်းကြောင်းအရ ဆောင်ရွက်ရန် ပိတ်သိမ်းခြင်း | တိုင်တန်းမှု မမှန်ကန်၍ ပိတ်သိမ်း ခြင်း | အရေးယူ ပြီး ပိတ်သိမ်း ခြင်း |
| နိုင်ငံတော်သမ္မတရုံး/ နိုင်ငံတော်သမ္မတရုံး (ကော်မတီ) | ၃၃ | - | ၃၃ | - | - |
| ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော် / ပြည်ထောင်စုလွှတ်တော်/ အခြားဌာနများ | ၃၈ | ၁ | ၃၇ | - | - |
| ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ | ၂ | - | ၂ | - | - |
| အဂတိလိုက်စားမှုတိုက် ဖျက်ရေးကော်မရှင် | ၁၈ | ၆ | - | ၉ | ၃ |
| ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့်အသနားခံ စာဆိုင်ရာကော်မတီ | ၁၆၈ | ၆ | ၁၆၂ | - | - |
| မြန်မာနိုင်ငံအမျိုးသားလူ့ အခွင့်အရေးကော်မရှင် | ၅ | - | ၅ | - | - |
| ပြည်ထောင်စုတရားသူကြီး ချုပ်ထံ လိပ်မူမိတ္တူပေးပို့ သည့်စာ | ၂၀၉၇ | ၄ | ၁၁၄၄ | ၉၄၈ | ၁ |
| | ၂၃၆၁ | ၁၇ | ၁၃၈၃ | ၉၅၇ | ၄ |

ထို့အပြင် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်းမလိုက်နာခြင်း၊စီမံခန့်ခွဲမှုအားနည်းခြင်း တို့အတွက် အရေးယူဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရား လွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိ / တရားသူကြီး (၇၁) ဦး၊ ရုံးဝန်ထမ်း

(၇၆) ဦး၊ စုစုပေါင်း (၁၄၇) ဦးတို့အား ရာထူးအလိုက်ဝန်ထမ်းပြစ်ဒဏ်ချမှတ်ခဲ့မှုအခြေအနေကို **နောက်ဆက်တွဲ (ဃ)** တွင် ဖော်ပြထားပါသည်။

## ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့်ကြီးကြပ်ကွပ်ကဲအရေးယူခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေနှင့် အလုပ်သင်ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုရန်လျှောက်ထားသည့် လျှောက်လွှာများကို ရှေ့နေရှေ့ရပ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်ပြီး ဥပဒေနှင့်ညီညွတ်သူများအား ရှေ့နေလုပ်ငန်းများဆောင်ရွက်နိုင်ရန် စာရင်းတင်သွင်းခွင့်ပြုလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း ရှေ့နေအလုပ်သင်အဖြစ်လျှောက်ထားသူ (၂၀၀၁) ဦးအား အလုပ်သင်ဆင်းခွင့်ပြုခြင်း၊ အထက်တန်းရှေ့နေအဖြစ်စာရင်း တင်သွင်းခွင့်လျှောက်ထားသူ (၁၉၃၉) ဦး၊ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်လျှောက်ထားသူ (၄၄၀)ဦးတို့အား ရှေ့နေလိုင်စင်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရှေ့နေအဖြစ် စာရင်းတင်သွင်းလိုက်ပါဆောင်ရွက်ခွင့်ပြုထားသူများအား ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ မရှိကိုလည်းကောင်း၊ တည်ဆဲဥပဒေအရပ်ရပ်ကို လေးစားလိုက်နာခြင်း ရှိ မရှိကိုလည်းကောင်း၊ အစဉ်တစိုက်ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် အရေးယူပေးရန် တိုင်စာ (၁၇၆) စောင် လက်ခံရရှိခဲ့ပါသည်။

တိုင်ကြားစာများအပေါ် ကနဦး စိစစ်တွေ့ရှိချက်နှင့် စုံစမ်းစစ်ဆေးမှု ပေါ်ပေါက်ချက်များအရ ဆက်လက်အရေးယူဆောင်ရွက်ရန် အကြောင်းမပေါ်ပေါက်သည့် တိုင်ကြားစာ (၆၆) စောင်အား ပိတ်သိမ်းခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် ပြုလုပ်ဆဲစုံစမ်းစစ်ဆေးမှုများမှာ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာဖောက်ဖျက်ခြင်းအတွက် တိုင်ကြားစာ (၃၅) စောင်၊ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံရခြင်းအတွက် တိုင်ကြားစာ (၄၀) စောင်ဖြစ်ပါသည်။

| ပေးပို့သည့်ဌာန | ရရှိသည့်တိုင်စာ | ဆောင်ရွက်ဆဲ | | အရေးယူခံရသည့်ပြစ်ဒဏ်အမျိုးအစားနှင့်ရှေ့နေအရေအတွက် | | | ဆက်လက်အရေးယူဆောင်ရွက်ရန်အကြောင်းမပေါ်ပေါက်၍ပိတ်သိမ်းခြင်း |
|---|---|---|---|---|---|---|---|
| | | စုံစမ်းစစ်ဆေးမှုဆောင်ရွက် | ပြစ်မှုကြောင်းအရအရေးယူမှု ဆောင်ရွက် | ထုတ်ပစ်/ထုတ်ပယ် | ရပ်ဆိုင်း | သတိပေး | |
| ပြည်ထောင်စုတရားသူကြီးချုပ်ထံ လိပ်မူမိတ္တူပေးပို့သည့်စာ | ၃၅ | ၁၈ | ၅ | ၁ | ၆ | ၈ | ၁၉ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်/ အခြားဌာနများ | ၄၉ | ၁ | - | - | - | - | ၂ |
| အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် | ၉ | ၄ | - | - | ၃ | - | ၁ |
| ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့် အသနားခံစာ ဆိုင်ရာကော်မတီ | ၁ | - | - | - | - | - | - |
| မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် | ၁ | - | - | - | - | - | ၁ |
| ပြည်ထောင်စု ရှေ့နေချုပ်ရုံး | ၂ | - | - | - | - | ၁ | ၂ |
| တရားလွှတ်တော်ရှေ့နေ များကောင်စီမှပေးပို့ သည့်စာ | ၅၅ | ၉ | - | - | ၄ | ၁ | ၃၉ |
| ပြည်နယ်/တိုင်းဒေသကြီး တရားရေးဦးစီးမှူးများ မှတစ်ဆင့် ပေးပို့သည့်စာ | ၂၄ | ၃ | ၃၅ | ၈ | ၇ | ၃ | ၂ |
| | ၁၇၆ | ၃၅ | ၄၀ | ၉ | ၂၀ | ၁၃ | ၆၆ |

စုံစမ်းစစ်ဆေးမှုနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ သဘောထားရယူပြီးနောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အစည်းအဝေးသို့ တင်ပြ၍ တရားလွှတ်တော်ရှေ့နေ (၂၈) ဦးနှင့် အထက်တန်းရှေ့နေ (၁၄) ဦးတို့ကို အရေးယူခဲ့ပါသည်။ တရားလွှတ်တော်ရှေ့နေ (၁၀) ဦး ၊ အထက်တန်းရှေ့နေ (၁၀) ဦးတို့အား အမှုလိုက်ပါခွင့်ရပ်ဆိုင်းခြင်း၊ တရားလွှတ်တော်ရှေ့နေ (၅) ဦး၊ အထက်တန်းရှေ့နေ (၄) ဦးတို့အား ရှေ့နေအဖြစ်မှထုတ်ပယ်ခြင်း/ ထုတ်ပစ်ခြင်း၊ တရားလွှတ်တော်ရှေ့နေ (၁၃) ဦးအား ပြင်းထန်စွာသတိပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ရှေ့နေရှေ့ရပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာဖောက်ဖျက်သူ (၁၆) ဦး၊ အမှုသည်များနှင့် ပတ်သက်သည့် ကျင့်ဝတ်သိက္ခာဖောက်ဖျက်သူ (၆) ဦး၊ တရားရုံးများအပေါ် မထီမဲ့မြင်ပြုလုပ်သူ (၁) ဦး၊ ရာဇဝတ်ကြောင်းအရ ပြစ်ဒဏ်ချမှတ်ခံရသူ (၁၉) ဦးဖြစ်ပါသည်။ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေ များအပေါ် အရေးယူဆောင်ရွက်မှု အခြေအနေအား **နောက်ဆက်တွဲ ( င )** တွင်ဖော်ပြထားပါသည်။

## ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း

Covid 19 ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၁) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့် လျှောက်ထားသူ ၁၆၄ ဦးအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဆောင်ရွက်ပေးခဲ့ပါသည်။



*ပထမအကြိမ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပစဉ်*

## ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေးဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၈ နှင့် အညီ ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်ခံနေရသူများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများက ရဲတပ်ဖွဲ့အချုပ်စခန်း (၉၁) ခု၊ အကျဉ်းထောင် (၁၄) ခုနှင့် ရဲဘက်စခန်း (၂) ခု တို့အားလည်းကောင်း၊ ခရိုင်အဆင့်တရားသူကြီးများက ရဲတပ်ဖွဲ့အချုပ်စခန်း (၂၄၄) ခု၊အကျဉ်းထောင် (၅) ခု၊ ရဲဘက်စခန်း (၅) ခုသို့လည်းကောင်း သွားရောက်စစ်ဆေး၍ အကျဉ်းသားနှင့်အချုပ်သားများအတွက် လိုအပ်သည်များကိုလမ်းညွှန်ဆောင်ရွက်ပေးခဲ့ပါသည်။

## နိုင်ငံတော်ဘဏ္ဍာငွေသို့ တရားရုံးများမှ ကောက်ခံပေးသွင်းသည့် ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံရရှိခြင်း

### *ရုံးခွန်*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်တော်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှလည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများနှင့်သက်ဆိုင်သူများမှလည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းများ ထမ်းဆောင်ရရှိငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| တရားရုံးများ | ရုံးခွန်ရရှိငွေ |
|---|---|
| ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၁၆၄၇၁၁၁၆၃.၁၅ ကျပ် |
| တိုင်းဒေသကြီး၊ပြည်နယ်တရားလွှတ်တော်များ | ၄၆၆၅၂၉၉၁၄.၇၃ ကျပ် |
| ခရိုင်တရားရုံးများ | ၁၇၃၆၇၅၄၅၃၃.၀၂ ကျပ် |
| မြို့နယ်တရားရုံးများ | ၃၆၄၆၇၉၆၁၃.၁၃ ကျပ် |
| စုစုပေါင်း | ၂၇၃၂၆၇၅၂၂၄.၀၃ ကျပ် |

*ဒဏ်ငွေ*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသောဒဏ်ငွေများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရငွေများအဖြစ် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်းပါသည်။

တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသောရာဇဝတ်မှုများကို စီရင်ဆုံးဖြတ်ရာတွင် ဒဏ်ငွေတပ်သည့်အမှုများ ပါဝင်ပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်းတရားရုံးအဆင့်ဆင့်ကတပ်ရိုက်သည့်ဒဏ်ငွေနှင့် ကောက်ခံရရှိသည့်ဒဏ်ငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| တရားရုံးများ | တပ်ရိုက်ဒဏ်ငွေ | ကောက်ခံရဒဏ်ငွေ | ယခင်ကာလအပါအဝင် ကြွေးကျန် |
|---|---|---|---|
| တိုင်းဒေသကြီး၊ပြည်နယ် တရားလွှတ်တော်များ | ၇၉၀၀၀၀/-ကျပ် | ၇၉၀၀၀၀/-ကျပ် | - |
| ခရိုင်တရားရုံးများ | ၁၂၁၇၄၃၀၀/-ကျပ် | ၁၂၁၇၄၃၀၀/-ကျပ် | ၂၁၄၀၅၀၀/-ကျပ် |
| မြို့နယ်တရားရုံးများ | ၆၂၀၉၄၇၄၇၁၀/-ကျပ် | ၆၂၀၇၅၃၄၇၁၀/-ကျပ် | ၂၂၁၂၀၀၀၀/-ကျပ် |

## ဥပဒေ၊နည်းဥပဒေများရေးဆွဲဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀ အရ တရားစီရင်ရေးကဏ္ဍပါ ကိစ္စရပ်များအတွက် ဥပဒေမူကြမ်းများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၀ ပြည့်နှစ်အတွင်း လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ၊ အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများ၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ၊ လူမွဲခံယူခြင်း ဆိုင်ရာနည်းဥပဒေများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူ ဆောင်ရွက်ခဲ့သောဥပဒေ၊ နည်းဥပဒေ၊ ပြင်ဆင်ခဲ့သည့် နည်းဥပဒေများစာရင်းကို **နောက်ဆက်တွဲ (စ)** တွင် ဖော်ပြထားပါသည်။

## အသိပညာပေးလုပ်ငန်းများနှင့်ပွင့်လင်းမြင်သာမှုရှိရန်ဆောင်ရွက်မှုများ

### *တိုင်းဒေသကြီး၊ပြည်နယ်တရားလွှတ်တော်များ၏ Website များလွှင့်တင်ခြင်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ အများပြည်သူ၏ အသိအမြင်ကိုမြှင့်တင်ပေးရန်နှင့် ရှေ့နေရှေ့ရပ်၊ အမှုသည်၊ ဆက်စပ်အဖွဲ့အစည်းများစသည့် တရားရုံးအသုံးပြုသူများအပြင် တရားစီရင်ရေးဆိုင်ရာသတင်းအချက်အလက်များကို စိတ်ဝင်စားသည့်ပြည်သူများ လွယ်ကူစွာအသုံးပြုနိုင်ရန် တိုင်းဒေသကြီး၊ပြည်နယ်တရားလွှတ်တော်များ၏ Website များကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှ စတင်၍လွှင့်တင်ပေးခဲ့ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ Website အမည်များကို **နောက်ဆက်တွဲ (ဆ)**တွင် ဖော်ပြထားပါသည်။

### *၂၀၁၉ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စတုတ္ထအကြိမ်မြောက်တရားရုံးနှစ်စဉ်အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ဝေခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏တရားစီရင်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များနှင့် တရားစီရင်ရေးကဏ္ဍ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအား ပြည်တွင်းပြည်ပမှအများပြည်သူသိရှိနိုင်ရန်၊ တရားစီရင်ရေးလုပ်ငန်းများပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊တရားရုံးများ၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျအကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် တရားရုံးနှစ်စဉ်အစီရင်ခံစာအား ထုတ်ဝေလျက်ရှိပါသည်။




### *မြန်မာနိုင်ငံတရားစီရင်ထုံး (၂၀၁၉) ထုတ်ဝေခြင်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှချမှတ်ခဲ့သည့်စီရင်ချက်များအနက်ဥပဒေပြဿနာ၊အကြောင်းခြင်းရာ ပြဿနာများနှင့်စပ်လျဉ်း၍ စံပြုထိုက်သောစီရင်ချက်များကို မြန်မာနိုင်ငံတရားစီရင်ထုံးများအဖြစ် စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိရာ မြန်မာနိုင်ငံတရားစီရင်ထုံး (၂၀၁၉)အား အစီရင်ခံသည့်နှစ်အတွင်း ထုတ်ဝေခဲ့ပါသည်။ အဆိုပါစီရင်ထုံးစာအုပ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website တွင်လည်း ဖတ်ရှုနိုင်ပါသည်။




## တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်း

### *ဒေသတွင်းတရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ခြင်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး၊ တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများမှတဆင့် ဥပဒေဆိုင်ရာအသိပညာဗဟုသုတများဖလှယ်နိုင်ရေးတို့အတွက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ဒေသတွင်းနှင့် နိုင်ငံတကာတွင်ကျင်းပပြုလုပ်သည့် ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အခမ်းအနားများသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ပညီလာခံ၊ သင်တန်း၊ ဆွေးနွေးပွဲနှင့် လေ့လာရေးခရီး (၉) ခုသို့ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့်တရားရေးအရာရှိစုစုပေါင်း (၁၉) ဦး ပါဝင်တက်ရောက်ဆွေးနွေးနိုင်ခဲ့ပါသည်။

ဗီဒီယိုကွန်ဖရင့်ဖြင့်ပြုလုပ်သည့် ပြည်တွင်းပြည်ပညီလာခံ၊ သင်တန်း၊ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခမ်းအနား (၁၈) ခုသို့ တရားရုံးအဆင့်ဆင့်မှတရားသူကြီးများနှင့် တရားရေးအရာရှိစုစုပေါင်း (၅၃)ဦး ပါဝင်တက်ရောက် ဆွေးနွေးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် (၈) ကြိမ်မြောက်အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး **"The 8th Council of ASEAN Chief Justices' Meeting"** သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့ပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဗီဒီယိုကွန်ဖရင့်ဖြင့်တက်ရောက်ခဲ့သည့် ပြည်ပအစည်းအဝေး /ဆွေးနွေးပွဲများစာရင်းကို **နောက်ဆက်တွဲ (ဇ)** အဖြစ်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများတက်ရောက်ခဲ့သည့် ပြည်ပအစည်းအဝေး/ဆွေးနွေးပွဲများစာရင်းကို **နောက်ဆက်တွဲ (ဈ)** အဖြစ်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ တက်ရောက်ခဲ့သည့် ပြည်ပအစည်းအဝေး/ဆွေးနွေးပွဲများစာရင်းကို **နောက်ဆက်တွဲ (ည)** အဖြစ် လည်းကောင်း ဖော်ပြထားပါသည်။




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသော
(၈) ကြိမ်မြောက်
အာဆီယံတရားသူကြီးချုပ်များကောင်စီ
အစည်းအဝေးသို့ တက်ရောက်စဉ်




ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသော
(၈) ကြိမ်မြောက်အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးတွင်အဖွင့်အမှာစကားပြောကြားစဉ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီးဦးအောင်ဇော်သိန်း
ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်
ကျင်းပသော
"ပတ်ဝန်းကျင်ပြောင်းလဲခြင်းဆိုင်ရာ
အာရှ ပစိဖိတ် တရားရေးညီလာခံ၊
ကိုဗစ်-၁၉ကာလအတွင်း
တရားစီရင်ရေး" သို့တက်ရောက်စဉ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီးဦးအောင်ဇော်သိန်း
ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်
ကျင်းပသော
"ပတ်ဝန်းကျင်ပြောင်းလဲခြင်းဆိုင်ရာ
အာရှ ပစိဖိတ် တရားရေးညီလာခံ၊
ကိုဗစ်-၁၉ကာလအတွင်း
တရားစီရင်ရေး" သို့တက်ရောက်စဉ်






ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးဝင်း အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့နှင့် နယူးယောက်မြို့များသို့ "တရားစီရင်ရေး လေ့ကျင့်သင်ကြားရေးဆိုင်ရာ လေ့လာရေးခရီး" သွားရောက်စဉ်



*ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးနိုင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင်ကျင်းပပြုလုပ်သည့်*

*"အပြည်ပြည်ဆိုင်ရာတရားရေးညီလာခံ" တွင်စာတမ်းဖတ်ကြားစဉ်*

## *အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂)၏ တတိယနှစ် အစီအစဉ် (၂၀၂၀) ပါ မဟာဗျူဟာရည်မှန်းချက်များနှင့် မဟာဗျူဟာအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းအဖွဲ့ (၄) ဖွဲ့ ဖွဲ့စည်း၍ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့်ပူးပေါင်းဆောင်ရွက်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းအဖွဲ့ (၁) 'ဥပဒေပြဋ္ဌာန်းရေးအတွက်အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့'၊ လုပ်ငန်းအဖွဲ့ (၂) 'လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ပေးခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့'၊ လုပ်ငန်းအဖွဲ့(၃) 'စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာလုပ်ငန်းအဖွဲ့ ၊ လုပ်ငန်းအဖွဲ့ (၄) 'တရားမမှုခင်းများတွင်တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့'များကို ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးသူငယ်များရန်ပုံငွေအဖွဲ့ ( UNICEF )၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း ( USAID–PRLM)၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP)၊ ဒိန်းမတ်–မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအစီအစဉ် ( DP)တို့နှင့် အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်္ကာပူသမ္မတနိုင်ငံ၊ ဥပဒေရေးရာ ဝန်ကြီးဌာနတို့၏ ဥပဒေရေးရာအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့ပါသည်။




*ဒိန်းမတ်-မြန်မာအစီအစဉ်အရ (၆) ကြိမ်မြောက်ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပစဉ်*

ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက်လက်ခံတွေ့ဆုံခဲ့သည့် နိုင်ငံတကာကိုယ်စားလှယ်များစာရင်းကို**နောက်ဆက်တွဲ (ဋ)** တွင်ဖော်ပြထားပါသည်။



*ပြည်ထောင်စုတရားသူကြီးချုပ်က စင်ကာပူသမ္မတနိုင်ငံ၊ တရားသူကြီးချုပ်* **The Hon. Sundaresh Menon** *နှင့် အဖွဲ့အားလက်ခံတွေ့ဆုံစဉ်*



ပြည်ထောင်စုတရားသူကြီးချုပ်က
ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း
ဆောင်ရွက်ရေးအေဂျင်စီ JICA
မြန်မာရုံး၏ Chief Representative
ဖြစ်သူ Mr. KARASAWA Masayuki
နှင့်အဖွဲ့အားလက်ခံတွေ့ဆုံစဉ်

## တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်များချုပ်ဆိုခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံ၊ တရားလွှတ်တော်ချုပ်တို့အကြား ငွေကြေးဆိုင်ရာစီရင်ချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့်စင်ကာပူသမ္မတနိုင်ငံတို့တွင် နိုင်ငံခြားစီရင်ချက်ကို အတည်ပြုရာ၌လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို သဘောတူသတ်မှတ်ထားသည့် "ငွေကြေးဆိုင်ရာစီရင်ချက်များအတည်ပြုရန်လမ်းညွှန်မှုစာချွန်လွှာ" အား ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။




ပြည်ထောင်စုတရားသူကြီးချုပ်နှင့်
စင်ကာပူသမ္မတနိုင်ငံတရားသူကြီးချုပ်တို့
"ငွေကြေးဆိုင်ရာစီရင်ချက်များ
အတည်ပြုရန်လမ်းညွှန်မှုစာချွန်လွှာ" အား
လက်မှတ်ရေးထိုးစဉ်

*ပြည်ထောင်စုတရားသူကြီးချုပ်နှင့်စင်ကာပူသမ္မတ နိုင်ငံတရားသူကြီးချုပ်တို့ “ငွေကြေးဆိုင်ရာစီရင်ချက်များ အတည်ပြုရန်လမ်းညွှန်မှုစာချွန်လွှာအား လဲလှယ်စဉ်”*







*ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူသမ္မတနိုင်ငံတရားလွှတ်တော်ချုပ်တို့ အကြား “ငွေကြေးဆိုင်ရာ စီရင်ချက်များ အတည်ပြုရန် လမ်းညွှန်မှုစာချွန်လွှာ” လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်စဉ်*

တရားစီရင်ရေးဆိုင်ရာ၊ ဥပဒေရေးရာနှင့် တရားမျှတမှုဆိုင်ရာကဏ္ဍများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့အကြား (၇) ကြိမ်မြောက် ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပခဲ့ပြီးအဆိုပါအစည်းအဝေးသဘောတူညီချက်မှတ်တမ်းအားလက်မှတ်ရေးထိုးခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ Ease of Doing Business အညွှန်းကိန်းတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်လွယ်ကူမှု (Ease of Doing Business) ၂၀၂၁ ခုနှစ် အစီရင်ခံစာကာလအတွင်း ပဋိညာဉ်များ အတည်ပြုခြင်း အညွှန်းကိန်း (Enforcing Contracts Indicator) နှင့် ကြွေးမြီမပေးဆပ်နိုင်မှု ဖြေရှင်းတိုးတက်ရေး အညွှန်းကိန်း (Resolving Insolvency Indicator) တိုးတက်ရေးတို့အတွက် ဆောင်ရွက်ခဲ့သည်။

ပဋိညာဉ်များအတည်ပြုခြင်း အညွှန်းကိန်းအတွက် တရားရုံးအဆင့်ဆင့်၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် **Website** တွင်ဖော်ပြခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားမကြီးမှုများ အမှုပြီးပြတ်နှုန်း၊တစ်မှုချင်းအလိုက်အမှုစစ်ဆေးစီရင်ရန်ကြာမြင့်သည့်ကာလတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် **Website** တွင် ဖော်ပြခြင်း၊ မှုခင်းစီမံခန့်ခွဲမှု တရားရုံး (၁၃၄) ရုံး တိုးချဲ့အကောင်အထည်ဖော်ခြင်း၊ အသေးအဖွဲတောင်းဆိုမှုများအတွက် လုပ်ထုံးလုပ်နည်း

များရေးဆွဲရန်လော့လာခြင်းနှင့်မူဝါဒလမ်းညွှန်မှု မူကြမ်းရေးဆွဲခြင်း၊ ခရိုင်တရားရုံးတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မှုခင်းများစစ်ဆေးစီရင်သည့် အထူးဌာနခွဲတစ်ခုကို ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စမ်းသပ်တရားရုံးအဖြစ်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ခြင်း၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ် တိုးချဲ့ဆောင်ရွက်ခြင်း၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအတွက် တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းကို ရေးဆွဲတင်ပြခြင်းတို့ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကြွေးမြီမပေးဆပ်နိုင်မှု ဖြေရှင်းရေးအညွှန်းကိန်းအတွက် လူမွဲခံယူမှုဆိုင်ရာဥပဒေအသစ် ပြဋ္ဌာန်းအတည်ပြုနိုင်ရေးဆောင်ရွက်ခြင်း၊ လူမွဲခံယူမှုဆိုင်ရာနည်းဥပဒေများ ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အပိုင်း (၃)

## တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

### ၂၀၂၀ ပြည့်နှစ် မှုခင်းစစ်ဆေးစီရင်မှုတွင်တွေ့ရှိချက်များနှင့် ၂၀၂၁ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များ

၂၀၂၀ ပြည့်နှစ် မှုခင်းစာရင်းများအရ တစ်နိုင်ငံလုံးရှိတရားရုံးအဆင့်ဆင့်တွင် အမှုစွဲဆိုမှုမှာ ယခင်နှစ်ထက် ၂၉% လျော့နည်းခဲ့ပြီး မှုခင်းများစစ်ဆေးပြီးပြတ်မှုမှာ ယခင်နှစ်ထက် ၃၄ % လျော့နည်းခဲ့သည်ကိုတွေ့ရှိရပါသည်။ တစ်နိုင်ငံလုံး အမှုပြီးပြတ်နှုန်းမှာ ၉၂.၂ % စစ်ဆေးပြီးပြတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အမှုအမျိုးအစား တစ်ခုချင်းအလိုက်စစ်ဆေးပြီးပြတ်မှုတွင် ရာဇဝတ်မှုစစ်ဆေးပြီးပြတ်မှုနှုန်းမှာ ၉၃% ၊ တရားမမှုစစ်ဆေးပြီးပြတ်နှုန်းမှာ ၈၁ % ရှိသည့်အတွက် မဟာဗျူဟာလျာထားချက် ၁၀၀ % ကို ပြည့်မီခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာနှင့် စုစုပေါင်းအမှုပြီးပြတ်မှုနှုန်း လျော့နည်းရခြင်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၄) ရက်နေ့မှစတင်၍ Covid 19 ကပ်ရောဂါဖြစ်ပွားလာခြင်းကြောင့် ကပ်ရောဂါဖြစ်ပွားသည့် အခြေအနေအရ မှုခင်းများကို စစ်ဆေးစီရင်နိုင်ခြင်းမရှိဘဲ ရွှေ့ဆိုင်းခဲ့ရသဖြင့် အမှုပြီးပြတ်မှုရာခိုင်နှုန်း လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် Covid 19 ကပ်ရောဂါဖြစ်ပွားခဲ့မှုကြောင့် အမှုပြီးပြတ်မှု ရာခိုင်နှုန်းများ လျော့နည်းခဲ့ရသော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းများချမှတ်၍ နိုင်ငံတစ်ဝန်း တရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program - NCMP)ကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဗီဒီယိုကွန်ဖရင့်ဖြင့်အမှုများကို စစ်ဆေးခြင်း၊ ကြားနာခြင်း၊ အမိန့်ချမှတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် Covid 19 ကပ်ရောဂါ ကာကွယ် ထိန်းချုပ်မှု အောင်မြင်သည်နှင့်တစ်ပြိုင်နက် စမ်းသပ်တရားရုံးများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကိုတိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက မှုခင်းစစ်ဆေးပြီးပြတ်မှုများ ပိုမိုမြင့်တက်လာမည်ဖြစ်ပြီး၊ တရားရုံးအသုံးပြုသူများ၏ဝန်ထုတ်ဝန်ပိုးများကိုလည်း ပိုမိုလျှော့ချပေးနိုင်မည် ဖြစ်ပါသည်။

တရားစီရင်ရေးပြောင်းလဲတိုးတက်မှုတစ်ရပ်အနေဖြင့် Covid 19 ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း တရားရုံးများတွင် နည်းပညာအသုံးပြုမှုများ ပိုမိုများပြားခဲ့ပါသည်။ အမှုခေါ်စာရင်းများ အွန်လိုင်းမှလွှင့်တင်ခြင်း၊ ဗီဒီယိုကွန်ဖရင့်ဖြင့် ကြားနာခြင်း၊ လျှောက်လဲတင်ပြခြင်း၊ စီရင်ချက်များ ချမှတ်နိုင်ခဲ့ခြင်းများကြောင့် ထူးခြားသည့်ကာလအတွင်း တရားစီရင်ရေး ပိုမိုလျင်မြန်လွယ်ကူအောင်ဆောင်ရွက်နိုင်ခဲ့ရာ တရားစီရင်ရေးမဟာဗျူဟာရည်မှန်းချက်များနှင့်အညီ တရားရုံးနည်းပညာအသုံးပြုမှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ပါက ပြည်သူအများတရားစီရင်ရေးဝန်ဆောင်မှုများကို လက်လှမ်းမီစေရန် ပိုမိုလွယ်ကူစေပြီး မှုခင်းစစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်းများလည်း မြင့်တက်လာမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၂၂) ရုံးနှင့် မြို့နယ်တရားရုံး (၁၀၄) ရုံးတို့တွင်လည်းကောင်း၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများအားလုံးတွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားဆောင်ရွက်ပြီးဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်းများ၊ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု အစီအစဉ်များနှင့် အခြားနည်းဖြင့် မှုခင်းစစ်ဆေးခြင်းနည်းလမ်းများကို ဖော်ထုတ်အသုံးပြုလျက်ရှိရာ ရာဇဝတ်နှင့် တရားမမှုခင်းစစ်ဆေးပြီးပြတ်မှုများ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရန် စွဲဆိုမှုအရေအတွက်နှင့် ကိုက်ညီသည့် အမှုစစ်တရားသူကြီးအရေအတွက်နှင့် တရားရုံးဝန်ထမ်းအရေအတွက် ပြည့်မီအောင် ခန့်အပ်ရန် လိုအပ်လျက်ရှိခြင်းသည် အဓိကအကြောင်းအချက်တစ်ရပ်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ၂၀၂၀ ပြည့် နှစ် စာရင်းဇယားများအရ တရားသူကြီးဦးရေ (၆၈၂)ဦး လစ်လပ်လျက်ရှိပြီး၊ တရားရုံးဝန်ထမ်းဦးရေ (၃၀၂၁) ဦး လစ်လပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။ လက်ရှိတရားရေးအရာရှိ / တရားသူကြီး အရေအတွက်သည် ခွင့်ပြုဝန်ထမ်းအင်အား၏သုံးပုံနှစ်ပုံခန့်သာရှိပြီး၊ တရားရုံးဝန်ထမ်းအရေအတွက်သည် ခွင့်ပြုဝန်ထမ်းအင်အား၏ သုံးပုံနှစ်ပုံထက်ပင် များစွာလျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ ပိုမိုကောင်းမွန်သည့်တရားစီရင်ရေး ရေရှည်တည်တံ့နိုင်ရန်မှာ အခြားလိုအပ်ချက်များသာမက “ဝန်နှင့်အား” မျှတရန် အလွန်အရေးကြီးသည့်အတွက် တရားရေးအရာရှိ/တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများ ခွင့်ပြုအင်အား ပြည့်မီအောင်ခန့်အပ်နိုင်ပါက နှစ်စဉ်မှုခင်းစစ်ဆေးပြီးပြတ်ချက်များနှင့် တရားရုံးဝန်ဆောင်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း အသေးစိတ်ကို **နောက်ဆက်တွဲ (ခ)** တွင် ဖော်ပြထားပါသည်။

## တရားရုံးများ၏စီရင်ပိုင်ခွင့်အာဏာပြောင်းလဲသတ်မှတ်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၀-၃-၂၀၂၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂၃၂/၂၀၂၀ ဖြင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၅၉ အရ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီကို ဖျက်သိမ်းရန်နှင့် ပုဒ်မ ၄၁၇ အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကို ကြီးကြပ်ခြင်းနှင့် စပ်လျဉ်းသည့် လျှောက်ထားမှုများ၊ ပြန်လည်ထူထောင်ခြင်းနှင့် လူမွဲခံယူခြင်းဆိုင်ရာအမှုများအား စစ်ဆေးစီရင်ရန် ယင်းဥပဒေပါ စီရင်ပိုင်ခွင့်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများအား အပ်နှင်းခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၈-၁၂-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၃၀/၂၀၂၀ ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများအား တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ခရိုင်တရားမတရားသူကြီးများ၏ အာဏာများကိုလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၃၂ (၁) အရ တင်သွင်းသောလွှဲအပ်လွှာကိုလည်းကောင်း၊ တန်ဖိုးကျပ်သိန်း ၃၀၀၀၀ ထက်မပိုသည့်တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကိုလည်းကောင်း စီရင်ရန် စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခဲ့ပါသည်။

## မှုခင်းများစစ်ဆေးစီရင်ခြင်း

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ တရားရုံး၏ဆောင်ရွက်ချက်များအား အများသိရှိနိုင်ရန်နှင့်တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းလျာထားသတ်မှတ်ချက်များပြည့်မီနိုင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှု အတိုင်းအတာများကိုနှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း တရားရုံးအဆင့်ဆင့်၏မှုခင်းများစစ်ဆေးစီရင်မှုအခြေအနေကို ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း၊ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း၊ စစ်ဆေးဆဲအမှုများ၏သက်တမ်း၊ အယူခံတက်ရောက်မှုနှုန်း၊ တိုင်းဒေသကြီး ၊ ပြည်နယ်အလိုက် အမှုစွဲဆိုမှုရာခိုင်နှုန်း၊ မှုခင်းပမာဏနှင့်တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု၊ အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားခြင်းစသည့်စံနှုန်းများပေါ်မူတည်၍နှိုင်းယှဉ်ဖော်ပြထားပါသည်။

## ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကိုအမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကို တိုင်းတာရန်ဖော်ပြခြင်းဖြစ်ပါသည်။*

### *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၁)** တွင် ဖော်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စွဲဆိုလျှောက်ထားသည့် အမှုပေါင်း ၃၈၈၇ မှုရှိပြီး၊ ပြီးပြတ်မှုသည် ၃၂၃၁ မှုဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည်ယခင်နှစ်ထက် ၂၆% လျော့နည်းခဲ့သော်လည်း၊ စုစုပေါင်းအမှုပြီးပြတ်မှုနှုန်းသည် ယခင်နှစ်ထက် ၃၂% ထိ လျော့နည်းခဲ့သဖြင့် ပြီးပြတ်မှုနှုန်းလျော့နည်းခဲ့သည်ကိုတွေ့ရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် Covid 19 ကပ်ရောဂါဖြစ်ပွားမှု အခြေအနေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တည်ရှိရာ နေပြည်တော်သို့ ခရီးသွားလာခွင့် ကန့်သတ်ထား၍ အမှုကြားနာရန်ဆိုင်းငံ့ထားရသဖြင့် ပြီးပြတ်မှုနှုန်းလျော့နည်းခဲ့ခြင်းဖြစ်ပါသည်။

**အမှုပြီးပြတ်နှုန်းကိုတွက်ချက်ရာတွင် ပြက္ခဒိန်နှစ်အတွင်းတရားရုံးသို့ စွဲဆိုတင်ပို့သောအမှုအရေအတွက်နှင့်စစ်ဆေးဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်တို့၏ အချိုးအစားကိုတွက်ချက်ခြင်းဖြစ်ပါသည်။ စစ်ဆေးဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်သည် ယခင်နှစ်လက်ကျန်အမှုများနှင့်ယခုနှစ်အတွင်း စွဲဆိုတင်ပို့သောအမှုများမှ စစ်ဆေးဆုံးဖြတ်ခဲ့သည့် စုစုပေါင်းအမှုအရေအတွက်ဖြစ်ပါသည်။ နိုင်ငံတကာဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကျင့်သုံးသည့်ရှေ့ပြေးတရားရုံးများ၏အမှုပြီးပြတ်မှုနှုန်းကိုလည်း အလားတူတွက်ချက်ထားပါသည်။*

ဇယား (၁) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏
အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

| အမှု | အမှုအမျိုးအစား | ခုနှစ် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
| စွဲတင် | ရာဇဝတ် | ၁၃၈၂ | ၁၅၄၃ | ၂၀၀၁ | ၂၁၁၉ | ၁၄၈၃ |
| | တရားမ | ၂၄၉၅ | ၂၅၀၃ | ၂၇၅၀ | ၂၇၂၈ | ၂၁၆၁ |
| | စာချုန် | ၃၀၀ | ၂၉၈ | ၃၁၇ | ၄၁၈ | ၂၄၃* |
| | **စုစုပေါင်း** | ၄၁၇၇ | ၄၃၄၄ | ၅၀၆၈ | ၅၂၆၅ | ၃၈၈၇ |
| ပြီးပြတ် | ရာဇဝတ် | ၁၂၆၉ | ၁၃၂၂ | ၂၀၁၀ | ၂၃၉၃ | ၁၂၆၇ |
| | တရားမ | ၂၃၅၀ | ၂၂၁၄ | ၂၈၆၀ | ၃၂၀၁ | ၁၇၃၅ |
| | စာချုန် | ၁၉၂ | ၂၈၇ | ၃၃၃ | ၄၃၇ | ၂၂၉ |
| | **စုစုပေါင်း** | ၃၈၁၁ | ၃၈၂၃ | ၅၂၀၃ | ၆၀၃၁ | ၃၂၃၁ |
| အမှုပြီးပြတ်နှုန်း | ရာဇဝတ် | ၉၂% | ၈၆% | ၁၀၀% | ၁၁၃% | ၈၅% |
| | တရားမ | ၉၄% | ၈၈% | ၁၀၄% | ၁၁၇% | ၈၀% |
| | စာချုန် | ၆၄% | ၉၆% | ၁၀၅% | ၁၀၅% | ၉၄% |
| | **စုစုပေါင်း** | ၉၁% | ၈၈% | ၁၀၃% | ၁၁၅% | ၈၃% |

**စာချုန်တော်လျှောက်ထားမှုများအပေါ်ပြီးပြတ်မှုများအနက် အာဏာပေးစာချွန်တော် ၄ မှု၊ အာဏာပိုင်မေး စာချွန်တော် ၃ မှု၊ အမှုခေါ် စာချွန်တော် ၉ မှုတို့ကို လျှောက်ထားသည့်အတိုင်းခွင့်ပြု၍ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များကို ပယ်ဖျက်ခဲ့ပြီး၊ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခဲ့ပါသည်။*




*ပုံ (၁ ) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်*

### *တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း*

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၂)** တွင်ဖော်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် တရားလွှတ်တော်များသို့ စွဲဆိုသည့် အမှုပေါင်း **၁၁၅၃၁** မှ ရှိပြီး ပြီးပြတ်မှုသည် **၁၀၇၀၄** မှုဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက် ၂၁ % လျော့နည်းခဲ့သော်လည်း စုစုပေါင်းအမှုပြီးပြတ်နှုန်းမှာ ယခင်နှစ်ထက် ၄% ပိုမိုများပြားကြောင်းသိရှိရပါသည်။

**ဇယား (၂) ၂၀၁၆ ခုနှစ်မှ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း**

| အမှု | အမှုအမျိုးအစား | ခုနှစ် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
| စွဲတင် | ရာဇဝတ် | ၅၂၂၇ | ၆၂၀၂ | ၇၃၈၁ | ၈၁၆၆ | ၆၀၅၄ |
| | တရားမ | ၅၇၈၂ | ၆၀၄၀ | ၆၀၇၆ | ၆၄၇၃ | ၅၄၇၇ |
| | **စုစုပေါင်း** | **၁၁၀၀၉** | **၁၂၂၄၂** | **၁၃၄၅၇** | **၁၄၆၃၉** | **၁၁၅၃၁** |
| ပြီးပြတ် | ရာဇဝတ် | ၅၅၉၉ | ၅၇၀၆ | ၇၀၇၃ | ၇၆၄၃ | ၅၇၁၈ |
| | တရားမ | ၅၁၂၇ | ၅၀၇၁ | ၅၁၆၁ | ၅၃၅၁ | ၄၉၈၆ |
| | **စုစုပေါင်း** | **၁၀၇၂၆** | **၁၀၇၇၇** | **၁၂၂၃၄** | **၁၂၉၉၄** | **၁၀၇၀၄** |
| အမှုပြီးပြတ်နှုန်း | ရာဇဝတ် | ၁၀၇% | ၉၂% | ၉၆% | ၉၄% | ၉၄% |
| | တရားမ | ၈၉% | ၈၄% | ၈၅% | ၈၃% | ၉၁% |
| | **စုစုပေါင်း** | **၉၈%** | **၈၈%** | **၉၁%** | **၈၉%** | **၉၃%** |




ပုံ (၂) *၂၀၁၆ ခုနှစ်မှ ၂၀၂၀ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း*

၂၀၂၀ ပြည့် နှစ်အတွင်းတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ရာဇဝတ်မှုများနှင့် တရားမမှုများ၏အမှုပြီးပြတ်နှုန်းများကို **ဇယား(၃)**တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များအနက် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်မှာ အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးဖြစ်ပါသည်။

**ဇယား (၃) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ၂၀၂၀ပြည့်နှစ်အတွင်း စုစုပေါင်းအမှုပြီးပြတ်နှုန်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်နှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲတင် | ပြီးပြတ် | စွဲတင် | ပြီးပြတ် | ရာဇဝတ် | တရားမ |
| ၁ | ကချင် | ၃၂၃ | ၃၂၆ | ၂၁၁ | ၂၁၉ | ၁၀၁% | ၁၀၄% |
| ၂ | ကယား | ၄၇ | ၅၄ | ၁၆ | ၁၈ | ၁၁၅% | ၁၁၃% |
| ၃ | ကရင် | ၂၄၅ | ၂၉၃ | ၁၃၆ | ၁၃၈ | ၁၂၀% | ၁၀၁% |
| ၄ | ချင်း | ၅၃ | ၆၄ | ၁၄ | ၁၆ | ၁၂၁% | ၁၁၄% |
| ၅ | စစ်ကိုင်း | ၅၄၉ | ၅၄၀ | ၃၄၀ | ၃၆၀ | ၉၈% | ၁၀၆% |
| ၆ | တနင်္သာရီ | ၂၉၅ | ၂၉၇ | ၁၁၁ | ၈၉ | ၁၀၁% | ၈၀% |
| ၇ | ပဲခူး | ၃၃၄ | ၄၇၃ | ၄၃၉ | ၇၁၆ | ၁၄၂% | ၁၆၃% |
| ၈ | မကွေး | ၅၅၃ | ၅၀၁ | ၃၂၀ | ၂၆၀ | ၉၁% | ၈၁% |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | မန္တလေး | ၁၁၉၉ | ၁၀၂၆ | ၁၃၈၇ | ၉၉၄ | ၈၆% | ၇၂% |
| ၁၀ | မွန် | ၂၅၀ | ၂၄၈ | ၂၅၁ | ၂၁၄ | ၉၉% | ၈၅% |
| ၁၁ | ရခိုင် | ၂၀၈ | ၁၆၄ | ၅၉ | ၄၅ | ၇၉% | ၇၆% |
| ၁၂ | ရန်ကုန် | ၁၀၀၈ | ၈၁၅ | ၁၄၄၇ | ၁၂၁၅ | ၈၁% | ၈၄% |
| ၁၃ | ရှမ်း | ၄၉၁ | ၅၂၃ | ၃၁၁ | ၃၂၄ | ၁၀၇% | ၁၀၄% |
| ၁၄ | ဧရာဝတီ | ၄၉၉ | ၃၉၄ | ၄၃၅ | ၃၇၈ | ၇၉% | ၈၇% |




*ပုံ (၃ ) တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တရားလွှတ်တော်များ၏ ၂၀၂၀ ပြည့်နှစ်အတွင်း အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်*

## ခရိုင်တရားရုံးများ၏ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ခရိုင်တရားရုံးများ၏ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၄)** တွင်ဖော်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ခရိုင်တရားရုံးများသို့ စွဲဆိုသည့်အမှုပေါင်း ၃၄၅၇၁ မှုရှိပြီး ပြီးပြတ်မှုသည် ၂၈၂၄၃ မှုဖြစ်ပါသည်။ မှုခင်းအားလုံး၏ပြီးပြတ်မှုနှုန်းသည်ယခင်နှစ်ထက် ၁၄ % လျော့နည်းခဲ့သဖြင့် ခရိုင်တရားရုံးများ၏ အမှုစစ်ဆေးဆုံးဖြတ်နိုင်မှုဆောင်ရွက်ချက်မှာ ယခင်နှစ်ထက်များစွာ လျော့နည်းခဲ့သည်ကိုတွေ့ရှိရပါသည်။

**ဇယား (၄) ၂၀၁၆ ခုနှစ်မှ၂၀၂၀ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း**

| အမှု | အမှုအမျိုးအစား | ခုနှစ် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
| စွဲဆို | ရာဇဝတ် | ၁၈၀၃၄ | ၂၀၄၇၈ | ၂၃၈၂၉ | ၂၂၆၅၃ | ၂၀၅၄၀ |
| | တရားမ | ၁၂၇၈၄ | ၁၂၆၄၄ | ၁၃၃၉၃ | ၁၅၂၆၆ | ၁၄၀၃၁ |
| | **စုစုပေါင်း** | **၃၀၈၁၈** | **၃၃၁၂၂** | **၃၇၂၂၂** | **၃၇၉၁၉** | **၃၄၅၇၁** |
| ပြီးပြတ် | ရာဇဝတ် | ၁၆၅၂၀ | ၁၈၈၂၀ | ၂၂၄၁၄ | ၂၃၆၅၄ | ၁၇၅၉၅ |
| | တရားမ | ၁၁၅၄၆ | ၁၁၂၃၈ | ၁၁၈၅၃ | ၁၂၇၇၇ | ၁၀၆၄၈ |
| | **စုစုပေါင်း** | **၂၈၀၆၆** | **၃၀၀၅၈** | **၃၄၂၆၇** | **၃၆၄၃၁** | **၂၈၂၄၃** |
| အမှုပြီးပြတ်နှုန်း | ရာဇဝတ် | ၉၁% | ၉၂% | ၉၄% | ၁၀၄% | ၈၆% |
| | တရားမ | ၉၀% | ၈၉% | ၈၉% | ၈၄% | ၇၆% |
| | **စုစုပေါင်း** | **၉၁%** | **၉၁%** | **၉၂%** | **၉၆%** | **၈၂%** |




*ပုံ(၄) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်*

၂၀၂၀ ပြည့် နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများအလိုက် ရာဇဝတ်မှုများနှင့်တရားမမှုများ၏အမှုပြီးပြတ်နှုန်းများကို **ဇယား (၅)** တွင်ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရိုင်တရားရုံးများ၏အမှုပြီးပြတ်မှုနှုန်းကိုကြည့်လျှင် ရာဇဝတ်မှုများတွင် ကချင်ပြည်နယ်သည် အမှုပြီးပြတ်နှုန်းအမြင့်ဆုံးဖြစ်ပြီး၊ တရားမမှုများတွင် ချင်းပြည်နယ်သည် အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ခရိုင်တရားရုံးများမှာ အမှုစွဲဆိုမှုများပြားခြင်း၊ Covid-19 ကူးစက်ရောဂါကာကွယ်တားဆီးရေး အစီအမံများအရ အမှုစစ်ဆေးမှုရွှေ့ဆိုင်းရခြင်းတို့ကြောင့် ပြီးပြတ်မှုနှုန်းလျော့နည်းရခြင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။

**ဇယား (၅) ၂၀၂၀ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရိုင်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်နှုန်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်နှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲတင် | ပြီးပြတ် | စွဲတင် | ပြီးပြတ် | ရာဇဝတ် | တရားမ |
| ၁ | ကချင် | ၁၄၇၈ | ၁၄၈၄ | ၄၃၁ | ၃၁၉ | ၁၀၀% | ၇၄% |
| ၂ | ကယား | ၁၈၃ | ၁၅၈ | ၆၆ | ၄၈ | ၈၆% | ၇၃% |
| ၃ | ကရင် | ၇၃၇ | ၆၆၅ | ၂၆၈ | ၂၄၃ | ၉၀% | ၉၁% |
| ၄ | ချင်း | ၁၀၅ | ၁၀၁ | ၃၈ | ၄၁ | ၉၆% | ၁၀၈% |
| ၅ | စစ်ကိုင်း | ၂၄၉၁ | ၁၈၇၁ | ၉၆၇ | ၇၁၁ | ၇၅% | ၇၄% |
| ၆ | တနင်္သာရီ | ၁၁၄၆ | ၇၉၁ | ၂၇၄ | ၂၄၆ | ၆၉% | ၉၀% |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | ပဲခူး | ၁၃၇၃ | ၉၇၆ | ၁၃၀၃ | ၁၀၃၇ | ၇၁% | ၈၀% |
| ၈ | မကွေး | ၁၀၁၁ | ၈၇၆ | ၈၀၃ | ၆၈၁ | ၈၇% | ၈၅% |
| ၉ | မန္တလေး | ၃၀၀၅ | ၂၈၇၁ | ၃၄၁၄ | ၂၅၉၉ | ၉၆% | ၇၆% |
| ၁၀ | မွန် | ၉၃၅ | ၆၀၃ | ၆၈၅ | ၄၅၅ | ၆၄% | ၆၆% |
| ၁၁ | ရခိုင် | ၆၇၉ | ၅၈၅ | ၁၇၉ | ၁၆၈ | ၈၆% | ၉၄% |
| ၁၂ | ရန်ကုန် | ၂၆၉၇ | ၂၂၇၅ | ၃၅၆၁ | ၂၄၈၇ | ၈၄% | ၇၀% |
| ၁၃ | ရှမ်း | ၃၄၅၅ | ၃၂၄၄ | ၈၂၆ | ၆၂၆ | ၉၄% | ၇၆% |
| ၁၄ | ဧရာဝတီ | ၁၂၄၅ | ၁၀၉၅ | ၁၂၁၆ | ၉၈၇ | ၈၈% | ၈၁% |




ပုံ ( ၅) ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ခရိုင်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

## *မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း*

မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား (၆)** တွင် ဖော်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် မြို့နယ်တရားရုံးများသို့ စွဲဆိုသည့်အမှုပေါင်း **၃၃၃၉၀၃** မှုတွင် ပြီးပြတ်မှုသည် **၃၀၅၀၆၉** မှု ဖြစ်ပါသည်။ အမှုပြီးပြတ်နှုန်းမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၉% လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။ Covid 19 ကပ်ရောဂါဖြစ်ပွားမှု အခြေအနေအရ အမှုသည်များ၊ သက်သေများရုံးရှေ့သို့ မလာရောက်နိုင်ခြင်း၊ တရားခံများ ရုံးရှေ့တင်ပို့နိုင်မှုမရှိခြင်းတို့ကြောင့် အမှုရွှေ့ဆိုင်းချိန်းဆိုရသဖြင့် အမှုပြီးပြတ်မှုနှုန်းလျော့နည်းရခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၆) ၂၀၁၆ ခုနှစ်မှ၂၀၂၀ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း**

| အမှု | အမှုအမျိုးအစား | ခုနှစ် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
| စွဲဆို | ရာဇဝတ် | ၃၄၆၆၆၉ | ၃၆၅၂၅၆ | ၃၁၅၀၂၃ | ၄၂၆၅၄၄ | ၃၀၇၀၂၁ |
| | တရားမ | ၂၄၁၆၆ | ၂၇၂၈၇ | ၂၉၁၆၂ | ၃၀၉၀၆ | ၂၆၈၈၂ |
| | **စုစုပေါင်း** | **၃၇၀၈၃၅** | **၃၉၂၅၄၃** | **၃၄၄၁၈၅** | **၄၅၇၄၅၀** | **၃၃၃၉၀၃** |
| ပြီးပြတ် | ရာဇဝတ် | ၃၄၁၅၈၇ | ၃၅၅၃၅၁ | ၃၁၀၇၉၀ | ၄၂၇၈၀၇ | ၂၈၃၀၈၇ |
| | တရားမ | ၂၃၇၅၇ | ၂၄၂၂၇ | ၂၇၄၅၉ | ၂၉၃၈၂ | ၂၁၉၈၂ |
| | **စုစုပေါင်း** | **၃၆၅၃၄၄** | **၃၇၉၅၇၈** | **၃၃၈၂၄၉** | **၄၅၇၁၈၉** | **၃၀၅၀၆၉** |
| အမှုပြီးပြတ်နှုန်း | ရာဇဝတ် | ၉၉% | ၉၇% | ၉၉% | ၁၀၀% | ၉၂% |
| | တရားမ | ၉၈% | ၈၉% | ၉၄% | ၉၅% | ၈၂% |
| | **စုစုပေါင်း** | **၉၈%** | **၉၇%** | **၉၈%** | **၁၀၀%** | **၉၁%** |




ပုံ(၆) *၂၀၁၆ ခုနှစ်မှ၂၀၂၀ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်*

၂၀၂၀ ပြည့် နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများအလိုက် ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၇)** တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏အမှုပြီးပြတ်မှုနှုန်းသည် ရာဇဝတ်မှုများတွင် ၉၀% နှင့် အထက် ပြီးပြတ်ခဲ့ပြီး၊ တရားမမှုများတွင် ၇၆% နှင့်အထက်ပြီးပြတ်သည်ကိုတွေ့ရှိရပါသည်။ ရာဇဝတ်မှုများတွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများသည် ပြီးပြတ်မှုရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ပြီး၊ တရားမမှုများတွင် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများသည် ပြီးပြတ်မှုရာခိုင်နှုန်းအမြင့်ဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။

**ဇယား (၇) ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်နှုန်း**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်နှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲတင် | ပြီးပြတ် | စွဲတင် | ပြီးပြတ် | ရာဇဝတ် | တရားမ |
| ၁ | ကချင် | ၅၆၁၅ | ၅၈၂၇ | ၂၉၆ | ၂၈၉ | ၁၀၄% | ၉၈% |
| ၂ | ကယား | ၉၈၃ | ၉၂၈ | ၅၄ | ၄၆ | ၉၄% | ၈၅% |
| ၃ | ကရင် | ၄၆၆၇ | ၄၅၆၆ | ၁၉၀ | ၁၇၈ | ၉၈% | ၉၄% |
| ၄ | ချင်း | ၃၅၇၀ | ၃၅၁၃ | ၅၆ | ၅၇ | ၉၈% | ၁၀၂% |
| ၅ | စစ်ကိုင်း | ၂၅၆၆၃ | ၂၂၈၈၇ | ၁၈၄၄ | ၁၃၉၃ | ၈၉% | ၇၆% |
| ၆ | တနင်္သာရီ | ၁၀၀၂၂ | ၉၄၉၁ | ၃၅၈ | ၃၁၁ | ၉၅% | ၈၇% |
| ၇ | ပဲခူး | ၁၁၃၅၄ | ၂၈၁၁၇ | ၄၅၇၀ | ၃၅၉၈ | ၉၀% | ၇၉% |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | မကွေး | ၃၃၃၃၈ | ၃၁၅၇၈ | ၂၆၆၆ | ၂၀၃၁ | ၉၅% | ၇၆% |
| ၉ | မန္တလေး | ၃၄၃၉၇ | ၃၁၂၃၃ | ၄၇၈၆ | ၄၀၀၁ | ၉၁% | ၈၄% |
| ၁၀ | မွန် | ၁၅၃၆၇ | ၁၃၉၈၈ | ၁၁၂၃ | ၈၆၀ | ၉၁% | ၇၇% |
| ၁၁ | ရခိုင် | ၆၅၉၀ | ၆၂၃၆ | ၈၃၉ | ၈၁၀ | ၉၅% | ၉၇% |
| ၁၂ | ရန်ကုန် | ၇၉၉၀၁ | ၇၂၀၃၁ | ၃၄၉၅ | ၂၈၈၂ | ၉၀% | ၈၂% |
| ၁၃ | ရှမ်း | ၁၀၉၃၅ | ၁၀၅၇၅ | ၈၅၄ | ၇၂၃ | ၉၇% | ၈၅% |
| ၁၄ | ဧရာဝတီ | ၄၄၆၁၉ | ၄၂၁၁၇ | ၅၇၅၁ | ၄၈၀၃ | ၉၄% | ၈၄% |




*ပုံ(၇) ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်*

## *ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း*

ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို **ဇယား (၈)** တွင်ဖော်ပြထားပါသည်။ ဥပဒေအရတည်ထောင်သောအခြားတရားရုံးများဖြစ်သည့် မော်တော်ယာဉ်တရားရုံးများ၊ စည်ပင်သာယာတရားရုံးများနှင့် ကလေးသူငယ်တရားရုံးများ၏ စုစုပေါင်းအမှုပြီးပြတ်မှုနှုန်းသည် ၁၀၀% စစ်ဆေးပြီးပြတ်ပါသည်။

**ဇယား (၈) ၂၀၁၆ ခုနှစ်မှ၂၀၂၀ ပြည့်နှစ်အတွင်း ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း**

| အမှု | အမှုအမျိုးအစား | ခုနှစ် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
| စွဲတင် | မော်တော်ယာဉ်တရားရုံး | ၁၃၄၄၄၇ | ၁၄၆၂၉၆ | ၁၁၉၆၆၂ | ၁၃၁၇၉၄ | ၇၉၇၂၃ |
| | စည်ပင်သာယာတရားရုံး | ၃၂၁၃၇ | ၂၃၀၈၁ | ၁၄၀၆၇ | ၁၀၁၉၁ | ၅၂၇၁ |
| | ကလေးသူငယ်တရားရုံး | ၃၀၇ | ၄၅၀ | ၃၅၁ | ၅၆၂ | ၄၂၆ |
| | **စုစုပေါင်း** | **၁၆၆၈၉၁** | **၁၆၉၈၂၇** | **၁၃၄၀၈၀** | **၁၄၂၅၄၇** | **၈၅၄၂၀** |
| ပြီးပြတ် | မော်တော်ယာဉ်တရားရုံး | ၁၃၄၄၄၇ | ၁၄၆၂၉၆ | ၁၁၉၆၆၂ | ၁၃၁၇၉၄ | ၇၉၇၂၃ |
| | စည်ပင်သာယာတရားရုံး | ၃၂၂၃၃ | ၂၃၁၀၃ | ၁၄၂၅၉ | ၁၀၂၀၂ | ၅၂၂၉ |
| | ကလေးသူငယ်တရားရုံး | ၃၀၃ | ၄၀၉ | ၃၉၄ | ၄၁၆ | ၄၂၇ |
| | **စုစုပေါင်း** | **၁၆၆၉၈၃** | **၁၆၉၈၀၈** | **၁၃၄၃၁၅** | **၁၄၂၄၁၂** | **၈၅၃၇၉** |
| အမှုပြီးပြတ်နှုန်း | မော်တော်ယာဉ်တရားရုံး | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |
| | စည်ပင်သာယာတရားရုံး | ၁၀၀% | ၁၀၀% | ၁၀၁% | ၁၀၀% | ၉၉% |
| | ကလေးသူငယ်တရားရုံး | ၉၉% | ၉၁% | ၁၁၂% | ၇၄% | ၁၀၀% |
| | **စုစုပေါင်း** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |




*ပုံ(၈) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ပြည့်နှစ်အတွင်း ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်*

## ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း

ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းသည် တရားရုံးများ၏အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်မှုစွမ်းရည်ကိုတိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးကဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်နှင့်ကြာမြင့်သည့်ကာလအလိုက်အမှုအရေအတွက်တို့၏အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ (၁၂)လအထက်ကြာမြင့်သည့် ရာဇဝတ်မှုနှင့် (၃၆) လအထက် ကြာမြင့်သည့်တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

### *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရာဇဝတ်နှင့် တရားမဆိုင်ရာအယူခံမှုများ၊ ပြင်ဆင်မှုများ၊ အထွေထွေလျှောက်ထားမှုများ၊ စာချွန်တော်လျှောက်ထားမှုတို့ကို စစ်ဆေးပါသည်။ **ဇယား (၉) (၁၀) နှင့် (၁၁)** တို့တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ သက်တမ်းသည် (၃) လအောက် ၅၁% ၊ (၃) လမှ (၆) လ အတွင်း ၄၀% ၊ (၆) လမှ (၁၂) လအတွင်း ၉%၊ (၁၂) လ အထက် ဝ% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၉)** တွင် ဖော်ပြထားပါသည်။ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက စွဲဆိုသည့်အမှုများ၏ ၉၁%ကို (၆) လအတွင်းပြီးပြတ်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး (၁၂) လအထက်ကြန့်ကြာသည့် အမှုများမရှိကြောင်းတွေ့ရှိရပါသည်။

**ဇယား (၉) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်း အလိုက်အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၇၃၆ | ၁၄၆ | ၃၇၂ | ၁၅ | ၁၂၆၉ |
| ၂၀၁၇ | ၆၉၉ | ၁၅၀ | ၄၃၈ | ၃၅ | ၁၃၂၂ |
| ၂၀၁၈ | ၁၀၀၀ | ၃၇၁ | ၆၂၀ | ၁၉ | ၂၀၁၀ |
| ၂၀၁၉ | ၁၃၁၈ | ၄၂၆ | ၆၄၈ | ၁ | ၂၃၉၃ |
| ၂၀၂၀ | ၆၄၇ | ၅၁၃ | ၁၀၇ | ၀ | ၁၂၆၇ |




*ပုံ(၉) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးတရားမမှုများ၏သက်တမ်းသည် (၃) လအောက် ၁၂% ၊ (၃) လမှ (၆) လ အတွင်း၂၉% ၊ (၆) လမှ (၁၂) လအတွင်း ၅၉% ၊ (၁၂) လ အထက် ၀% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၀)** တွင်ဖော်ပြထားပါသည်။ ၁၂ လအထက် ကြန့်ကြာသည့်ဆုံးဖြတ်ပြီးအမှု မရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား (၁၀) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း  ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးတရားမမှုများသက်တမ်း အလိုက်အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၉၇၉ | ၁၂၇၅ | ၉၆ | - | ၂၃၅၀ |
| ၂၀၁၇ | ၁၀၂၄ | ၁၁၉ | ၇၅၇ | ၃၁၄ | ၂၂၁၄ |
| ၂၀၁၈ | ၁၀၈၉ | ၁ | ၁၇၆၈ | ၂ | ၂၈၆၀ |
| ၂၀၁၉ | ၁၁၄၂ | - | ၂၀၅၈ | ၁ | ၃၂၀၁ |
| ၂၀၂၀ | ၂၁၁ | ၅၀၀ | ၁၀၂၄ | ၀ | ၁၇၃၅ |




*ပုံ(၁၀) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးစာချွန်တော်မှုများ၏ သက်တမ်းသည် (၃) လ အောက် ၁၇%၊ (၃) လမှ (၆) လ အတွင်း ၅၂%၊ (၆) လမှ (၁၂) လ အတွင်း ၂၆% ဖြစ်ပြီး၊ (၁၂) လအထက် ကြန့်ကြာမှု ၅% ဖြစ်ရာ ယခင်နှစ်ထက် ၂% လျော့နည်းခဲ့ပါသည်။ (၁၂) လအထက်ကြန့်ကြာသည့်စာချွန်တော်လျှောက်ထားမှုများသည် ကနဦးကြားနာဆုံးဖြတ်ခြင်း၊ အပြီးသတ်ကြားနာဆုံးဖြတ်ခြင်းတို့ အဆင့်ဆင့်ဆောင်ရွက်ရ၍ ကြန့်ကြာရခြင်းဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၁)** တွင် ဖော်ပြထားပါသည်။

**ဇယား (၁၁) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးစာချွန်တော်မှုများသက်တမ်း အလိုက်အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂- လအထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၃၀ | ၁၁၅ | ၄၇ | - | ၁၉၂ |
| ၂၀၁၇ | ၄၄ | ၁၃၄ | ၁၀၉ | - | ၂၈၇ |
| ၂၀၁၈ | ၈၄ | ၁၄၉ | ၇၂ | ၂၈ | ၃၃၃ |
| ၂၀၁၉ | ၅၅ | ၃၀၆ | ၄၆ | ၃၀ | ၄၃၇ |
| ၂၀၂၀ | ၄၀ | ၁၁၉ | ၆၀ | ၁၀ | ၂၂၉ |




*ပုံ (၁၁) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ပြီးစာချွန်တော်မှုများသက်တမ်း နှိုင်းယှဉ်ချက်*

## *တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း*

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသည် ရာဇဝတ်နှင့် တရားမဆိုင်ရာ မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေမှုများကို စစ်ဆေးပါသည်။ **ဇယား (၁၂) (၁၃)** တို့တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းကို အမှုအရေအတွက်နှင့် လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ သက်တမ်းသည် (၃)လအောက် ၃၅%၊ (၃) လမှ (၆) လ အတွင်း ၂၉% ၊ (၆) လမှ (၁၂) လ အတွင်း ၂၁% နှင့်၊ (၁၂) လ အထက် ၁၅% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၂)** တွင် ဖော်ပြထားပါသည်။

ဇယား (၁၂) အရ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် ၁၂ လအထက် သက်တမ်းရှိ ကြန့်ကြာရာဇဝတ်မှုများသည် ယခင်နှစ်ထက် ၅ % ပိုမို များပြားလာသည်ကိုတွေ့ရှိရပါသည်။

**ဇယား (၁၂) ၂၀၁၆ ခုနှစ်မှ၂၀၂၀ပြည့်နှစ်အတွင်းတိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း အလိုက်အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၃၂၉၀ | ၁၁၈၈ | ၅၈၉ | ၅၃၂ | ၅၅၉၉ |
| ၂၀၁၇ | ၃၀၀၅ | ၁၅၂၅ | ၇၅၁ | ၄၂၅ | ၅၇၀၆ |
| ၂၀၁၈ | ၂၆၂၈ | ၂၆၀၈ | ၁၂၁၁ | ၆၂၆ | ၇၀၇၃ |
| ၂၀၁၉ | ၃၃၀၉ | ၁၉၃၂ | ၁၆၂၆ | ၇၇၆ | ၇၆၄၃ |
| ၂၀၂၀ | ၁၉၇၄ | ၁၆၈၂ | ၁၂၁၄ | ၈၄၈ | ၅၇၁၈ |




*ပုံ(၁၂) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်*

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးတရားမမှုများ၏ သက်တမ်းသည် (၃) လအောက် ၂၄% ၊ (၃) လမှ (၆) လ အတွင်း ၁၈% ၊ (၆) လမှ (၁၂) လ အတွင်း ၂၁%၊ (၁၂) လမှ (၃၆)လအတွင်း ၃၅% ဖြစ်ပြီး၊ (၃၆) လအထက် ၂% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၃)** တွင် ဖော်ပြထားပါသည်။ ယင်းဇယား

အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် (၃၆) လအထက်ကြာမြင့်သည့် တရားမမှုများသည် ယခင်နှစ်ထက် ၁% ပိုမိုများပြားခဲ့ကြောင်းတွေ့ရှိရပါသည်။

**ဇယား(၁၃) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးတရားမမှုများ သက်တမ်းအလိုက်အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-၃၆ လ | ၃၆ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၆ | ၂၀၆၀ | ၁၀၇၂ | ၁၇၄၇ | ၁၄၆ | ၁၀၂ | ၅၁၂၇ |
| ၂၀၁၇ | ၂၀၆၃ | ၁၈၃၁ | ၁၀၁၆ | ၁၄၇ | ၁၄ | ၅၀၇၁ |
| ၂၀၁၈ | ၁၄၁၃ | ၁၃၂၁ | ၁၄၇၆ | ၉၂၃ | ၂၈ | ၅၁၆၁ |
| ၂၀၁၉ | ၁၅၀၈ | ၁၁၃၁ | ၆၉၅ | ၁၉၅၄ | ၆၃ | ၅၃၅၁ |
| ၂၀၂၀ | ၁၂၀၀ | ၉၁၃ | ၁၀၂၈ | ၁၇၆၂ | ၈၃ | ၄၉၈၆ |




*ပုံ(၁၃) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်*

### ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း

ခရိုင်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာ မူလမှု ၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေမှုများ ကိုစစ်ဆေးပါသည်။ **ဇယား (၁၄) (၁၅)** တို့တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏

ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏သက်တမ်းသည် (၃) လအောက် ၄၉% ၊ (၃) လမှ (၆)လအတွင်း ၃၀% ၊ (၆) လမှ (၁၂) လ အတွင်း ၁၆% ဖြစ်ပြီး ၊ (၁၂) လအထက် ၅% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၄)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်းကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက (၃)လအောက် ကြာမြင့်နေသည့်အမှုများနှင့် ၁၂ လ အထက်ကြာမြင့်သည့်အမှုများရာခိုင်နှုန်းသည် တူညီနေသည်ကိုတွေ့ရှိရပါသည်။ ၁၂ လ အထက်ကြာမြင့်သည့် အမှုများမှာ အမှုစုစုပေါင်း၏ ၅% သာရှိကြောင်းတွေ့ရှိရပါသည်။

**ဇယား (၁၄) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း အလိုက်အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၁၀၂၅၂ | ၄၈၈၄ | ၁၁၆၃ | ၂၂၁ | ၁၆၅၂၀ |
| ၂၀၁၇ | ၁၁၂၄၇ | ၅၁၁၀ | ၁၉၈၁ | ၄၈၂ | ၁၈၈၂၀ |
| ၂၀၁၈ | ၁၀၈၉၇ | ၆၃၂၃ | ၄၀၆၀ | ၁၁၃၄ | ၂၂၄၁၄ |
| ၂၀၁၉ | ၁၁၆၆၀ | ၆၅၀၈ | ၄၂၃၂ | ၁၂၅၄ | ၂၃၆၅၄ |
| ၂၀၂၀ | ၈၅၄၆ | ၅၂၀၆ | ၂၉၀၆ | ၉၃၇ | ၁၇၅၉၅ |




*ပုံ(၁၄) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ဆုံးဖြတ်ပြီးရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်*

ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများ၏ သက်တမ်းသည် (၃) လအောက်  ၂၃% ၊ (၃) လမှ (၆) လ အတွင်း ၂၉% ၊ (၆) လမှ (၁၂) လအတွင်း ၁၉% ၊ (၁၂) လမှ (၃၆)လအတွင်း ၂၁% ဖြစ်ပြီး၊ (၃၆) လအထက် ၈% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၅)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ ခရိုင်တရားရုံးများတွင် (၃၆) လအထက် ကြန့်ကြာတရားမမှုများသည် ယခင်နှစ် ၁၀ % မှ ယခုနှစ် ၈% သို့လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။

**ဇယား (၁၅) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများ သက်တမ်းအလိုက်အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-၃၆ လ | ၃၆ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၆ | ၁၆၅၀ | ၅၂၇၈ | ၂၈၂၈ | ၁၄၁၅ | ၃၇၅ | ၁၁၅၄၆ |
| ၂၀၁၇ | ၃၃၉၄ | ၃၆၄၉ | ၂၃၉၀ | ၁၃၈၅ | ၄၂၀ | ၁၁၂၃၈ |
| ၂၀၁၈ | ၃၄၈၀ | ၂၆၈၂ | ၂၀၃၃ | ၂၄၆၁ | ၁၁၉၇ | ၁၁၈၅၃ |
| ၂၀၁၉ | ၂၈၄၈ | ၃၇၆၂ | ၂၅၁၆ | ၂၄၃၆ | ၁၂၁၅ | ၁၂၇၇၇ |
| ၂၀၂၀ | ၂၄၆၀ | ၃၀၇၂ | ၁၉၇၇ | ၂၂၉၆ | ၈၄၃ | ၁၀၆၄၈ |




*ပုံ(၁၅) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်*

## *မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများသက်တမ်း*

မြို့နယ်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာမူလမှုများကို စစ်ဆေးပါသည်။ **ဇယား (၁၆) (၁၇)** တို့တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ သက်တမ်းအလျောက်ပြီးပြတ်မှုနှုန်းသည် နေ့ချင်းပြီး ၆၈% ၊ (၃) လအောက် ၁၆%၊ (၃) လမှ (၆) လအတွင်း ၇% ၊ (၆) လမှ (၁၂) လအတွင်း ၅% ဖြစ်ပြီး ၊ (၁၂) လအထက် ၄% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၁၆)**တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ မြို့နယ်တရားရုံးများတွင် စွဲဆိုသည့်ဆုံးဖြတ်ပြီး ၁၂ လအထက်ကြန့်ကြာမှုခင်းရာခိုင်နှုန်းမှာ မှုခင်းစုစုပေါင်း၏ ၄% သာရှိသည်ကိုတွေ့ရှိရပြီး၊ (၆) လမှ (၁၂) လအတွင်းအမှုများမှာ ယခင်နှစ်ကဲ့သို့ပင် ၅ % သာရှိကြောင်းတွေ့ရှိရပါသည်။

**ဇယား (၁၆) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်းအလိုက်အမှုအရေအတွက်**

| ခုနှစ် | နေ့ချင်း | ၃-လအောက် | ၃-၆လ | ၆-၁၂ လ | ၁၂ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၆ | ၂၃၀၀၄၂ | ၇၁၁၆၆ | ၂၇၇၆၇ | ၉၁၃၀ | ၃၄၈၂ | ၃၄၁၅၈၇ |
| ၂၀၁၇ | ၂၄၃၀၇၁ | ၆၆၈၀၈ | ၃၀၂၉၅ | ၁၀၁၇၇ | ၅၀၀၀ | ၃၅၅၃၅၁ |
| ၂၀၁၈ | ၁၉၀၆၃၈ | ၅၅၂၃၈ | ၃၂၄၀၀ | ၂၃၃၉၇ | ၉၁၁၇ | ၃၁၀၇၉၀ |
| ၂၀၁၉ | ၃၀၄၉၁၃ | ၅၆၅၃၁ | ၃၂၂၁၉ | ၂၂၅၅၁ | ၁၁၅၉၃ | ၄၂၇၈၀၇ |
| ၂၀၂၀ | ၁၉၁၉၅၅ | ၄၄၅၄၉ | ၂၁၀၅၉ | ၁၅၄၀၇ | ၁၀၁၁၇ | ၂၈၃၀၈၇ |




ပုံ(၁၆) *၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်*

မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများ၏ သက်တမ်းသည် (၆) လအောက် ၄၃%၊ (၆) လမှ (၁၂) လ အတွင်း ၂၈%၊ (၁၂) လမှ (၃၆) လ အတွင်း ၂၄% ဖြစ်ပြီး၊ (၃၆) လ အထက် ၅% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၇)** တွင်ဖော်ပြထားပါသည်။ ယင်းဇယားအရ (၃၆) လအထက်ကြာမြင့်သည့် မှုခင်းများမှာ ၅% ရှိကြောင်း တွေ့ရှိရပါသည်။ ပြီးပြတ်သည့်မှုခင်းစုစုပေါင်း၏ ၄၃% ကို (၆) လအတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၁၇) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်းအလိုက်အမှုအရေအတွက်**

| ခုနှစ် | ၆-လအောက် | ၆-၁၂လ | ၁၂-၃၆ လ | ၃၆ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၁၄၃၉၄ | ၆၉၈၂ | ၂၀၇၆ | ၃၀၅ | ၂၃၇၅၇ |
| ၂၀၁၇ | ၁၅၅၂၅ | ၆၅၆၆ | ၁၇၉၂ | ၃၄၄ | ၂၄၂၂၇ |
| ၂၀၁၈ | ၁၃၁၀၃ | ၇၄၆၇ | ၅၆၄၅ | ၁၂၄၄ | ၂၇၄၅၉ |
| ၂၀၁၉ | ၁၃၉၀၉ | ၈၀၄၀ | ၆၀၁၅ | ၁၄၁၈ | ၂၉၃၈၂ |
| ၂၀၂၀ | ၉၃၈၂ | ၆၂၃၂ | ၅၃၅၀ | ၁၀၁၈ | ၂၁၉၈၂ |




*ပုံ (၁၇) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်*

## စစ်ဆေးဆဲအမှုများ၏သက်တမ်း

စစ်ဆေးဆဲအမှုများ၏ သက်တမ်းသည် တရားရုံးများ၏ အမှုဟောင်းနှင့် ကြန့်ကြာမှုခင်းများကိုစောင့်ကြပ်ကြည့်ရှုရန် ပြက္ခဒိန်နှစ်ကုန်ဆုံးချိန်တွင် စစ်ဆေးဆဲအမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလအလိုက်အမှုအရေ

အတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ (၁၂) လအထက်ကြာမြင့်သည့် ရာဇဝတ်မှု နှင့် (၃၆) လ အထက်ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

### *ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများသက်တမ်း*

ဇယား (၁၈) (၁၉) (၂၀) တို့တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲရာဇဝတ်မှုများ၏သက်တမ်းသည် (၃)လအောက် ၂၇%၊ (၃) လမှ (၆) လအတွင်း ၃၇% ၊ (၆) လမှ (၁၂) လ အတွင်း ၃၆% ဖြစ်ပြီး၊ (၁၂) လအထက် ၀% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၈)** တွင်ဖော်ပြထားပါသည်။ ယင်းဇယားအရ (၃) လအောက် ကြာမြင့်သည့်စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၆၁% မှ ယခုနှစ် ၂၇% သို့ လျော့ကျခဲ့ပါသည်။ ၁၂ လ အထက်ကြန့်ကြာသည့်စစ်ဆေးဆဲ ရာဇဝတ်မှုများမရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၁၈) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏
စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်းအလိုက်အမှုအရေအတွက်

| **ခုနှစ်** | **၃-လအောက်** | **၃- ၆ လ** | **၆- ၁၂ လ** | **၁၂-လအထက်** | **စုစုပေါင်း** |
|---|---|---|---|---|---|
| ၂၀၁၆ | ၂၅၀ | ၁၅၈ | ၁၀၁ | ၁၀ | ၅၁၉ |
| ၂၀၁၇ | ၃၄၄ | ၂၃၅ | ၁၆၀ | ၁ | ၇၄၀ |
| ၂၀၁၈ | ၄၂၀ | ၂၁၅ | ၉၆ | - | ၇၃၁ |
| ၂၀၁၉ | ၂၈၀ | ၁၆၃ | ၁၄ | - | ၄၅၇ |
| ၂၀၂၀ | ၁၈၄ | ၂၄၉ | ၂၄၀ | - | ၆၇၃ |




*ပုံ(၁၈) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲတရားမမှုများ၏ သက်တမ်းသည် (၃)လအောက် ၂၈% ၊ (၃) လမှ (၆) လ အတွင်း ၃၈% ၊ (၆) လမှ (၁၂) လ အတွင်း ၃၁% ဖြစ်ပြီး (၁၂) လ အထက် ၃% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၁၉)** တွင် ဖော်ပြထားပါသည်။ ယင်းဇယားအရ (၁၂) လအထက်ကြန့်ကြာသည့် တရားမမှုများမှာ ယခင်နှစ် ၁% မှ ယခုနှစ် ၃% ထိ များပြားခဲ့ပါသည်။ (၁၂) လအထက် ကြန့်ကြာသည့်အမှုများမှာ ကြားနာရန်အသင့်ဖြစ်နေသော်လည်း Covid -19 ကပ်ရောဂါကြောင့် နေပြည်တော်သို့ ခရီးသွားလာခွင့်ကန့်သတ်ထားသဖြင့် ကြားနာရန်စောင့်ဆိုင်းရ၍ ကြန့်ကြာရခြင်းဖြစ်ပါသည်။

**ဇယား (၁၉) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲတရားမမှုများ သက်တမ်းအလိုက်အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၄၉၁ | ၇၇၃ | ၂ | - | ၁၂၆၆ |
| ၂၀၁၇ | ၄၉၃ | ၄၀၅ | ၆၂၂ | ၃၅ | ၁၅၅၅ |
| ၂၀၁၈ | ၅၇၀ | ၆၆၃ | ၁၃၈ | ၇၄ | ၁၄၄၅ |
| ၂၀၁၉ | ၂၉၈ | ၂၅၈ | ၄၀၅ | ၁၁ | ၉၇၂ |
| ၂၀၂၀ | ၃၈၅ | ၅၃၇ | ၄၃၉ | ၃၇ | ၁၃၉၈ |




*ပုံ(၁၉) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲစာချွန်တော်မှုများ၏သက်တမ်းသည် (၃) လအောက် ၁၄%၊ (၃) လမှ (၆) လအတွင်း၅၂% ၊ (၆) လမှ (၁၂) လအတွင်း၃၃% ဖြစ်ပြီး (၁၂) လအထက် ၁% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၀)** တွင်ဖော်ပြထားပါသည်။ ယင်းဇယားအရ စာချွန်တော်မှုများတွင် (၁၂) လအထက်

ကြာမြင့်သည့်စစ်ဆေးဆဲအမှု ၂ မှုသာရှိကြောင်း တွေ့ရှိရပါသည်။ (၁၂) လအထက် ကြန့်ကြာသည့်အမှု (၂) မှုမှာ ကြားနာရန်အသင့်ဖြစ်နေသော်လည်း Covid -19 ကပ်ရောဂါကြောင့် နေပြည်တော်သို့ ခရီးသွားလာခွင့်ကန့်သတ်ထားသဖြင့် ကြားနာရန်စောင့်ဆိုင်းရ၍ ကြန့်ကြာရခြင်းဖြစ်ပါသည်။

**ဇယား (၂၀) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စစ်ဆေးဆဲစာချွန်တော်မှုများသက်တမ်းအလိုက်အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၈၁ | ၆၇ | ၈ | - | ၁၅၆ |
| ၂၀၁၇ | ၉၄ | ၄၅ | ၂၆ | ၂ | ၁၆၇ |
| ၂၀၁၈ | ၈၁ | ၂၉ | ၃၉ | ၂ | ၁၅၁ |
| ၂၀၁၉ | ၇၇ | ၃၅ | ၂၀ | - | ၁၃၂ |
| ၂၀၂၀ | ၂၀ | ၇၆ | ၄၈ | ၂ | ၁၄၆ |




ပုံ (၂၀) *၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စစ်ဆေးဆဲစာချွန်တော်မှုများသက်တမ်းနှိုင်းယှဉ်ချက်*

### *တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲအမှုများသက်တမ်း*

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စစ်ဆေးဆဲအမှုများ၏သက်တမ်းကို **ဇယား (၂၁) (၂၂)** တို့တွင် အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲရာဇဝတ်မှုများ၏ သက်တမ်းသည် (၃) လအောက် ၂၅%၊ (၃) လမှ (၆) လအတွင်း ၂၄ %၊ (၆) လမှ (၁၂) လအတွင်း ၃၁%

ဖြစ်ပြီး (၁၂) လအထက် ၂၀% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၁)** တွင်ဖော်ပြထားပါသည်။ ယင်းဇယားအရ (၁၂)လ အထက်ကြာမြင့်သည့်စစ်ဆေးဆဲရာဇဝတ်မှုများသည် ယခင်နှစ် ၆% မှ ယခုနှစ် ၂၀% ထိ များပြားခဲ့သည်ကိုတွေ့ရှိရပါသည်။

**ဇယား(၂၁) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်းအလိုက် အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၁၀၂၂ | ၃၈၇ | ၂၈၄ | ၆၀၈ | ၂၃၀၁ |
| ၂၀၁၇ | ၁၃၆၀ | ၅၂၃ | ၄၉၈ | ၄၁၆ | ၂၇၉၇ |
| ၂၀၁၈ | ၁၄၄၀ | ၉၂၃ | ၆၁၉ | ၁၂၃ | ၃၁၀၅ |
| ၂၀၁၉ | ၁၅၉၂ | ၁၁၀၈ | ၇၀၁ | ၂၂၇ | ၃၆၂၈ |
| ၂၀၂၀ | ၁၀၀၇ | ၉၆၃ | ၁၂၂၆ | ၇၆၈ | ၃၉၆၄ |




**ပုံ (၂၁)** ***၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်***

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏စစ်ဆေးဆဲတရားမမှုများ၏သက်တမ်းသည် (၃) လအောက် ၁၁% ၊ (၃) လမှ (၆) လအတွင်း ၂၂% ၊ (၆) လမှ (၁၂) လအတွင်း ၂၃%၊ (၁၂) လမှ (၃၆) လအတွင်း ၄၀% ဖြစ်ပြီး၊ (၃၆) လအထက် ၄ % ဖြစ်ပါသည်။ (၃၆) လအထက်ကြန့်ကြာမှုခင်းများမှာ ယခင်နှစ် ၃% မှ ယခုနှစ် ၄% ထိ များပြားခဲ့သည်ကိုတွေ့ရှိရပါသည်။ အသေးစိတ်ကို **ဇယား (၂၂)** တွင်ဖော်ပြထားပါသည်။

ဇယား(၂၂) ၂၀၁၆ ခုနှစ်မှ၂၀၂၀ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

| ခုနှစ် | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-၃၆ လ | ၃၆ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၆ | ၁၄၄၅ | ၁၁၂၆ | ၆၆၁ | ၆၇ | ၈၁ | ၃၃၈၀ |
| ၂၀၁၇ | ၁၆၅၅ | ၁၀၃၃ | ၁၄၃၆ | ၁၅၈ | ၁၀၃ | ၄၃၈၅ |
| ၂၀၁၈ | ၁၅၇၀ | ၁၄၄၉ | ၁၇၉၅ | ၃၀၉ | ၁၇၇ | ၅၃၀၀ |
| ၂၀၁၉ | ၁၅၄၇ | ၁၄၀၃ | ၂၂၄၃ | ၁၀၅၇ | ၁၇၂ | ၆၄၂၂ |
| ၂၀၂၀ | ၇၇၇ | ၁၅၃၄ | ၁၅၇၈ | ၂၇၇၇ | ၂၄၇ | ၆၉၁၃ |




*ပုံ - (၂၂) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်*

## *ခရိုင်တရားရုံးများ၏စစ်ဆေးဆဲအမှုများသက်တမ်း*

ခရိုင်တရားရုံးများ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စစ်ဆေးဆဲအမှုများ၏သက်တမ်းကို **ဇယား (၂၃) (၂၄)** တို့တွင် အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

ခရိုင်တရားရုံးများ၏စစ်ဆေးဆဲရာဇဝတ်မှုများ၏သက်တမ်းသည် (၃) လအောက် ၃၅% ၊ (၃)လမှ(၆) လအတွင်း ၃၀% ၊ (၆) လမှ (၁၂) လအတွင်း ၂၄ % ဖြစ်ပြီး၊ (၁၂) လအထက် ၁၁% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၂၃)** တွင်ဖော်ပြထားပါသည်။ ယင်းဇယားအရ (၁၂) လအထက်စစ်ဆေးဆဲရာဇဝတ်အမှုများသည် ယခင်နှစ် ၇% မှ ၁၁% သို့များပြားခဲ့သည်ကို တွေ့ရှိရပါသည်။

**ဇယား (၂၃) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်းအလိုက် အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၃၃၈၉ | ၁၃၈၀ | ၂၇၈ | ၉၉ | ၅၁၄၆ |
| ၂၀၁၇ | ၃၇၆၉ | ၁၉၀၉ | ၈၃၇ | ၂၈၉ | ၆၈၀၄ |
| ၂၀၁၈ | ၃၉၀၉ | ၂၃၄၂ | ၁၅၈၈ | ၃၈၀ | ၈၂၁၉ |
| ၂၀၁၉ | ၃၆၄၅ | ၁၇၈၃ | ၁၂၅၄ | ၅၃၆ | ၇၂၁၈ |
| ၂၀၂၀ | ၃၅၉၇ | ၃၀၄၀ | ၂၃၈၉ | ၁၁၃၇ | ၁၀၁၆၃ |




ပုံ - (၂၃) *၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်*

ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများ၏သက်တမ်းသည် (၃) လအောက် ၂%၊ (၃) လမှ (၆) လ အတွင်း၂၄%၊ (၆) လမှ (၁၂) လအတွင်း ၂၄%၊ (၁၂) လမှ (၃၆) လအတွင်း ၃၇%၊ (၃၆) လအထက် ၁၃% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၄)** တွင်ဖော်ပြထားပါသည်။ ယင်းဇယားအရ (၁၂)လမှ (၃၆) လအတွင်း ကြာမြင့်သည့် စစ်ဆေးဆဲအမှုများသည် ယခင်နှစ် ၃၀% မှ ယခုနှစ် ၃၇ % ထိများပြားခဲ့သော်လည်း၊ (၃၆) လ အထက်ကြာမြင့်သည့်စစ်ဆေးဆဲအမှုများသည် ယခင်နှစ် ၁၅% မှ ယခုနှစ် ၁၃% ထိ အနည်းငယ်လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၂၄) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

| ခုနှစ် | ၃-လအောက် | ၃-၆ လ | ၆-၁၂ လ | ၁၂-၃၆ လ | ၃၆ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၂၀၁၆ | ၂၁၀ | ၄၈၈၁ | ၄၀၅၂ | ၁၆၄၈ | ၉၅၆ | ၁၁၇၄၇ |
| ၂၀၁၇ | ၅၈၃ | ၄၉၂၀ | ၃၂၂၂ | ၃၁၃၅ | ၁၂၉၃ | ၁၃၁၅၃ |
| ၂၀၁၈ | ၆၆၂ | ၄၀၂၆ | ၄၀၆၆ | ၃၇၇၁ | ၂၁၆၈ | ၁၄၆၉၃ |
| ၂၀၁၉ | ၇၂၁ | ၄၈၈၇ | ၄၀၀၈ | ၅၀၇၆ | ၂၄၉၀ | ၁၇၁၈၂ |
| ၂၀၂၀ | ၄၄၁ | ၄၇၉၂ | ၄၉၆၈ | ၇၆၀၁ | ၂၇၆၃ | ၂၀၅၆၅ |




*ပုံ (၂၄) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်းနှိုင်းယှဉ်ချက်*

## *မြို့နယ်တရားရုံးများ၏စစ်ဆေးဆဲအမှုများသက်တမ်း*

မြို့နယ်တရားရုံးများ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စစ်ဆေးဆဲအမှုများ၏သက်တမ်းကို **ဇယား (၂၅) (၂၆)** တို့တွင် အမှုအရေအတွက်နှင့်လည်းကောင်း၊ နှစ်အလိုက်နှိုင်းယှဉ်၍လည်းကောင်း ဖော်ပြထားပါသည်။

မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများ၏သက်တမ်းသည် (၃) လအောက် ၂၇% ၊ (၃) လမှ (၆) လအတွင်း ၂၅ % ၊ (၆) လမှ (၁၂) လအတွင်း ၂၄ % ဖြစ်ပြီး (၁၂) လအထက်၂၄% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား (၂၅)** တွင်ဖော်ပြထားပါသည်။ ဇယား (၂၅) အရ (၁၂) လအထက် ကြာမြင့်သည့် စစ်ဆေးဆဲရာဇဝတ်မှုသည် ယခင်နှစ်ထက် ၄% များပြားလာသည်ကို တွေ့ရှိရပါသည်။

**ဇယား (၂၅) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုများသက်တမ်းအလိုက် အမှုအရေအတွက်**

| ခုနှစ် | ၃-လအောက် | ၃- ၆ လ | ၆- ၁၂ လ | ၁၂-လအထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၁၉၉၈၉ | ၁၁၇၅၉ | ၅၁၇၂ | ၂၈၇၉ | ၃၉၇၉၉ |
| ၂၀၁၇ | ၂၃၁၉၉ | ၁၄၃၃၂ | ၇၅၆၉ | ၄၆၀၄ | ၄၉၇၀၄ |
| ၂၀၁၈ | ၁၉၃၃၄ | ၁၅၇၀၅ | ၁၀၉၇၇ | ၇၉၂၁ | ၅၃၉၃၇ |
| ၂၀၁၉ | ၁၇၃၉၄ | ၁၃၀၂၅ | ၁၁၈၅၅ | ၁၀၄၀၀ | ၅၂၆၇၄ |
| ၂၀၂၀ | ၂၀၅၂၇ | ၁၉၃၇၂ | ၁၈၆၆၅ | ၁၈၀၄၄ | ၇၆၆၀၈ |




*ပုံ (၂၅) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲရာဇဝတ်မှုများသက်တမ်း နှိုင်းယှဉ်ချက်*

မြို့နယ်တရားရုံးများ၏စစ်ဆေးဆဲတရားမမှုများ၏သက်တမ်းသည် (၆) လအောက် ၃၃% ၊ (၆) လမှ (၁၂) လအတွင်း၂၇ %၊ (၁၂) လမှ (၃၆) လအတွင်း ၃၂ % ဖြစ်ပြီး၊ (၃၆)လအထက် ၈% ဖြစ်ပါသည်။ အသေးစိတ်ကို **ဇယား(၂၆)** တွင်ဖော်ပြထားပါသည်။ ယင်းဇယားအရ (၃၆)လ အထက်ကြာမြင့်သည့် စစ်ဆေးဆဲအမှုသည် ယခင်နှစ် ၇% မှ ယခုနှစ် ၈% သို့ အနည်းငယ်များပြားလာသည်ကို တွေ့ရှိရပါသည်။

ဇယား (၂၆) ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုများသက်တမ်းအလိုက် အမှုအရေအတွက်

| ခုနှစ် | ၆-လအောက် | ၆-၁၂လ | ၁၂-၃၆ လ | ၃၆ လ အထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၂၀၁၆ | ၉၆၅၃ | ၅၀၁၆ | ၁၉၆၄ | ၅၁၂ | ၁၇၁၄၅ |
| ၂၀၁၇ | ၁၁၅၁၈ | ၅၄၀၈ | ၂၁၅၄ | ၁၁၂၅ | ၂၀၂၀၅ |
| ၂၀၁၈ | ၉၈၇၈ | ၅၉၉၅ | ၄၆၇၇ | ၁၃၅၈ | ၂၁၉၀၈ |
| ၂၀၁၉ | ၉၆၅၁ | ၆၆၄၂ | ၅၅၈၉ | ၁၅၅၀ | ၂၃၄၃၂ |
| ၂၀၂၀ | ၉၂၉၄ | ၇၇၃၄ | ၉၀၁၂ | ၂၂၉၂ | ၂၈၃၃၂ |




ပုံ(၂၆) *၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲတရားမမှုများသက်တမ်း နှိုင်းယှဉ်ချက်*

## အယူခံတက်ရောက်မှုနှုန်း

အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အတွင်း တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်အပေါ် အမှုသည်များ၏ကျေနပ်မှုကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။

### *တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်မြို့နယ်တရားရုံးများမှခရိုင်တရားရုံးများသို့အယူခံတက်ရောက်မှုနှုန်း*

မြို့နယ်တရားရုံးများမှဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် မြို့နယ် တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ခရိုင်တရားရုံးများ၏အယူခံမှုအရေအတွက်တို့၏ အချိုးအစားကို

တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ စုစုပေါင်း အယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် ၁ % ရှိပြီး၊ တရားမမှုများတွင် ၁၁% ရှိပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၇)** တွင် ဖော်ပြထားပါသည်။

**ဇယား (၂၇) ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းနှင့်အမှုအရေအတွက်**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု (မြို့နယ်) | အယူခံမှု (ခရိုင်) | ဆုံးဖြတ်ပြီးအမှု (မြို့နယ်) | အယူခံမှု (ခရိုင်) | ရာဇဝတ် | တရားမ |
| ၁ | ကချင် | ၅၈၂၇ | ၈၁ | ၂၈၉ | ၄၅ | ၁% | ၁၆% |
| ၂ | ကယား | ၉၂၈ | ၅ | ၄၆ | ၀ | ၁% | ၀% |
| ၃ | ကရင် | ၄၅၆၆ | ၆၆ | ၁၇၈ | ၃၄ | ၁% | ၁၉% |
| ၄ | ချင်း | ၃၅၁၃ | ၂၈ | ၅၇ | ၁၀ | ၁% | ၁၈% |
| ၅ | စစ်ကိုင်း | ၂၂၈၈၇ | ၂၁၇ | ၁၃၉၃ | ၂၄၁ | ၁% | ၁၇% |
| ၆ | တနင်္သာရီ | ၉၄၉၁ | ၉၀ | ၃၁၁ | ၄၈ | ၁% | ၁၅% |
| ၇ | ပဲခူး | ၂၈၁၁၇ | ၁၁၄ | ၃၅၉၈ | ၄၁၁ | ၀.၄% | ၁၁% |
| ၈ | မကွေး | ၃၁၅၇၈ | ၁၄၀ | ၂၀၃၁ | ၂၅၃ | ၀% | ၁၂% |
| ၉ | မန္တလေး | ၃၁၂၃၃ | ၃၇၁ | ၄၀၀၁ | ၅၃၉ | ၁% | ၁၃% |
| ၁၀ | မွန် | ၁၃၉၈၈ | ၉၇ | ၈၆၀ | ၁၄၁ | ၁% | ၁၆% |
| ၁၁ | ရခိုင် | ၆၂၃၆ | ၂၉ | ၈၁၀ | ၃၈ | ၀% | ၅% |
| ၁၂ | ရန်ကုန် | ၇၂၀၃၁ | ၁၇၃ | ၂၈၈၂ | ၂၉၀ | ၀% | ၁၀% |
| ၁၃ | ရှမ်း | ၁၀၅၇၅ | ၁၁၈ | ၇၂၃ | ၆၂ | ၁% | ၉% |
| ၁၄ | ဧရာဝတီ | ၄၂၁၁၇ | ၁၂၅ | ၄၈၀၃ | ၃၃၀ | ၀.၃% | ၇% |
| | စုစုပေါင်း | ၂၈၃၀၈၇ | ၁၆၅၄ | ၂၁၉၈၂ | ၂၄၄၂ | ၁% | ၁၁% |




*ပုံ(၂၇ ) ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း နှိုင်းယှဉ်ချက်*

### *တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း*

ခရိုင်တရားရုံးများမှဆုံးဖြတ်ချက်အပေါ်အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် ခရိုင်တရားရုံးများ၏ဆုံးဖြတ်ပြီး အမှုအရေအတွက်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အယူခံမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေ အယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများမှ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသို့ စုစုပေါင်းအယူခံတက်ရောက်နှုန်းသည် ရာဇဝတ်မှုများတွင် ၁၉% ရှိပြီး တရားမမှုများတွင် ၂၅ % ရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ခရိုင်တရားရုံးများမှ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၈)**တွင် ဖော်ပြထားပါသည်။

ဇယား (၂၈) ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်းနှင့် အမှုအရေအတွက်

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု(ခရိုင်) | အယူခံမှု (တရားလွှတ်တော်) | ဆုံးဖြတ်ပြီးအမှု(ခရိုင်) | အယူခံမှု (တရားလွှတ်တော်) | ရာဇဝတ် | တရားမ |
| ၁ | ကချင် | ၁၄၈၄ | ၂၆၆ | ၃၁၉ | ၈၂ | ၁၈% | ၂၆% |
| ၂ | ကယား | ၁၅၈ | ၂၇ | ၄၈ | ၅ | ၁၇% | ၁၀% |
| ၃ | ကရင် | ၆၆၅ | ၁၃၇ | ၂၄၃ | ၆၄ | ၂၁% | ၂၆% |
| ၄ | ချင်း | ၁၀၁ | ၂၉ | ၄၁ | ၁၀ | ၂၉% | ၂၄% |
| ၅ | စစ်ကိုင်း | ၁၈၇၁ | ၂၈၈ | ၇၁၁ | ၁၈၉ | ၁၅% | ၂၇% |
| ၆ | တနင်္သာရီ | ၇၉၁ | ၂၂၃ | ၂၄၆ | ၅၂ | ၂၈% | ၂၁% |
| ၇ | ပဲခူး | ၉၇၆ | ၁၇၉ | ၁၀၃၇ | ၂၆၄ | ၁၈% | ၂၅% |
| ၈ | မကွေး | ၈၇၆ | ၂၇၂ | ၆၈၁ | ၁၆၈ | ၃၁% | ၂၅% |
| ၉ | မန္တလေး | ၂၈၇၁ | ၇၂၄ | ၂၅၉၉ | ၆၈၄ | ၂၅% | ၂၆% |
| ၁၀ | မွန် | ၆၀၃ | ၁၄၄ | ၄၅၅ | ၁၀၆ | ၂၄% | ၂၃% |
| ၁၁ | ရခိုင် | ၅၈၅ | ၁၁၉ | ၁၆၈ | ၃၇ | ၂၀% | ၂၂% |
| ၁၂ | ရန်ကုန် | ၂၂၇၅ | ၄၉၈ | ၂၄၈၇ | ၆၁၄ | ၂၂% | ၂၅% |
| ၁၃ | ရှမ်း | ၃၂၄၄ | ၂၇၆ | ၆၂၆ | ၁၂၆ | ၉% | ၂၀% |
| ၁၄ | ဧရာဝတီ | ၁၀၉၅ | ၂၃၇ | ၉၈၇ | ၂၄၆ | ၂၂% | ၂၅% |
| | စုစုပေါင်း | ၁၇၅၉၅ | ၃၄၁၉ | ၁၀၆၄၈ | ၂၆၄၇ | ၁၉% | ၂၅% |




ပုံ (၂၈) *၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်တရားရုံးများမှ တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်း နှိုင်းယှဉ်ချက်*

### *တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်း*

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အယူခံမှုအရေအတွက်တို့ကို အချိုးအစားတွက်ချက်ခြင်းဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စုစုပေါင်းအယူခံတက်ရောက်နှုန်းသည် ရာဇဝတ်မှုများတွင် ၄% ရှိပြီး တရားမမှုများတွင် ၁၅%

ရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်းကို **ဇယား (၂၉)** တွင်ဖော်ပြထားပါသည်။ တရားရုံးအဆင့်အဆင့်၏ အယူခံတက်ရောက်မှုနှုန်းများကို နှိုင်းယှဉ်ကြည့်ပါက ခရိုင်တရားရုံးများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသို့ အယူခံတက်ရောက်မှုနှုန်းသည် အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

**ဇယား (၂၉) ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်းနှင့်အမှုအရေအတွက်**

| ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|
| ဆုံးဖြတ်ပြီးအမှု (တရားလွှတ်တော်) | အယူခံမှု (ပြည်ထောင်စု တရားလွှတ် တော်ချုပ်) | ဆုံးဖြတ်ပြီးအမှု (တရားလွှတ်တော်) | အယူခံမှု (ပြည်ထောင်စု တရားလွှတ် တော်ချုပ်) | ရာဇဝတ် | တရားမ |
| ၅၇၁၈ | ၂၀၁ | ၄၉၈၆ | ၇၆၃ | ၄% | ၁၅% |




*ပုံ(၂၉) ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတက်ရောက်မှုနှုန်း*

## တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့် ရာဇဝတ်မှုနှင့် တရားမမှု စွဲဆိုမှုရာခိုင်နှုန်း

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ဆောင်ရသည့်လုပ်ငန်းပမာဏကို သိရှိနိုင်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုမှုအရေအတွက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စွဲဆိုသောအမှုအရေအတွက် အချိုးအစားကို ရာခိုင်နှုန်းဖြင့် ဖော်ပြထားပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်တရားရုံး အဆင့်ဆင့်သို့ စွဲဆိုတင်ပို့ခဲ့သည့် ရာဇဝတ်မှုနှင့် တရားမမှု စွဲဆိုမှုရာခိုင်နှုန်းကို ဇယား (၃၀) တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။ ဇယား (၃၀)အရ တိုင်းဒေသကြီး၊ ပြည်နယ်(၁၄)ခုတွင် စွဲဆိုထားသော ရာဇဝတ်မှုစုစုပေါင်း ၄၁၉၀၃၅ ရှိပါသည်။ အဆိုပါစွဲဆိုမှု၏ ၃၇.၄% ကို ရန်ကုန်တိုင်းဒေသကြီးတွင် စွဲဆိုခဲ့ပြီး၊ ၁၂.၁% ကို မန္တလေးတိုင်းဒေသကြီးတွင် စွဲဆိုခဲ့ကြောင်းတွေ့ရှိရပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်(၁၄)ခုတွင် စွဲဆိုထားသော တရားမမှုစုစုပေါင်း ၄၆၃၉၀ ရှိပါသည်။ အဆိုပါစွဲဆိုမှု၏ ၂၀.၇% ကို မန္တလေးတိုင်းဒေသကြီးတွင် စွဲဆိုခဲ့ပြီး၊ ၁၈.၃% ကို ရန်ကုန်တိုင်းဒေသကြီးတွင် စွဲဆိုခဲ့ကြောင်းတွေ့ရှိရပါသည်။

**ဇယား(၃၀) ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်တရားရုံးအဆင့်ဆင့်သို့ စွဲဆိုတင်ပို့ခဲ့သည့် ရာဇဝတ်မှု၊ တရားမမှုစုစုပေါင်းနှင့် စွဲဆိုမှုရာခိုင်နှုန်း**

| တိုင်းဒေသကြီး /ပြည်နယ် | ရာဇဝတ်မှု စွဲတင် စုစုပေါင်း | တရားမမှု စွဲတင် စုစုပေါင်း | ရာဇဝတ်မှု စွဲတင် မှုရာခိုင်နှုန်း | တရားမမှု စွဲတင် မှုရာခိုင်နှုန်း |
|---|---|---|---|---|
| ကချင် | ၇၄၁၆ | ၉၃၈ | ၁.၈% | ၂% |
| ကယား | ၁၂၁၃ | ၁၃၆ | ၀.၃% | ၀.၃% |
| ကရင် | ၅၆၄၉ | ၅၉၄ | ၁.၃% | ၁.၃% |
| ချင်း | ၃၇၂၈ | ၁၀၈ | ၀.၉% | ၀.၂% |
| စစ်ကိုင်း | ၂၈၇၀၃ | ၃၁၅၁ | ၆.၈% | ၆.၈% |
| တနင်္သာရီ | ၁၁၄၆၃ | ၇၄၃ | ၂.၇% | ၁.၆% |
| ပဲခူး | ၃၃၀၆၁ | ၆၃၁၂ | ၇.၉% | ၁၃.၆% |
| မကွေး | ၃၄၉၀၂ | ၃၇၈၉ | ၈.၃% | ၈.၂% |
| မန္တလေး | ၅၀၈၈၅ | ၉၅၈၇ | ၁၂.၁% | ၂၀.၇% |
| မွန် | ၁၆၅၅၂ | ၂၀၅၉ | ၄% | ၄.၄% |
| ရခိုင် | ၇၄၇၇ | ၁၀၇၇ | ၁.၈% | ၂.၃% |
| ရန်ကုန် | ၁၅၆၇၄၂ | ၈၅၀၃ | ၃၇.၄% | ၁၈.၃% |
| ရှမ်း | ၁၄၈၈၁ | ၁၉၉၁ | ၃.၆% | ၄.၃% |
| ဧရာဝတီ | ၄၆၃၆၃ | ၇၄၀၂ | ၁၁.၁% | ၁၆% |
| **စုစုပေါင်း** | **၄၁၉၀၃၅** | **၄၆၃၉၀** | ၁၀၀% | ၁၀၀% |







ပုံ (၃၀) *၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီး / ပြည်နယ်အလိုက် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုခဲ့သည့် ရာဇဝတ်မှု၊ တရားမမှု စွဲဆိုမှုရာခိုင်နှုန်း*

## မှုခင်းပမာဏနှင့်တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု

ပြက္ခဒိန်နှစ်အတွင်း တရားသူကြီးတစ်ဦးစစ်ဆေးရသည့်မှုခင်းပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့် အမှုပမာဏကို တိုင်းတာရန်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် တရားရုံးအဆင့်အလိုက် တရားသူကြီးတစ်ဦးလျှင် လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်နှင့် စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်တို့ကို **ဇယား ( ၃၁ )** တွင် ဖော်ပြထားပါသည်။

ယင်းဇယားအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၄၃၂ မှု ဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၃၅၉ မှုဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့်အမှုအရေအတွက်မှာ ၁၉၂ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၁၇၈ မှု ဖြစ်ပါသည်။

ခရိုင်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏လက်ခံစစ်ဆေးရသည့်အမှုအရေအတွက်မှာ ၁၅၄ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၁၂၆ မှု ဖြစ်ပါသည်။

မြို့နယ်တရားရုံးများတွင် ပျမ်းမျှအားဖြင့် တရားသူကြီးတစ်ဦး၏လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ၄၁၄ မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်မှာ ၃၇၈ မှု ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် တိုင်းဒေသကြီး၊ပြည်နယ်တရားလွှတ်တော်များ၏ အမှုစစ်ဆေးပြီးပြတ်နိုင်သည့်စွမ်းဆောင်နိုင်မှုသည် အမြင့်မားဆုံးဖြစ်ပါသည်။

**ဇယား (၃၁) ၂၀၂၀ ပြည့်နှစ်အတွင်း တရားရုံးအဆင့်ဆင့်အလိုက်တရားသူကြီးတစ်ဦးစစ်ဆေးရသည့် အမှုပမာဏနှင့်စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ**

| | စွဲဆိုမှု (ရာဇဝတ်+ တရားမ+ စာချုန်) | ပြီးပြတ် (ရာဇဝတ်+ တရားမ+ စာချုန်) | တရားသူကြီး အရေအတွက် | မှုခင်းပမာဏ | ဆောင်ရွက်နိုင်မှု | ဆောင်ရွက်မှုရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၃၈၈၇ | ၃၂၃၁ | ၉ | ၄၃၂ | ၃၅၉ | ၈၃% |
| တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ | ၁၁၅၃၁ | ၁၀၇၀၄ | ၆၀ | ၁၉၂ | ၁၇၈ | ၉၃% |
| ခရိုင်တရားရုံးများ | ၃၄၅၇၁ | ၂၈၂၄၃ | ၂၂၅ | ၁၅၄ | ၁၂၆ | ၈၂% |
| မြို့နယ်တရားရုံးများ | ၃၃၃၉၀၃ | ၃၀၅၀၆၉ | ၈၀၆ | ၄၁၄ | ၃၇၈ | ၉၁% |




*ပုံ (၃၁) ၂၀၂၀ ပြည့်နှစ်အတွင်းတရားသူကြီးတစ်ဦးစစ်ဆေးရသည့်အမှုပမာဏနှင့်စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ*

## အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက်ခွဲခြားဖော်ပြခြင်း

၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့ စွဲဆိုခဲ့သည့် အရေးကြီးရာဇဝတ်မှုများဖြစ်သည့် မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ယာဉ်မတော်တဆမှုကြောင့် လူသေမှု၊ ကလေးသူငယ်ဥပဒေအရစွဲဆိုသည့်မှုခင်းများ၏ စွဲဆိုသည့်ပမာဏအရဖြစ်ပွားနေသည့် အခြေအနေကို သိရှိစေရန်ရည်ရွယ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့စွဲဆိုခဲ့သည့် ရာဇဝတ်မှုလမှု စုစုပေါင်း ၂၈၉၀၂၆ ရှိပါသည်။ အဆိုပါအမှုများအနက် နေ့ချင်းပြီး စစ်ဆေးပြီးပြတ်ခဲ့သည့် အသေးအဖွဲမှုစုစုပေါင်း ၁၈၆၄၆၇ ရှိပါသည်။

ကျန်ရှိသည့်အမှုပေါင်း ၁၀၂၅၅၉ မှုတွင် **မုဒိမ်းမှုများသည်** ၀.၅%၊ **သက်ငယ်မုဒိမ်းမှုများသည်** ၁.၁%၊ **လူသတ်မှုများသည်** ၁.၃%၊ **မူးယစ်ဆေးဝါးမှုများသည်**၁၃.၉% ၊ **လူကုန်ကူးမှုများသည်**၀.၂% ၊**ယာဉ်မတော်တဆမှုကြောင့်လူသေမှု**သည် ၂.၇%၊ **ကလေးသူငယ်မှုခင်းများ**သည် ၅.၄% အခြားအမှုများသည် ၇၄.၉% စွဲဆိုခဲ့ပါသည်။* အမှုအမျိုးအစားတစ်ခုချင်းအလိုက်အသေးစိတ်စာရင်းကို **ဇယား (၃၂)** တွင် ဖော်ပြထားပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊လူကုန်ကူးမှု၊ ယာဉ်မတော်တဆမှုကြောင့်လူသေမှု၊ ကလေးသူငယ်မှုခင်းများ၏ စွဲဆိုမှုအခြေပြဇယားကို **နောက်ဆက်တွဲ (၄)** တွင် ဖော်ပြထားပါသည်။

အရေးကြီးရာဇဝတ်မှုခင်းများအနက် မူးယစ်ဆေးဝါးမှုများသည်စွဲဆိုမှုအများဆုံးဖြစ်ပြီး၊ ကလေးသူငယ်မှုခင်းများနှင့် ယာဉ်မတော်တဆမှုကြောင့်လူသေမှုများသည် ဒုတိယနှင့် တတိယအများဆုံးစွဲဆိုသောအမှုများဖြစ်သည်ကိုတွေ့ရှိရပါသည်။

**တစ်နိုင်ငံလုံးရှိမြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့စွဲဆိုခဲ့သည့် ရာဇဝတ်မှုလမှုအရေအတွက်မှ နေ့ချင်းပြီးစစ်ဆေးပြီးပြတ်သည့်အမှုများကိုနုတ်၍ ကျန်ရှိသည့်အမှုအရေအတွက်နှင့် အရေးကြီးအမှုအမျိုးအစားတစ်ခုချင်းအလိုက်စွဲဆိုသည့်အမှုအရေအတွက်ကိုအချိုးယူတွက်ချက်ထားခြင်းဖြစ်ပါသည်။*

ဇယား (၃၂) ၂၀၂၀ ပြည့်နှစ်အတွင်း အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက်စွဲဆိုမှု

| အမှုအမျိုးအစား | | စွဲဆိုသည့်အမှုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| မူးယစ်ဆေးဝါးမှု | | ၁၄၂၇၂ | ၁၃.၉% |
| လူသတ်မှု | | ၁၃၆၉ | ၁.၃% |
| မုဒိမ်းမှု | အရွယ်ရောက် | ၅၆၄ | ၀.၅% |
| | သက်ငယ် | ၁၁၃၆ | ၁.၁% |
| လူကုန်ကူးမှု | | ၁၆၁ | ၀.၂% |
| ယာဉ်မတော်တဆမှုကြောင့်လူသေမှု | | ၂၇၃၀ | ၂.၇% |
| ကလေးသူငယ်ဥပဒေအရစွဲဆိုသည့်မှုခင်းများ | | ၅၅၁၈ | ၅.၄% |
| အခြား | | ၇၆၈၀၉ | ၇၄.၉% |
| **စုစုပေါင်း** | | **၁၀၂၅၅၉** | ၁၀၀.၀% |




*ပုံ (၃၂) ၂၀၂၀ ပြည့်နှစ်အတွင်း အရေးကြီး ရာဇဝတ်အမှုအမျိုးအစားအလိုက်စွဲဆိုမှု*

အပိုင်း (၄)

# မဟာဗျူဟာစီမံကိန်း တတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၀) အကောင်အထည်ဖော် ဆောင်ရွက်မှုများ

## မဟာဗျူဟာစီမံကိန်းဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံ၏တရားစီရင်ရေးကဏ္ဍကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်ရန်အတွက် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၅ - ၂၀၁၇) ၏အောင်မြင်မှုနှင့်အတွေ့အကြုံများကို အခြေခံ၍ (၂၀၁၈- ၂၀၂၂) စီမံကိန်းကို ချမှတ်ခဲ့သည်။ တရားစီရင်ရေး၏ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများရရှိအောင်မြင်စေရန်အတွက်နယ်ပယ် (၅) ရပ်အဖြစ် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်၊ အများပြည်သူ၏အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ပေးရန်၊ တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်နှင့် ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သောအထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်စသည်ဖြင့် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ငါးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် တိုင်းတာနိုင်သည့်လုပ်ငန်းလျာထားချက်များသတ်မှတ်ထားရှိပါသည်။ အမှုပြီးပြတ်မှုနှုန်းကို ၁၀၀% သို့ရောက်ရှိရန်နှင့် တရားရုံးအသုံးပြုသူများ၏ကျေနပ်မှုကို ၇၇% ရရှိနိုင်ရန် ရည်မှန်းချက်များပါဝင်ပါသည်။ စီမံကိန်း၏အစီအစဉ်များကို ဦးစားပေးအဆင့်(၁) အဖြစ်သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ စီမံကိန်းအကောင်အထည်ဖော်ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးမျိုးတင့် ဦးဆောင်သည့် မဟာဗျူဟာစီမံကိန်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီက စီမံကိန်းအကောင်အထည်ဖော်မှုကိုကြီးကြပ်ခြင်း၊ စီမံကိန်းတိုးတက်မှု အစီရင်ခံစာတင်ပြခြင်းနှင့်နှစ်စဉ်ဆောင်ရွက်မည့်တစ်နှစ်တာလုပ်ငန်းအစီအစဉ် ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပါသည်။

## မဟာဗျူဟာစီမံကိန်းတတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၀)၏ အောင်မြင်မှုများ

၂၀၂၀ ပြည့်နှစ်အတွင်း ထိပ်တန်းအဆင့်ဦးစားပေးအစီအစဉ်များကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ တရားရုံးမိတ်ဖက်အဖွဲ့အစည်းများနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ကြိုးမားသည့် ဝိုင်းဝန်းဆောင်ရွက်ပေးမှုဖြင့် ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၏ ထင်ရှားသည့်အောင်မြင်မှုများမှာ-

- Covid 19 ကပ်ရောဂါဖြစ်ပွားမှုအခြေအနေအရ အမှုများရွှေ့ဆိုင်းချိန်းဆိုရသော်လည်း တရားရုံးအဆင့်ဆင့်သို့စွဲဆိုသည့် စုစုပေါင်းအမှုများ၏ ၉၂.၂% ပြီးပြတ်အောင်ဆောင်ရွက်ခြင်း
- နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၂၅) ရုံးနှင့် မြို့နယ်တရားရုံး (၁၀၉) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး၊ ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်တရားရုံး(၆) ရုံးတွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

- ခရိုင်တရားရုံး (၁၆) ရုံးတွင် အထူးသက်သေစစ်မေးခန်းနှင့် ဗီဒီယိုဖြင့်စစ်ဆေးသည့် အထောက်အပံ့ပစ္စည်းများတိုးချဲ့တပ်ဆင်ခြင်း
- လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများကို ထုတ်ပြန်ခြင်း
- တရားမမှုများကို စေ့စပ်ဖြေရှင်းရေးအတွက် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းရေးဆွဲတင်ပြခြင်း
- မြန်မာနိုင်ငံတရားစီရင်ထုံးများကို အချက်အလက်ဖြင့် ရှာဖွေသည့်စနစ်စတင်ဆောင်ရွက်ခြင်း
- ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များ Online မှထုတ်ပြန်ခြင်းစနစ် စတင်ဆောင်ရွက်ခြင်း
- "နိုင်ငံခြားငွေကြေးဆိုင်ရာစီရင်ချက်များ အတည်ပြုရန်အတွက် လမ်းညွှန်မှုစာချွန်လွှာ" ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူတရားလွှတ်တော်ချုပ်တို့ လက်မှတ်ရေးထိုးခြင်း
- Covid 19 ကာကွယ်၊ထိန်းချုပ်နေသည့်ကာလအတွင်း ရာဇဝတ်မှုများ၊ ကလေးသူငယ်မှုခင်းတွင်နည်းပညာအသုံးပြုဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များထုတ်ပြန်ခြင်း
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် Video Conference စနစ်ဖြင့် အယူခံ၊ ပြင်ဆင်မှုများကြားနာခြင်း၊ အမိန့်ချမှတ်ခြင်း၊ တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြု လက်မှတ်ပေးအပ်ခြင်း
- တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ Website များလွှင့်တင်နိုင်ခြင်း
- ၂၀၁၉ ခုနှစ်အတွက် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်နိုင်ခဲ့ခြင်း
- တရားရုံးအဆင့်ဆင့်တွင် သတင်းမီဒီယာနှင့် စုစုပေါင်း (၂၀၆) ကြိမ်တွေ့ဆုံ၍ အများပြည်သူ စိတ်ဝင်စားသည့်မှုခင်းများကို အချိန်နှင့်တစ်ပြေးညီသတင်းထုတ်ပြန်ခြင်းတို့ဖြစ်ပါသည်။

## ၂၀၂၀ ပြည့်နှစ် ဆောင်ရွက်မှုအခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကာလသည် Covid 19 ကပ်ရောဂါဖြစ်ပွားဆဲကာလဖြစ်ပါသည်။ ယင်းကာလတွင် ၂၀၂၀ ပြည့်နှစ် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို သတ်မှတ်သည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရောဂါပျံ့နှံ့ဖြစ်ပွားမှု၊ အသွားအလာကန့်သတ်မှုတို့အရ အမှုများရွှေ့ဆိုင်းချိန်းဆိုရသဖြင့် စစ်ဆေးဆဲကြန့်ကြာမှုခင်း၊ အမှုရွှေ့ဆိုင်းနှုန်းနှင့် ပျမ်းမျှရုံးချိန်းအရေအတွက် လျှော့ချနိုင်မှုတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ခြင်းမရှိပါ။ သို့သော် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တရားရုံးများသည် ၂၀၂၀ ပြည့်နှစ်အတွင်း စုစုပေါင်းအမှုပြီးပြတ်နှုန်းကို ၈၉.၅% ထိ ဆောင်ရွက်နိုင်ခဲ့ပြီး၊ သတ်မှတ်ကာလအတွင်း ရာဇဝတ်၊ တရားမမှုများ၏ ၅၀% ကျော်ကို ဆုံးဖြတ်နိုင်ခဲ့ပါသည်။

## တရားရုံး၏ ဆောင်ရွက်မှုတိုးတက်စေရန် ရည်မှန်းချက်များနှင့် လျာထားသတ်မှတ်ချက်များကို အကောင်အထည်ဖော်နိုင်မှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၈-၂၀၂၂ ခုနှစ် ငါးနှစ်တာမဟာဗျူဟာစီမံကိန်းတွင် ပြည်သူလူထု၏ ဖြစ်ပေါ်လျက်ရှိသည့် တရားစီရင်ရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ရည်မှန်းချက်များနှင့် လျာထားချက်များသတ်မှတ်ထားပါသည်။ အဆိုပါ ရည်မှန်းချက်များသည် မဟာဗျူဟာစီမံကိန်း၏ အရေးပါသည့် ရည်မှန်းချက်ပြည့်မီမှုကို တိုင်းတာမည့် ဓမ္မဓိဋ္ဌာန်ကျသည့် သတင်းအချက်အလက် အခြေခံနည်းစနစ်တစ်ရပ်ဖြစ်ပါသည်။အမှုပြီးပြတ်မှုနှုန်းကိုတစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ပါတွက်ချက်ထားပြီးအခြားအချက်အလက်များကို

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် **(NCMP)**အရ တည်ထောင်ထားသည့် တရားရုံး (၂၀၈) ရုံး၏ ဆောင်ရွက်ချက်များအပေါ် နှိုင်းယှဉ်၍ သတ်မှတ်တိုင်းတာဖော်ပြထားပါသည်။

**တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ၏အဓိကလုပ်ငန်းလျာထားသတ်မှတ်ချက်များ**

| အဓိကဆောင်ရွက်မှု အတိုင်းအတာ | အခြေခံမျဉ်းအချက်အလက်အရင်းအမြစ် | တိုင်းတာမှု | အခြေခံမျဉ်း | လုပ်ငန်းလျာထားသတ်မှတ်ချက် | | |
|---|---|---|---|---|---|---|
| | | | | ၂၀၁၈ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၂ |
| ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း | တစ်နိုင်ငံလုံးအမှု ပြီးပြတ်နှုန်း[1] | ရာဇဝတ်မှု ပြီးပြတ်နှုန်း | ၉၈% | ၉၉% | ၁၀၀% | ၁၀၀% |
| | | တရားမမှု ပြီးပြတ်နှုန်း | ၉၆% | ၉၈% | ၁၀၀% | ၁၀၀% |
| | | စုစုပေါင်း ပြီးပြတ်မှုနှုန်း | ၉၇% | ၉၉% | ၁၀၀% | ၁၀၀% |
| စစ်ဆေးဆဲအမှုများ၏ သက်တမ်း | တစ်နိုင်ငံလုံး စစ်ဆေးဆဲအမှုများ၏ သက်တမ်း[2] | ၁၂လအထက် စစ်ဆေးဆဲ ရာဇဝတ်မှု | ၇% | ၆% | ၅% | ၅% |
| | | ၃၆လအထက် စစ်ဆေးဆဲ တရားမမှု[3] | ၅% | ၃% | ၂% | ၂% |
| တရားရုံး အသုံးပြုသူများ၏ ကျေနပ်မှု | ရှေ့ပြေးတရားရုံးများ၏ မေးခွန်း ၁၀ ခုပါ စစ်တမ်း -၂၀၁၈[4] | တရားရုံးအသုံး ပြုသူများ၏ ကျေနပ်မှု | ၇၂% | ၇၅% | ၇၇% | ၈၀% |
| အမှုရွှေ့ဆိုင်းသည့်နှုန်း | ရှေ့ပြေးတရားရုံးများ (၂၀၁၈)ခုနှစ် | ရာဇဝတ်မှု ရွှေ့ဆိုင်းမှုနှုန်း | ၃၁% | ၂၅% | ၂၀% | ၂၀% |
| | | တရားမမှု ရွှေ့ဆိုင်းမှုနှုန်း | ၂၆% | ၂၅% | ၂၀% | ၂၀% |
| အမှုအလိုက်ကြားနာရန် ချိန်းဆိုသောပျမ်းမျှရုံး ချိန်း အရေအတွက် | ရှေ့ပြေးတရားရုံးများ (၂၀၁၈ ) ခုနှစ် | ရာဇဝတ်မှု | ၈.၅ | ၈ | ၈ | ၈ |
| | | တရားမမှု | ၂၁.၅ | ၁၈ | ၁၄ | ၁၂ |

[1] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏တရားရုံးနှစ်စဉ်အစီရင်ခံစာမှ ပြီးပြတ်မှုနှုန်းဖော်ပြချက်

[2] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏တရားရုံးနှစ်စဉ်အစီရင်ခံစာမှ စစ်ဆေးဆဲအမှုများ၏သက်တမ်းဖော်ပြချက်

[3]တရားရုံးနှစ်စဉ်အစီရင်ခံစာ (၂၀၁၆) အရလည်းကောင်း၊မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရလည်းကောင်းသတ်မှတ်ပါသည်။

[4] ရှေ့ပြေးတရားရုံးရှစ်ရုံး၏အသုံးပြုသူများကျေနပ်မှုစစ်တမ်း(မေးခွန်း ၁၀ ခု)၊ပိတ်သိမ်းပြီးအမှုများ၏ပျမ်းမျှအမှုရွှေ့ဆိုင်း မှုစစ်တမ်းနှင့် ချိန်းဆိုသည့်အကြိမ်အရေအတွက် (၂၀၁၇ ခုနှစ် ဇူလိုင်)

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)၏ ရည်မှန်းချက်ပြည့်မီမှုကို တိုင်းတာရန် နှစ်အလိုက် ရည်မှန်းချက်များသတ်မှတ်ထားသည်။ တရားရုံး၏ဆောင်ရွက်ချက်များကို အောက်ပါအချက်များဖြင့်အဓိက တိုင်းတာမည်ဖြစ်သည်-

- ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း- တရားရုံး၏မှုခင်းပမာဏကိုအမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးစွမ်းရည်ကို တိုင်းတာရန်
- စစ်ဆေးဆဲအမှုများ၏သက်တမ်း - အမှုဟောင်းများနှင့်ကြန့်ကြာမှုခင်းများကို စောင့်ကြပ်ကြည့်ရှုရန်
- အမှုချိန်းဆိုမှုသေချာစေခြင်း- အမှုရွှေ့ဆိုင်းနှုန်း၊ အမှုအလိုက် အမှုကြားနာရန် ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက်၊ စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုတို့ဖြင့် တရားရုံးက ချိန်းဆိုသည့်အတိုင်း ထိရောက်စွာဆောင်ရွက်နိုင်မှုကို တိုင်းတာရန်
- တရားရုံးအသုံးပြုသူများ၏ကျေနပ်မှု - တရားရုံး၏အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု၊ တရားရုံး ဝန်ဆောင်မှုနှင့် ပြည်သူများလက်လှမ်းမီမှုအပေါ် အမှုသည်များနှင့် ပြည်သူများ၏ ကျေနပ်မှုကို တိုင်းတာရန်

## လျာထားသတ်မှတ်ချက် (၁) ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းသည် စွဲဆိုသောအမှုနှင့်ပြီးပြတ်သည့်အမှု အချိုးအစားဖြစ်သည်။ တရားရုံးအားလုံးနှင့် NCMP တရားရုံးများ၏ မှုခင်းပြီးပြတ်မှုနှုန်းတိုးတက်စေရန် ရည်ရွယ်၍ လျာထားချက် သတ်မှတ်ထားသည်။

၂၀၂၀ ပြည့်နှစ်အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

- ရာဇဝတ်မှုပြီးပြတ်နှုန်း ၁၀၀%
- တရားမမှုပြီးပြတ်နှုန်း ၁၀၀%
- စုစုပေါင်းပြီးပြတ်နှုန်း ၁၀၀%

## တစ်နိုင်ငံလုံး အမှုပြီးပြတ်နှုန်း

ရလဒ်-ဇယား (၁) အရ ၂၀၂၀ ပြည့်နှစ်တွင် အမှုပြီးပြတ်နှုန်းဖြစ်သော ရာဇဝတ်မှု (၉၃%) သည် လျာထားချက် ပြည့်မီခြင်းမရှိပါ။ တရားမမှု(၈၁%) နှင့် စုစုပေါင်းပြီးပြတ်နှုန်း (၉၂%) များသည် လျာထားချက်သို့ မရောက်ရှိခဲ့ပါ။

**ဇယား ၁- တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်း (၂၀၂၀ ပြည့်နှစ်)**

| ရာဇဝတ်မှု | | | | တရားမမှု | | | | စုစုပေါင်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| လျာထား ချက် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | လျာထား ချက် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | လျာထား ချက် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
| ၁၀၀% | ၉၈% | ၁၀၀.၃၁% | ၉၃% | ၁၀၀% | ၉၂% | ၉၁.၆၅% | ၈၁% | ၁၀၀% | ၉၈% | ၉၉.၅၇% | ၉၂% |

## နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)၏ နယ်ပယ်-၅ တွင် ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကိုတိုးမြှင့်ဆောင်ရွက်ရန်အတွက် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program-NCMP)ကို နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို ၂၀၁၈ ခုနှစ်တွင် ခရိုင်တရားရုံး (၁၂) ရုံး၊ မြို့နယ်တရားရုံး (၁၄) ရုံး၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ခရိုင်တရားရုံး (၅) ရုံးနှင့် မြို့နယ်တရားရုံး (၄၃) ရုံး၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ခရိုင်တရားရုံး (၂၅) ရုံး၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့တွင် မြို့နယ်တရားရုံး (၁၀၉) ရုံးတို့တွင် တိုးချဲ့အကောင်အထည်ဖော်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၄၂) ရုံး၊ မြို့နယ်တရားရုံး (၁၆၆) ရုံး၊ စုစုပေါင်း (၂၀၈) ရုံးတွင် အကောင်အထည်ဖော်ပြီးဖြစ်သည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် နှစ်အလိုက်အကောင်အထည်ဖော်ခဲ့သည့် NCMP တရားရုံးများစာရင်းကို **နောက်ဆက်တွဲ (၃)** တွင် ဖော်ပြထားသည်။

## NCMP တရားရုံးများ၏ အမှုပြီးပြတ်နှုန်း

## ၁.၂ တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှု တိုးတက်စေရန်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၁.၂.၁** တရားရုံးများတွင်ခေတ်မီအများပြည်သူဆိုင်ရာသတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများတည်ထောင်ခြင်း<br><br>• တရားရုံးအားလုံးတွင်သတင်းအချက်အလက်ကောင်တာများနှင့်အမှုလက်ခံကောင်တာများတည်ထောင်ရန် စီစဉ်ထားရှိခြင်း | ဦးစားပေး အဆင့်(၁) | တရားရုံးအားလုံးတွင် တည်ထောင်ထားပြီးဖြစ်ပါသည်။ | |
| **၁.၂.၂** အများပြည်သူအတွက်နည်းပညာသုံးမှုခင်းသတင်း အချက်အလက်စနစ်ဆောင်ရွက်ခြင်း<br><br>• ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မှုခင်း သတင်းအချက်အလက်များကို ကိုယ်တိုင်ရှာဖွေနိုင်သော Touch Screen Display များတပ်ဆင်ခြင်း<br><br>• ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် နေ့စဉ်အမှုခေါ်စာရင်းနှင့်စီရင်ချက်ချမှတ်မည့်အမှုစာရင်းများပြသမည့် LED TV စနစ်သို့အဆင့်မြှင့်တင်ရန် နည်းလမ်းရှာဖွေခြင်း | ဦးစားပေး အဆင့်(၁) | Touch Screen Display (၄)ခု တပ်ဆင်ပြီးဖြစ်ပါသည်။<br><br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ CMS အား နည်းပညာပိုင်းဆိုင်ရာစမ်းသပ်ပြင်ဆင်မှုများဆောင်ရွက်နိုင်ခဲ့သော်လည်း Covid-19 ကြောင့် အပြီးသတ်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |

**၁.၃ တရားရုံးသို့လာရောက်သူများအား ယဉ်ကျေးလိုက်လျောစွာဆက်ဆံရန်**

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၁.၃.၁** တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်းဆက်လက်ပေးခြင်း<br>• တိုင်းဒေသကြီး/ပြည်နယ်များအတွက် တရားရုံးဝန်ဆောင်မှုသင်တန်းဆရာများအား ဆရာဖြစ်လေ့ကျင့်သင်ကြားပေးခြင်း | ဦးစားပေး အဆင့်(၁) | Covid-19 ကပ်ရောဂါအခြေအနေကြောင့်ဆောင်ရွက်နိုင်ခြင်းမရှိပါ။ | |
| • ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများအတွက် ဆင့်ပွားသင်တန်းများပေးခြင်း | | ခရိုင်တရားရုံးနှင့်မြို့နယ်တရားရုံးများအတွက်ဆင့်ပွားသင်တန်းများနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးတွင်(၁)ကြိမ်၊ မွန်ပြည်နယ်တွင်(၂) ကြိမ်၊ ရှမ်းပြည်နယ်တွင်(၂)ကြိမ်၊ ပဲခူးတိုင်းဒေသကြီးတွင် (၁) ကြိမ်ဖြင့် စုစုပေါင်း (၆) ကြိမ်ကျင်းပနိုင်ခဲ့ပါသည်။ | သင်တန်းသားစုစုပေါင်း ၂၁၂ ဦးအားသင်တန်းပေးနိုင်ခဲ့ပါသည်။ |

နောက်ဆက်တွဲ(ပ) အဆက်

**၁.၄ တရားရုံးဝန်ဆောင်မှုများလက်လှမ်းမီနိုင်မှု တိုးတက်စေရေးအတွက် တရားရုံးအဆောက်အဦအသစ်များ ဆောက်လုပ်ရန်နှင့် လက်ရှိအဆောက်အဦများအား ပြုပြင်မွမ်းမံရန်**

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၁.၄.၁** တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်စေရေး အတွက် အခြေခံစံထားရှိသင့်သည့် ပုံစံသတ်မှတ်ခြင်း<br>• မြေနေရာရရှိမှုအပေါ်အခြေခံ၍ တရားရုံးအဆင့်ဆင့်ကို အခြေခံ သတ်မှတ်ပုံစံများနှင့်အညီ တည်ဆောက်ခြင်း | ဦးစားပေး အဆင့်(၁) | မြေနေရာရရှိမှုပေါ် အခြေခံ၍ သတ်မှတ်ပုံစံရေးဆွဲပြီးညွှန်ကြားဆောင်ရွက်လျက်ရှိပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |
| **၁.၄.၂** တရားရုံးတွင် ပြည့်စုံလုံလောက်မှုနှင့်စိတ်ချရမှုတို့ကို ရရှိခံစားနိုင်စေရန် တရားရုံးအထောက်အပံ့ပစ္စည်းများ ခေတ်မီအောင် ဆောင်ရွက်ခြင်း<br>• ၂၀၁၉ ခုနှစ်လုပ်ငန်းအစီအစဉ်အရ တည်ထောင်ထားသော CMP တရားရုံး (၇၄) ရုံးတွင် ကွန်ပျူတာမော်နီတာများ တပ်ဆင်ခြင်း၊ Printer Ink Cartridge များထောက်ပံ့ခြင်း<br>• တရားရုံးအဆောက်အဦသစ်များတွင် တရားရုံးအင်္ဂါရပ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း၊ လိုအပ်သော အထောက်အပံ့များပံ့ပိုးခြင်း | ဦးစားပေး အဆင့်(၁) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကွန်ပျူတာ နှင့် ပရင်တာ(၂၉)လုံး ထောက်ပံ့ခဲ့ပြီး ဖြစ်ပါသည်။<br>တရားရုံးအသစ်များတွင်တရားရုံး အင်္ဂါရပ်နှင့်အညီမွမ်းမံပြင်ဆင်ခြင်း၊ လိုအပ်သည့်အထောက်အပံ့ပစ္စည်း များပံ့ပိုးပေးခြင်းတို့ဆောင်ရွက်လျက်ရှိပါသည်။ | |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| • ၂၀၂၀ ခုနှစ် မှုခင်းစီမံခန့်ခွဲမှု ဖြန့်ကျက်အစီအစဉ်အရတိုးချဲ့သည့်တရားရုံးများတွင်အိုင်တီ ပစ္စည်းများကူညီထောက်ပံ့ခြင်း | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကွန်ပျူတာ (၅၅)လုံးနှင့် ပရင်တာ (၅၁)လုံးတို့အား ထောက်ပံ့ခဲ့ပါသည်။ | |
| • နိုင်ငံတစ်ဝန်းတွင်ကလေးသူငယ် အထူးစစ်ဆေးခန်းများနှင့် ဗီဒီယိုဖြင့်စစ်ဆေးသည့်အခြေခံ လိုအပ်ချက်များလုံလောက်စွာတိုးချဲ့နိုင်ရန်ဖြစ်နိုင်သည့်အလားအလာများရှာဖွေဖော်ထုတ်ခြင်း | | ၂၀၂၀ခုနှစ်တွင်ခရိုင်တရားရုံး (၁၆)ရုံး၌ အထူးသက်သေစစ်မေးခန်းများနှင့် Video Conferencing ထားရှိအသုံးပြုရန်ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို Unicef အကူအညီဖြင့် တပ်ဆင်ခဲ့ပါသည်။ | |

## မဟာဗျူဟာ အပိုင်း(၂)၊ အများပြည်သူ၏အသိအမြင်ကို မြှင့်တင်ပေးရန်

### ၂.၁ သတင်းမီဒီယာ၊ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှုတိုးတက်စေရန်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၂.၁.၁** တရားသူကြီးများကို မီဒီယာဆက်ဆံရေးကျွမ်းကျင်မှုသင်တန်းပေးခြင်း<br>• တရားရုံးအရာရှိများလုပ်ငန်းဝင် သင်တန်းတွင်မီဒီယာနှင့်ဆက်ဆံရေးဆိုင်ရာသင်တန်းပေးခြင်း | ဦးစားပေး အဆင့်(၁) | ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၂၈) မှ သင်တန်းသား/သင်တန်းသူ (၈၀) ဦးတို့အား မီဒီယာနှင့် ဆက်ဆံရေးသင်တန်းကို သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနမှသင်ကြားပို့ချခဲ့ပါသည်။ | |
| **၂.၁.၂** တရားရုံးများတွင်အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှုများတိုးတက်စေခြင်း<br>• အများပြည်သူစိတ်ဝင်စားသည့်မှုခင်းများနှင့်ထူးခြားမှုခင်းများတွင် တရားစီရင်ရေးကဏ္ဍ၏ဆောင် ရွက်ချက်များအပေါ်တိကျမှန်ကန်သော သတင်းအချက်အလက်များကိုမီဒီယာများမှတစ်ဆင့်အများပြည်သူ သိရှိအောင်ဆောင်ရွက်ခြင်း<br>• အများပြည်သူစိတ်ဝင်စားသည့်အမှုများကိုစီမံခန့်ခွဲရေးအတွက်လမ်းညွှန်ချက်ရေးဆွဲနိုင်ရန်နည်းပညာ အထောက်အပံ့ပေးခြင်း | ဦးစားပေး အဆင့်(၁) | ၂၀၂၀ ပြည့်နှစ်အတွင်းတွင်တရားရုံးအဆင့်ဆင့်ရှိ သတင်းပြန်ကြားရေးအဖွဲ့များ၊ တရားရုံးသတင်းပြန်ကြားရေးအရာရှိများမှသတင်းမီဒီယာနှင့်ထိတွေ့ဆက်ဆံ၍ တရားစီရင်ရေးဆိုင်ရာသတင်းအချက်အလက်များမျှဝေပေးခဲ့ပါသည်။<br><br>မဆောင်ရွက်နိုင်ခဲ့ပါ။ | သတင်းအချက်အလက်များကို (၂၀၆)ကြိမ် မျှဝေပေးနိုင်ခဲ့ပါသည်။ |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၂.၁.၃** အများပြည်သူဆိုင်ရာ သတင်းအချက်အလက်အစီအစဉ်တိုးချဲ့ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်(၁) | | |
| • USC ၏ Website တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံးများ၏မှုခင်းဆောင်ရွက်မှုအခြေအနေများဖော်ပြခြင်း | | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်websiteတွင်လွှင့်တင်ဖော်ပြနေပြီ ဖြစ်ပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |
| • USC Website တွင်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုများ၏ စီရင်ချက်များဖော်ပြခြင်း | | စီရင်ချက်များလွှင့်တင်ပေးလျက်ရှိပါသည်။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များထုတ်ပြန်ခြင်းစနစ် (CJS) ကိုလည်း ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |
| • တရားရေးဂျာနယ်ပုံမှန်ထုတ်ဝေခြင်း | | တရားရေးဂျာနယ် အတွဲ(၃)၊ အမှတ် (၉) အားထုတ်ဝေပြီးဖြစ်ပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |
| • တရားလွှတ်တော်များအလိုက် တရားရုံး နှစ်စဉ်အစီရင်ခံစာများ ထုတ်ဝေခြင်း | | ၂၀၂၀ ခုနှစ်အတွင်း၌တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များအားလုံးတွင် ၂၀၁၉ခုနှစ်အတွက်တရားရုံးနှစ်စဉ်အစီရင်ခံစာများ ထုတ်ဝေနိုင်ခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |
| • ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာတွင် ဒီဇိုင်းပုံစံများ၊ ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များတိုးမြှင့်လွှင့်တင်ခြင်း | | တရားစီရင်ရေးဆိုင်ရာ သတင်းနှင့် ကြေညာချက် (၇၆) ကြိမ်လွှင့်တင်ခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |
| • USC ၏Website အား Web Portal အသွင်ကူးပြောင်းနိုင်ရေးအတွက် upgrade ပြုလုပ်ခြင်း | | Web Portal အသွင်ကူးပြောင်း၍ ၁-၁၂-၂၀၂၀ ရက်နေ့တွင်စတင်လွှင့်တင်ဖော်ပြခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |

နောက်ဆက်တွဲ(ပ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| • တရားလွှတ်တော်များ၏ Website များကို ၂၀၁၉ ခုနှစ်တွင် အပြီးရေးဆွဲပြီး ၂၀၂၀ခုနှစ်တွင် Online လွှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်း | | တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ website များ ရေးဆွဲပြီးလွှင့်တင်နိုင်ခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်နိုင်ခဲ့ပါသည်။ |
| • တရားရုံးလုပ်ငန်းစဉ်များ၌ ဥပဒေငြိစွန်းသောကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက် လက်ကမ်းစာစောင်များပြုစုခြင်းနှင့် ဖြန့်ဝေပေးခြင်း (ဥပဒေအရအရေးယူခံရသော ကလေးသူငယ်များနှင့်ထိခိုက်နစ်နာသူကလေးသူငယ်များ၊ သက်သေများ အပါအဝင်) | | ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |
| • လူမှုခံယူခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းပြီးပါကအများပြည်သူသို့အသိပညာပေးရေးအတွက်ဇာတ်လမ်းတိုများ ရိုက်ကူးထုတ်လွှင့်ခြင်း | | ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |

**၂.၂ တရားရုံးသတင်းအချက်အလက်ဆိုင်ရာ ရပ်ရွာအခြေပြုအစီအစဉ်များ မြှင့်တင်ဆောင်ရွက်ရန်**

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၂.၂.၁** အများပြည်သူအထောက်အကူပြု အစီအစဉ်များဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်(၁) | | |
| • တရားရုံးအသုံးပြုသူများကတရားရုံးနှင့်သက်ဆိုင်သည့်အချက်အလက်များကိုအလွယ်တကူသိရှိနိုင်ရန်လက်ကမ်းစာစောင်များ၊ဗီနိုင်းများ၊လမ်းညွှန်အမှတ်အသားများထားရှိခြင်း | | တရားရုံးအသုံးပြုသူများအနေဖြင့် တရားရုံးနှင့်သက်ဆိုင်သည့်အချက်အလက်များနှင့် Covid 19 ရောဂါကာကွယ်ရန်အတွက်ဆောင်ရွက်မည့်လမ်းညွှန်ချက်များကိုအလွယ် | |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| | | တကူသိရှိနားလည်စေရန်အများ မြင်သာသောနေရာ၌ကြော်ငြာဆိုင်းဘုတ်များကိုဗီနိုင်းဖြင့်ချိတ်ဆွဲခြင်း၊ လမ်းညွှန်အမှတ်အသားထားရှိခြင်းများဆောင်ရွက်ခဲ့ပါသည်။ | |
| • အများပြည်သူအထောက်အကူပြု လမ်းညွှန်ချက်များဖွံ့ဖြိုးတိုးတက်စေရန်ကူညီခြင်း | | ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |
| • နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်သင်တန်းဆရာများနှင့်ညှိနှိုင်းရေးမှူးများအားသင့်လျော်သည့်အသုံးချလမ်းညွှန်ချက်များအတွက်သင်တန်းပေးခြင်း | | Covid-19 အခြေအနေကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |
| • အများပြည်သူအထောက်ကူပြုမှုဆိုင်ရာပစ္စည်းများဖွံ့ဖြိုးတိုးတက်လာစေရန်နည်းပညာအကူအညီနှင့်ဘဏ္ဍာရေးအထောက်အပံ့ပေးခြင်း | | ဘဏ္ဍာရေးအထောက်အပံ့များပေးရန်စီစဉ်ဆောင်ရွက်ပါသည်။ | |
| **၂.၂.၂** မြန်မာနိုင်ငံတရားသူကြီးများအတွက်တရားစီရင်ရေးကျင့်ဝတ်အပေါ် အများပြည်သူအသိအမြင် တိုးမြှင့်ပေးသည့်အစီအစဉ်များဆောင်ရွက်ခြင်း<br>• မြန်မာတရားသူကြီးများအတွက်တရားစီရင်ရေးကျင့်ဝတ်ကို အများပြည်သူသိရှိအောင်ဆက်လက်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်(၁) | ပြည်ထောင်စုတရားလွှတ်တော်ချုပ် Websiteတွင်လွှင့်တင်ထားပြီးဖြစ်ပါသည်။ | |

နောက်ဆက်တွဲ(ပ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| • မြန်မာတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကို ပြည်သူသို့အသိပညာပေးခြင်း | | ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |
| **၂.၂.၃** တရားရုံးသတင်းအချက်အလက်များကိုတိုင်းရင်းသားဘာသာစကားများဖြင့်ဆောင်ရွက်ပေးခြင်း<br>• တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားများဖြင့် ဖြန့်ဝေပေးခြင်း | ဦးစားပေး အဆင့်(၁) | ၂၀၂၀ပြည့်နှစ်အတွင်းကချင်၊ကယား၊ စကောကရင်၊ပိုးကရင်၊မွန်၊ရှမ်း၊ပအိုဝ်း ဘာသာများဖြင့်ရာဇဝတ်/ တရားမ/ စာချုန်တော်အကြောင်းသိကောင်း စရာများနှင့်လက်ကမ်းစာစောင်ပေါင်း (၂၁၀၀၀) အားဖြန့်ဝေပေးခဲ့ပါသည်။ | |

## မဟာဗျူဟာ အပိုင်း(၃)၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်

### ၃.၁ တရားစီရင်ရေးကို ခိုင်မာ၍ ယုံကြည်ထိုက်သော လွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် တိုးမြှင့်ဖော်ဆောင်ရန်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၃.၁.၁** တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု၏ လက်ရှိအနေအထားကိုဆန်းစစ်အကဲဖြတ်ခြင်း | ဦးစားပေး အဆင့်(၁) | | |
| • တရားစီရင်ရေးပိုမိုခိုင်မာစေရန်အကြံပြုချက်များရရှိရေးအတွက်တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်လက်တွေ့ကျင့်သုံးမှုများအပေါ်အကဲဖြတ်မှုများ ဆက်လက်ဆောင်ရွက်ခြင်း | | ICJ နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |
| • တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် တာဝန်ခံမှုတို့နှင့်ပတ်သက်ပြီးကောက်ယူရရှိသည့်အချက်အလက်များကိုအခြေခံ၍ စာတမ်းပြုစုခြင်း | | ICJ နှင့်ပူးပေါင်း၍တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့်တာဝန်ခံမှုဆိုင်ရာစာတမ်းတစ်စောင်ရေးသားခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |
| **၃.၁.၂** ကောင်းမွန်စွာလုပ်ဆောင်နိုင်ပြီး လွတ်လပ်သည့်တရားစီရင်ရေးအဖြစ် တိုးတက်ဖြစ်ပေါ်စေရန်အခြားသောမဏ္ဍိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်(၁) | | |
| • ဥပဒေအရ အတည်ပြုဆောင်ရွက်ရသည့် အခြားအဖွဲ့အစည်းများကို ဖိတ်ခေါ်၍ အချက်အလက်ရှာဖွေမှုဆိုင်ရာ ဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ခြင်း | | Covid-19 ကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိပါ။ | |
| • ကလေးသူငယ်များအတွက်တရားမျှတ | | ၂၀၂၀ခုနှစ်တွင် ဆောင်ရွက်နိုင်ခဲ့ခြင်း | |

နောက်ဆက်တွဲ(ပ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| ရေးနှင့်ဆက်နွယ်သော အမျိုးသားဆိုင်ရာ ဦးစားပေးသတ်မှတ်ချက်များ ဖော်ထုတ်နိုင်ရန်ကလေးသူငယ်တရားမျှတမှုမဟာဗျူဟာဖွံ့ဖြိုးတိုးတက်အောင်အထောက်အပံ့ပေးခြင်း<br><br>• ကလေးသူငယ်တရားမျှတမှုရရှိရေးကဏ္ဍတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပူးပေါင်းပါဝင်မှု အားကောင်းလာစေခြင်း၊ အရည်အသွေးပြည့် တရားမျှတမှုကို ကလေးသူငယ်များ လက်လှမ်းမီမှုတိုးတက်စေရေးအတွက်ကလေးသူငယ်တရားမျှတမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ့ဆုံပွဲများကို ပုံမှန်လုပ်ဆောင်ခြင်း | | မရှိပါ။<br><br>ကလေးသူငယ်မှုခင်းများစစ်ဆေးရာတွင်ကလေးသူငယ်ဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ခြင်း၊တရားစွဲအဖွဲ့အစည်းများ၊လူမှုဝန်ထမ်းဌာန၊လူမှုအဖွဲ့အစည်းများနှင့်အခါအားလျော်စွာတွေ့ဆုံခြင်းတို့အပြင်ကလေးသူငယ်တရားမျှတမှုဆိုင်ရာအရည်အသွေးပြည့်ဝရေးအတွက်UNICEFနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ | |
| **၃.၁.၃** အပြည်ပြည်ဆိုင်ရာတရားရေးအဖွဲ့အစည်းများနှင့်ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း<br><br>• ဒေသတွင်းတရားစီရင်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်(၁) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၀ ခုနှစ်အတွင်း စင်္ကာပူသမ္မတနိုင်ငံတရားလွှတ်တော်ချုပ်နှင့် ငွေကြေးဆိုင်ရာစီရင်ချက်များ အတည်ပြုရန်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့် (၈)ကြိမ်မြောက်အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးနှင့်အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့မှ ကျင်းပသောရာသီဥတုပြောင်းလဲ | |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| | | ခြင်းဆိုင်ရာအာရှ-ပစိဖိတ်တရားစီရင်ရေးဆိုင်ရာညီလာခံတို့ကိုonlineမှ တစ်ဆင့် ပါဝင်ဆွေးနွေးခဲ့ပါသည်။ | |
| **၃.၁.၄** တရားစီရင်ရေးကဏ္ဍနှင့်သက်ဆိုင်သည့် ဥပဒေမူကြမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းနှင့် အခြားဌာနဆိုင်ရာများသို့ သင့်လျော်သလို အကြံပြုချက်များပေးခြင်း | ဦးစားပေး အဆင့်(၁) | | |
| • ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ လုပ်ထုံးလုပ်နည်းများ အချောသတ်ရေးဆွဲခြင်း | | အချောသတ်ရေးဆွဲပြီးခဲ့ပါသည်။ | အချိန်မီပြီးစီးအောင်ဆောင်ရွက်ခဲ့ပါသည်။ |
| • ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မှုခင်းများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လက်စွဲစာအုပ် (QA) ရေးဆွဲခြင်း | | အချောသတ်ရေးဆွဲပြီးခဲ့ပါသည်။ | အချိန်မီပြီးစီးအောင်ဆောင်ရွက်ခဲ့ပါသည်။ |
| • စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ လုပ်ထုံးလုပ်နည်းများ(မူကြမ်း)ရေးဆွဲခြင်း | | မူကြမ်းအားအချောသတ်ရေးဆွဲပြီးခဲ့ပါသည်။ | အချိန်မီပြီးစီးအောင်ဆောင်ရွက်ခဲ့ပါသည်။ |
| • လူမွဲခံယူခြင်းဆိုင်ရာဥပဒေအတွက် နည်းဥပဒေများရေးဆွဲခြင်း | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏၂၈-၄-၂၀၂၀ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၃၂၁/၂၀၂၀) အရ ထုတ်ပြန်ပြီးဖြစ်ပါသည်။ | အချိန်မီပြီးစီးအောင်ဆောင်ရွက်ခဲ့ပါသည်။ |
| • Small Claim Procedure မူကြမ်းရေးဆွဲခြင်း | | ဆောင်ရွက်လျက်ရှိပါသည်။ | |
| • အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဥပဒေကို အကောင်အထည်ဖော်ရန်လိုအပ်သည့်နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများထုတ်ပြန်နိုင်ရန် | | ဆောင်ရွက်လျက်ရှိပါသည်။ | |

နောက်ဆက်တွဲ(ပ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| ဆောင်ရွက်ခြင်း | | | |
| • အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဥပဒေအတွက် Case Study Book နှင့်လက်စွဲပြုစုခြင်း | | ဆောင်ရွက်လျက်ရှိပါသည်။ | |
| • ဒီဂျစ်တယ်သက်သေခံ၊ အမှုစွဲဆိုခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ညွှန်ကြားလွှာကဲ့သို့သောဥပဒေပြဌာန်းချက်များဖွံ့ဖြိုးတိုးတက်စေခြင်း | | ဆောင်ရွက်လျက်ရှိပါသည်။ | |

**၃.၂ တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုဖြင့် အဆိုပြုရန်၊ ထောက်ခံ တင်ပြရန်နှင့် စီမံခန့်ခွဲရန်**

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာ ခြင်း |
|---|---|---|---|
| **၃.၂.၁** ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ သတ်မှတ်၍ ပေါင်းစည်းထားသည့် မဟာဗျူဟာ စီမံကိန်းလုပ်ငန်းစဉ်များကို သုံးသပ်ခြင်း | ဦးစားပေး အဆင့်(၁) | | |
| • မဟာဗျူဟာစီမံကိန်း လုပ်ငန်းအစီအစဉ် များအကောင်အထည်ဖော်ရန်နှစ်စဉ် ဘတ်ဂျက်ရေးဆွဲ ပြင်ဆင်ခြင်း | | မဟာဗျူဟာစီမံကိန်းအရဆောင်ရွက် မည့် လုပ်ငန်းအစီအစဉ်များအတွက် နှစ်အလိုက်ဘတ်ဂျက်ငွေတောင်းခံရန် လျာထားပြီးဖြစ်ပါသည်။ | |
| • မဟာဗျူဟာစီမံကိန်းအကောင်အထည် ဖော်ရေးအတွက်ဘတ်ဂျက်ကို ဦးစားပေး အစီအစဉ်အတိုင်း ခွဲဝေပေးခြင်း | | မဟာဗျူဟာစီမံကိန်းအကောင်အထည် ဖော်ရေးအတွက်ဘတ်ဂျက်ကို ဦးစားပေးအစီအစဉ်အတိုင်း ခွဲဝေပေးခဲ့ပါသည်။ | |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| • ဘတ်ဂျက်ပြင်ဆင်ခြင်းနှင့်အသေးစိတ်ရေးဆွဲခြင်းများတွင်နည်းပညာအကူအညီများပေးခြင်း | | အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းရာတွင် Electronic-Budget Submission Template ဖြင့်တင်သွင်းနိုင်ရန် ဖြည့်သွင်းဆောင်ရွက်လျက်ရှိပါသည်။ | |
| **၃.၂.၂** တရားရုံးဘတ်ဂျက်ကိုစီမံခန့်ခွဲရန် တရားရုံး အရာထမ်း၊ အမှုထမ်းများ၏စွမ်းရည် တိုးတက်မြင့်မားအောင်ဆောင်ရွက်ခြင်း<br>• တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များကဦးဆောင်၍ ငွေစာရင်းဆိုင်ရာသင်တန်းများဖွင့်လှစ်ပေးခြင်း<br>• USC နှင့် HCs များတွင် Budget Database Guidelines ဆိုင်ရာ သင်တန်းများပေးခြင်း | ဦးစားပေး အဆင့်(၁) | အရာထမ်း၊ အမှုထမ်း(၁၃၉) ဦးအား ခရိုင်တရားရုံးများတွင်ဖွင့်လှစ်သင်တန်းပေးနိုင်ခဲ့ပါသည်။<br><br>ဝန်ထမ်း(၁၈)ဦးသင်တန်းတက်ရောက်ခဲ့ပါသည်။ | |

## ၃.၃ တရားစီရင်ရေးအတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်များ မြှင့်တင်ပေးရန်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၃.၃.၁** တရားစီရင်ရေးတစ်ရပ်လုံး၏ IT Master Plan အရ ငါးနှစ်စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br>• ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် Network Infrastructure များ Smart & Secure ဖြစ်စေရန် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်(၁) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်Mini Data Centerတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိရာ USC နှင့် HC (၁၄) ခုတို့လုံခြုံစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန်Virtual Private Network တည်ဆောက်ခြင်း၊ ယင်းNetwork မှ | အချိန်သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ |

နောက်ဆက်တွဲ(ပ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| | | တစ်ဆင့် File server system အသုံးပြုနိုင်ရန်ဆောင်ရွက်ခြင်း၊ Network security အတွက် Paloalto Firewall အား License (၃)နှစ်ဝယ်ယူအသုံးပြုခြင်း၊ Active Directory Domain Controller စနစ်အသုံးပြုခြင်း၊ အစည်းအဝေးခန်းများအားလုံးတွင် အရည်အသွေးမြင့် Centralized Wifi Devices များတပ်ဆင်ပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။ | |
| • Deep Security Enterprise System (Centralized Antivirus Security System) တပ်ဆင်ဆောင်ရွက်ခြင်း (End Point Security ၁၅၀ Nos အပါအဝင်) | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ Server များနှင့် ကွန်ပျူတာများအား Centralized Antivirus စနစ်ဖြင့် တစ်ပြေးညီအသုံးပြုနိုင်ရန်ဆောင်ရွက်နိုင်ခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ |
| • IT Master Plan ကို အကောင်အထည်ဖော်နိုင်ရန် ဘတ်ဂျက်တွင် ထည့်သွင်းလျာထားတောင်းခံခြင်း | | IT Master Planအရ ၂၀၂၁ခုနှစ်အတွင်း နည်းပညာဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်တွက်ချက်တင်ပြခဲ့ရာ ၈၄.၇% ခွင့်ပြုဘတ်ဂျက်ရရှိခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ |
| • ရှေ့နေရှေ့ရပ်များမှတ်ပုံတင်ခြင်းနှင့်စီမံခန့်ခွဲခြင်းစနစ်ကိုရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း | | ရှေ့နေရှေ့ရပ်များ၏အချက်အလက်များကို Database တည်ဆောက်နိုင်ရန် Soft copy ဖြင့် စုဆောင်းထားခြင်း၊ တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်များကို ၂၁-၁၂-၂၀၂၀ ရက်နေ့မှစ၍ Video | အချိန်သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| | | Confrencing ဖြင့်ပေးအပ်ခြင်း၊ ရှေ့နေလိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် websiteတွင်ဖော်ပြခြင်း၊ အလုပ်သင် ရှေ့နေအဖြစ် သင်ကြားခွင့်ပြုသည့် အကြောင်းကြားစာများထုတ်ပေးခြင်း နှင့် အထက်တန်းရှေ့နေ၊ တရားလွှတ် တော်ရှေ့နေလိုင်စင်ရရှိသူများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် Facebook Page မှတစ်ဆင့်ကြေညာ ပေးခြင်းများကိုဆောင်ရွက်နိုင်ခဲ့ပါ သည်။ | |
| ၃.၃.၂ နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် (ACMS) စတင်ဆောင်ရွက်ခြင်းနှင့် အကောင် အထည်ဖော်ခြင်း | ဦးစားပေး အဆင့်(၁) | | |
| • စာချွန်တော်ဌာနသို့တင်သွင်းလာသည့် အမှုများ၏ သတင်းအချက်အလက် များကို ပြည်ထောင်စုတရားလွှတ် တော်ချုပ်၏ Website တွင်လွှင့်တင် ခြင်း | | Websiteပေါ်တွင်ကြားနာမည့်အမှုနှင့် အမိန့်ချမှတ်မည့်အမှုများကို လွှင့်တင် ခဲ့ပါသည်။ | အချိန်သတ် မှတ်ချက် နှင့်အညီ ဆောင်ရွက် ခဲ့ပါသည်။ |
| • CMS နှင့် CIS စနစ်တို့ကိုအဆင့်မြှင့် တင်ရန် ဆက်လက်ဆောင်ရွက်ခြင်း | | CIS စနစ်ကို အဆင့်မြှင့်တင်၍ CMS နှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ | အချိန်သတ်မှတ် ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါ သည်။ |
| • ACMS ကို ပြည်ထောင်စုတရားလွှတ် တော်ချုပ်ရှိ အခြားနည်းပညာသုံး စနစ်များနှင့် ပေါင်းစည်းချိတ်ဆက် သည့်အစီအစဉ်အကောင်အထည်ဖော် ရန်နည်းပညာအကူအညီများပေးခြင်း | | ACMS စနစ်အတွင်းမှ CMP အတွက် အသုံးပြုရသောအစီရင်ခံစာပုံစံများ ထုတ်ယူနိုင်ရန်အတွက်အဆင့်မြှင့်တင် မှုများဆောင်ရွက်နိုင်ခဲ့ပြီး တိုးချဲ့ဖွင့်လှစ် မည့် IP Divisionအနေဖြင့် ACMS စနစ် | အချိန်သတ် မှတ်ချက်နှင့် အညီဆောင် ရွက်ခဲ့ပါသည်။ |

နောက်ဆက်တွဲ(ဃ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| | | ကို အသုံးပြုနိုင်ရန်နှင့်ACMS Server ကို သက်ဆိုင်ရာတရားရုံးများမှ ၂၄ နာရီ အသုံးပြုနိုင်ရန် Online UPS များတပ်ဆင်ခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။ | |
| **၃.၃.၃** တရားရုံးအရာထမ်း၊ အမှုထမ်းများအတွက် စီမံခန့်ခွဲမှုနှင့် နည်းပညာစွမ်းရည်ဆိုင်ရာသင်တန်းများဆက်လက်ပေးခြင်း<br>• ACMS Manager နှင့် Help-desk တာဝန်ရှိသူများအား ACMS Software နှင့်ပတ်သက်သည့်သင်တန်းများပေးခြင်း | | Covid-19 ကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ | |
| **၃.၃.၄** လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာခွဲဝေချထားနိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာ လမ်းညွှန်ချက်များမြှင့်တင်ခြင်း<br>• ဝန်ထမ်းရေးရာလမ်းညွှန်ချက်များဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာအထောက်အပံ့ပေးခြင်း | | ၂၀၂၀ ပြည့်နှစ်အတွင်းဆောင်ရွက်နိုင်ခြင်းမရှိပါ။ | |

## မဟာဗျူဟာ အပိုင်း(၄)၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်

### ၄.၁ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ကျင့်ဝတ်ပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှု မြင့်မားစေရန်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၄.၁.၁** တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၏ကျင့်ဝတ်ပိုင်းဆိုင်ရာတိုးတက်မှုအတွက် ပံ့ပိုးကူညီခြင်း | ဦးစားပေး အဆင့်(၁) | | |
| • မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | တရားရုံးများတွင် တရားစီရင်ရေး ကျင့်ဝတ်အားဖတ်ကြား၍ အချင်းချင်း ဆွေးနွေးစေခြင်းများဆောင်ရွက်လျက်ရှိပါသည်။ | |
| • ၂၀၁၉ခုနှစ်တွင်မပြုလုပ်ရသေးသောဒေသများတွင်တရားသူကြီးများအတွက်တရားစီရင်ရေးကျင့်ဝတ်နှင့်တာဝန်ခံမှုဆိုင်ရာ လေ့ကျင့်သင်ကြားရေးအလုပ်ရုံဆွေးနွေးပွဲများဒေသအလိုက်ကျင်းပပေးခြင်း၊ သင်ကြားမှုအစီအစဉ် ရေးဆွဲခြင်း | | ချင်းပြည်နယ်တွင် တရားရေးအရာရှိ (၂၀)ဦးဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ မကွေး၊ မန္တလေး၊ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီးများနှင့်ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ဒိန်းမတ်-မြန်မာအစီအစဉ်ဖြင့် Pilot Roll-out Trainingကို Zoom Application အသုံးပြု၍ တရားရေးအရာရှိ(၁၆၄)ဦးဖြင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ခဲ့ပါသည်။ | |
| • မြန်မာနိုင်ငံတရားစီရင်ရေးကျင့်ဝတ်အပေါ် ရှင်းလင်းချက်များအပြီးသတ်ရေးဆွဲခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းတို့အတွက်နည်းပညာအထောက်အပံ့ပေးခြင်း | | ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |

နောက်ဆက်တွဲ(ပ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| • တာဝန်ခံမှုဆိုင်ရာယန္တရားဖွံ့ဖြိုးတိုးတက်လာစေရန်အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း | | ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |
| • တရားစီရင်ရေးဆိုင်ရာတာဝန်ခံယူမှုယန္တရားနှင့်ပတ်သက်၍အကောင်းဆုံးနိုင်ငံတကာကျင့်သုံးမှုဓလေ့များအပေါ် အဆင့်မြင့်အရာရှိများပါဝင်သည့် အသိပညာနှီးနှောဖလှယ်ပွဲကျင်းပခြင်း | | မကျင်းပနိုင်ခဲ့ပါ။ | |
| • မြန်မာတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်နှင့်ပတ်သက်၍ ဆရာဖြစ်သင်တန်းပေးခြင်း | | Denmark-Myanmar Program နှင့် ပူးပေါင်း၍ "3rd Refresher ToT on Judicial Code of Ethics and Accountability and Learning Seminar Workshop" ဖြင့်သင်တန်းဆရာ(၁၇)ဦးအားသင်တန်းပို့ချဆွေးနွေးနိုင်ခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |
| • ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော ရှေ့ပြေးအစီအစဉ်အပေါ် အခြေခံ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဦးဆောင်သည့် တရားစီရင်ရေးကျင့်ဝတ်လေ့ကျင့်သင်ကြားရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကျက်ဆောင်ရွက်ရာတွင်ကူညီခြင်း | | Denmark-Myanmar Program နှင့် ပူးပေါင်း၍ Review Session of Roll-out Training on Judicial Code of Ethics and Accountability ကို သင်တန်းဆရာ(၁၈) ဦးဖြင့် ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲအား Zoom Application ဖြင့် ကျင်းပခဲ့ပါသည်။ | အချိန်သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ |
| **၄.၁.၂** တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာတိုးတက်မှုအတွက်ပံ့ပိုးကူညီခြင်း<br>• တရားသူကြီးများ၏ပညာရပ်ပိုင်းဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှုအတွက်အမေရိကန်သို့ လေ့လာရေးခရီးများစုစည်းသွားရောက်ခြင်း | ဦးစားပေး အဆင့်(၁) | (၁)ကြိမ်သွားရောက်ခဲ့ပါသည်။ | |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| • တရားစီရင်ရေးကျောင်းရေရှည်စီမံကိန်း ဖွံ့ဖြိုးတိုးတက်စေရန်အထောက်အပံ့ပေး ခြင်း | | အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ်ကျင်းပ ခဲ့ပါသည်။ | |
| • ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုစံနှုန်းများ နှင့်လမ်းညွှန်ချက်များပေါ်ပေါက်စေရန် နည်းပညာအထောက်အပံ့များပေးခြင်း | | မြန်မာတရားရေးသင်တန်းကျောင်း၏ အနာဂတ်အတွက်မဟာဗျူဟာစီမံကိန်း မူဘောင် နှင့် မဟာဗျူဟာစီမံကိန်း (မူကြမ်း) တို့ကို ရေးဆွဲနိုင်ခဲ့ပါသည်။ | |
| • တရားသူကြီးများနှင့်ရုံးဝန်ထမ်းများအတွက် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုစံနှုန်းများ နှင့်လမ်းညွှန်ချက်များရေးဆွဲနိုင်ရန်ကူညီ ထောက်ပံ့ခြင်း | | Covid-19 ကြောင့်ဆောင်ရွက်နိုင်ခဲ့ ခြင်းမရှိပါ။ | |
| • တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ အတွက်ပညာရပ်ကျွမ်းကျင်မှုစံနှုန်းများနှင့် လမ်းညွှန်ချက်များဆိုင်ရာအလုပ်ရုံဆွေးနွေး ပွဲများကျင်းပခြင်းနှင့်သင်တန်းများပေးခြင်း | | Covid-19 ကြောင့်ဆောင်ရွက်နိုင်ခဲ့ ခြင်း မရှိပါ။ | |

**၄.၂ တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများနှင့်အရည်အသွေးများ မြင့်မားစေရေး ဆက်လက်ဆောင်ရွက်ရန်**

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၄.၂.၁** တရားရုံးစာကြည့်တိုက်များအဆင့်မြင့်တင် ခြင်းအပါအဝင်ဥပဒေရေးရာသုတေသနစွမ်းရည်များ တိုးတက်စေရန် ဆောင်ရွက်ခြင်း<br>• Ruling Content Management System ခေါ် Ruling Database စနစ်တစ်ခုတည်ဆောက်ခြင်း | ဦးစားပေး အဆင့်(၁) | ၁၉၄၇ မှ ၂၀၁၈အထိစီရင်ထုံးများနှင့် The Courts Manual တို့ကို rcms.usc.gov.mm တွင် ၁-၁၂-၂၀၂၀နေ့မှစ၍လွှင့်တင် ဖော်ပြခဲ့ပါသည်။ | |

နောက်ဆက်တွဲ(ပ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| • ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အီလက်ထရောနစ်စာကြည့်တိုက်လုပ်ငန်း စီမံချက်နှင့်စနစ်တည်ဆောက်ခြင်း | | Library Management System အား ကနဦး ဆောင်ရွက်နိုင်ခဲ့ပါသည်။ | |
| • သုတေသနအဖွဲ့၏လုပ်ငန်းများကိုရေရှည် ဆောင်ရွက်နိုင်ရန်နည်းပညာအကူအညီပေး ခြင်း၊ စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန်ကူညီ ခြင်းနှင့် သုတေသနအရင်းအမြစ်များ ထောက်ပံ့ပေးခြင်း | | Denmark-Myanmar programme နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ | |
| • သုတေသနပြုခြင်းဆိုင်ရာနည်းလမ်းနှင့် နည်းပညာများအတွက်အလုပ်ရုံဆွေးနွေးပွဲ များကျင်းပခြင်း | | ကျင်းပနိုင်ခဲ့ခြင်းမရှိပါ။ | |
| • ပြည်ထောင်စုတရားလွှတ်တော်ချုပ်သုတေ သနအသင်း၏တရားစီရင်ရေးလွတ်လပ်မှု နှင့် တာဝန်ခံမှုဆိုင်ရာစာတမ်းကို ထုတ်ဝေ နိုင်ရန်ကူညီခြင်း | | သုတေသနစာတမ်းကိုအပြီးသတ် ရေးသား၍ စာကြည့်တိုက်တွင် ထိန်းသိမ်းထားရှိပါသည်။ | |
| • ပြည်ထောင်စုတရားလွှတ်တော်ချုပ်သုတေ သနအသင်း၏တရားစီရင်ရေးလွတ်လပ်မှု နှင့်တာဝန်ခံယူမှုဆိုင်ရာစာတမ်းကိုအပြီး သတ်ရေးသား၍ဖြန့်ဝေနိုင်ရန်ကူညီခြင်း | | သုတေသနစာတမ်းကိုအပြီးသတ် ရေးသား၍စာကြည့်တိုက်တွင် ထိန်းသိမ်းထားရှိပါသည်။ | |
| ၄.၂.၂ တရားစီရင်ရေးဆောင်ရွက်မှုနှင့်တာဝန်ခံယူ နိုင်မှု တိုးတက်ကောင်းမွန်ရေး အထောက်အကူဖြစ် စေရန် အချက်အလက်ကောက်ယူခြင်းနှင့်လေ့လာ ဆန်းစစ်ခြင်း<br>• ကလေးသူငယ်များအတွက်တရားမျှတမှု ညွှန်းကိန်းများစာရင်းပြုစုခြင်းနှင့်ကလေး သူငယ်တရားမျှတမှုအချက်အလက်များ ကောက်ယူမှု ဖွံ့ဖြိုးတိုးတက်စေခြင်း | ဦးစားပေး အဆင့်(၁) | Covid-19 ကြောင့်ဆောင်ရွက်နိုင်ခဲ့ ခြင်းမရှိပါ။ | |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၄.၂.၃** တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများတိုးတက်လာစေရန် သီးသန့်သင်တန်းများပေးခြင်း | ဦးစားပေး အဆင့်(၁) | | |
| • တရားသူကြီးများအတွက်မွမ်းမံသင်တန်းများနှင့်လုပ်ငန်းဝင်သင်တန်းများပေးခြင်း | | ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂၈) တွင်အသစ်ခန့်အပ်ထားသည့်ဒုတိယ မြို့နယ်တရားသူကြီး(၈၀) ဦး ဖြင့် ကျင်းပနိုင်ခဲ့ပြီး၊ မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိပါ။ | အချိန်သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ခဲ့ပါသည်။ |
| • နေပြည်တော်ပြင်ပဒေသများတွင်ဖြစ်ရပ်မှန်ရှာဖွေခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း | | Covid-19 ကြောင့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |
| • အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း | | မကျင်းပနိုင်ခဲ့ပါ။ | |
| • လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ တရားသူကြီးများအားသင်တန်းများပေးခြင်းနှင့်အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း | | အာရှဖွံ့ဖြိုးရေးဘဏ်နှင့်ပူးပေါင်း၍ "လူမွဲခံယူခြင်းဆိုင်ရာဥပဒေတွင် တရားသူကြီးများ၏အခန်းကဏ္ဍ" အလုပ်ရုံဆွေးနွေးပွဲ (၂) ကြိမ်ကို Online မှ ကျင်းပခဲ့ပါသည်။ | |
| • ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုများဖြေရှင်းခြင်းနှင့်စပ်လျဉ်းသည့်အလုပ်ရုံဆွေးနွေးပွဲများ နှင့်သင်တန်းများပေးခြင်း | | USAID-PRLM နှင့်ပူးပေါင်း၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံး အကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်ဖွံ့ဖြိုးမှု အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခဲ့ပါသည်။ | |

နောက်ဆက်တွဲ(ပ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| • အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းနှင့် ပုံမှန်သင်တန်းများတွင်ထည့်သွင်းပို့ချခြင်း<br><br>• "အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကိုဥပဒေရှုထောင့်မှလေ့လာခြင်း"စာအုပ်ကိုအသုံးပြုနိုင်ရန်တရားရေးအရာရှိများထဲမှသင်တန်းဆရာဖြစ်ထိုက်သူများကို TOT သင်တန်းပေးခြင်းနှင့်သင်ခန်းစာ စာအုပ်များပြုစုခြင်း<br><br>• ဥပဒေနယ်ပယ်အလိုက်လေ့လာရန် ဂျပန်နိုင်ငံသို့လေ့ရေးခရီးများစုစည်းသွားရောက်ခြင်း<br><br>• တရားသူကြီးများအားသင်တန်းများပေးရာတွင် ကလေးသူငယ်စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များထည့်သွင်းနိုင်စေရန် ကူညီပံ့ပိုးပေးခြင်းနှင့်၂၀၂၀ခုနှစ်တွင်တည်ထောင်မည့် ကလေးသူငယ်အကျိုးပြု စစ်ဆေးခန်းများကိုထိရောက်စွာအသုံးပြုနိုင်ရန် တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများအားသက်ဆိုင်သည့်သင်တန်းများပေးခြင်း | | Covid-19 ကြောင့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။<br><br>Covid-19 ကြောင့်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။<br><br>လေ့လာရေးခရီး(၁)ကြိမ် သွားရောက်ခဲ့ပါသည်။<br><br>ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |
| **၄.၂.၄** တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပြည့်ဝစေရန်နှင့်အများပြည်သူ ကျေနပ်မှုမြင့်မားစေရန် သင်တန်းများ ဆက်လက်ပေးခြင်း<br><br>• တရားရုံးဝန်ထမ်းများအတွက်တည်ဆဲ လေ့ကျင့်ရေးသင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ရေးဆွဲရေးအတွက် နည်းပညာဆိုင်ရာ လမ်းညွှန်မှုများပေးခြင်း | ဦးစားပေး အဆင့်(၁) | Covid-19 ကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| ၄.၂.၅ တရားစီရင်ရေးဆိုင်ရာအသိပညာပေးမှု မြှင့်တင်ခြင်း | ဦးစားပေး အဆင့် ၂ | | |
| • ဖွံ့ဖြိုးတိုးတက်လာသည့်ပညာရပ်ဆိုင်ရာ နယ်ပယ်များ(CMP, Customer service, IP, Mediation, Fact-finding, etc.,) စသည့်တို့ကို ဒုတိယမြို့နယ်တရားသူကြီး များလုပ်ငန်းဝင်သင်တန်း၊ မြို့နယ်နှင့်ခရိုင် အဆင့်တရားသူကြီးများမွမ်းမံသင်တန်း တို့၏သင်ရိုးညွှန်းတမ်းတွင်ပေါင်းစည်း ထည့်သွင်းခြင်း | | CMP, IP နှင့်Customer Service ကဏ္ဍများကို သင်ရိုးညွှန်းတမ်းများ တွင် ပေါင်းစည်းထည့်သွင်းထားပြီး ဖြစ်ပါသည်။ | |
| • တရားရေးသင်တန်းကျောင်း၏သင်ရိုးညွှန်း တမ်းကို စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း | | အလုပ်ရုံ ဆွေးနွေးပွဲ(၁)ကြိမ်ကျင်းပ ခဲ့ပါသည်။ | |
| • တရားရုံးဝန်ထမ်းများ၏ ပညာရပ်ဆိုင်ရာ အရည်အသွေး တိုးတက်စေရန် လေ့ကျင့် သင်ကြားပေးခြင်း | | မွန်ပြည်နယ်တွင်သင်တန်းသား(၂၀) ဦးနှင့်ကယားပြည်နယ်တွင် (၁၇)ဦး၊ ကရင်ပြည်နယ်တွင်သင်တန်းသား (၂၂) ဦး၊ ဧရာဝတီတိုင်းဒေသကြီးရှိ ခရိုင်တရားရုံး(၆)ရုံးတွင်သင်တန်း သား(၆၅)ဦး၊စုစုပေါင်းသင်တန်းသား (၁၁၈) ဦးတို့ကို လေ့ကျင့်သင်ကြား ပေးနိုင်ခဲ့ပါသည်။ | |
| • အချက်အလက်ရှာဖွေခြင်းဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုကဲ့သို့သော လုပ်ငန်းဝင်သင်တန်းအတွက်လေ့ကျင့်မှု နည်းလမ်းသစ်များကို မိတ်ဆက်ခြင်း | | ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂၈) တွင် သင်ခန်းစာမှတ်စုအကျဉ်းကို ဖြန့်ဝေနိုင်ခဲ့ပြီး၊ယင်းမှတ်စုများကို ရှင်းလင်းပို့ချသည့် Youtube link များ ကိုလည်းဖြန့်ဝေပေးနိုင်ခဲ့ပါ သည်။ | |

နောက်ဆက်တွဲ(ပ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| • သင်ရိုးညွှန်းတမ်း၌ ကလေးသူငယ် အခွင့်အရေး ဥပဒေသစ်ပါပြဋ္ဌာန်းချက်များ ပါဝင်စေရန် တရားသူကြီးများအတွက် ကျင့်သုံးဆဲလေ့ကျင့်ရေးသင်ရိုးညွှန်းတမ်းကို ပြင်ဆင်ခြင်း | | ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |

၄.၃ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ဘေးကင်းလုံခြုံရေး ဆောင်ရွက်ပေးရန်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၄.၃.၁** တရားရုံးဘေးကင်းလုံခြုံမှုနှင့်စပ်လျဉ်း၍ လက်ရှိအနေအထားအပေါ် လေ့လာဆန်းစစ်ခြင်းနှင့်အကြံပြုခြင်း<br>• တရားရုံးများ၏ဘေးကင်းလုံခြုံမှုနှင့် စပ်လျဉ်း၍အကဲဖြတ်မှုကိုဆက်လက် ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်(၁) | နှစ်စဉ်လုံခြုံရေးစီမံချက်များရေးဆွဲခြင်း၊ လိုအပ်ချက်များအပေါ် ကြီးကြပ်ဆောင်ရွက်ခြင်း၊ ပိုမိုကောင်းမွန်သည့် တရားရုံးများ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ | အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါသည်။ |
| **၄.၃.၂** တရားရုံးများ၏ဘေးကင်းလုံခြုံမှု တိုးတက်စေခြင်း<br>• တရားရုံးများ၏ဘေးကင်းလုံခြုံမှုအတွက် နှိုင်းယှဉ်ပြုစုထားသောစာတမ်းများကို ဖြန့်ဝေခြင်း | ဦးစားပေး အဆင့်(၁) | ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ | |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၄.၃.၃** လုံလောက်သည့်ဝန်ထမ်းအိမ်ရာများ ပံ့ပိုးပေးခြင်း<br>• တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများနှင့်မြို့နယ်တရားရုံးများတွင်ခွင့်ပြုဘတ်ဂျက်နှင့်အညီ အိမ်ရာသစ်များဆောက်လုပ်ခြင်း<br>• ရန်ကုန်တိုင်းဒေသကြီးတွင် အင်းစိန်ဘိုကုန်းအိမ်ရာတည်ဆောက်ခြင်း | ဦးစားပေး အဆင့်(၁) | Judicial College (၆) ခန်းတွဲ(၄)ထပ် အရာထမ်းအိမ်ရာတည်ဆောက်ပြီးဖြစ်ပါသည်။<br><br>အင်းစိန်(ဘိုကုန်း) (၆)ခန်းတွဲ (၄)ထပ် အမှုထမ်းအိမ်ရာ တည်ဆောက်ပြီးဖြစ်ပါသည်။ | |

### ၄.၄ တရားရေးသင်တန်းကျောင်းအသစ် တည်ထောင်ရန်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၄.၄.၁** တရားရေးသင်တန်းကျောင်းပုံစံထုတ်ခြင်း၊ ဘဏ္ဍာရေးရှာဖွေခြင်း၊ တည်ဆောက်ခြင်းအတွက် ရေရှည်စီမံကိန်းတစ်ရပ် ရေးဆွဲခြင်း<br>• Judicial College တည်ဆောက်ရေးအတွက် စတင်ဆောင်ရွက်ခြင်း<br>• တရားရေးသင်တန်းကျောင်းအတွက် မဟာဗျူဟာအစီအစဉ် ချမှတ်ရာတွင် ပါဝင်ကူညီခြင်း | ဦးစားပေး အဆင့်(၂) | Judicial College အဆောက်အဦ အမှတ် (၁)နှင့်(၂)အား တည်ဆောက်လျက်ရှိပါသည်။<br><br>တရားရေးသင်တန်းကျောင်းအတွက် မဟာဗျူဟာချမှတ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပလျက် မဟာဗျူဟာစီမံကိန်း (မူကြမ်း)အား ရေးဆွဲနိုင်ခဲ့ပါသည်။ | |

## အပိုင်း(၅)၊ ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

### ၅.၁ နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ်တိုင်းတာခြင်း |
|---|---|---|---|
| **၅.၁.၁** နိုင်ငံတစ်ဝန်းတရားရုံးများတွင် ရေးဆွဲထားသော CMPကို သုံးနှစ်အတွင်းအဆင့်လိုက်အကောင်အထည်ဖော်ရန်စတင်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်(၁) | | |
| • တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင်နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ငယ်များ(NCMP Units) ဖွဲ့စည်းခြင်း | | တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များတွင် NCMP Unitsများဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ | |
| • တိုင်းဒေသကြီး/ပြည်နယ်အလိုက်သတ်မှတ်ထားသောတရားရုံးများတွင် CMP ကို အကောင်အထည်ဖော်နိုင်ရေးဆက်လက်ဆောင်ရွက်ခြင်း | | ၂၀၂၀ ပြည့်နှစ်အတွင်းခရိုင်တရားရုံး (၂၅) ရုံး နှင့် မြို့နယ်တရားရုံး (၁၀၉)ရုံး တို့တွင်ဆက်လက်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ | |
| • NCMPအတွက်အချက်အလက်ကောက်ယူသည့်နည်းစနစ်ကိုပြန်လည်သုံးသပ်၍ တိုးတက်အောင်ဆောင်ရွက်ခြင်းအပါအဝင် CMP တရားရုံးများ (ခရိုင်တရားရုံး ၂၅ ရုံး၊ မြို့နယ်တရားရုံး၁၀၉ ရုံး) အောင်မြင်စေရန် ဆက်လက်၍ ပံ့ပိုးမှုများပေးခြင်း | | CMP စတင်ဆောင်ရွက်မည့်တရားရုံးများအတွက်အလိုအလျောက် စစ်တမ်းကောက်ယူသည့်ပုံစံ (Auto Generated Survey Form)နှင့် CMP တရားရုံးအားလုံးအတွက် အလိုအလျောက်တွက်ချက်သည့်ပုံစံ (Auto Generated Case Tracking Database Form) တို့ကို တပ်ဆင်ဆောင်ရွက်ပေးခဲ့ပါသည်။ | |
| • NCMP တရားရုံးများက မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုနားလည်သဘော | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သင်တန်းဆရာများကစောင့်ကြည့်အကဲ | |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ်တိုင်း တာခြင်း |
|---|---|---|---|
| ပေါက်၍လိုက်နာစေရေး စောင့်ကြည့်အကဲဖြတ် ပြုပြင်ပေးခြင်း | | ဖြတ်၍(၆)ကြိမ်သွားရောက်အကဲဖြတ်ခြင်းနှင့်တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များမှညှိနှိုင်းရေးမှူးများက အခါအားလျော်စွာစောင့်ကြည့်အကဲဖြတ်ခြင်းတို့အပြင်တရားရုံးများလက်စွဲအပိုဒ်-၉၉၇ အရ နှစ်စဉ်ရုံးစစ်ဆေးရာတွင်CMP ဆောင်ရွက်ချက်များကို ပုံမှန်လုပ်ငန်းစဉ်အဖြစ်ထည့်သွင်းစစ်ဆေးရန်ညွှန်ကြားချက်အမှတ်(၁/၂၀၂၀) ဖြင့်ထုတ်ပြန်ခဲ့ပါသည်။ | |
| • CMP ၏ လိုအပ်ချက်တစ်ရပ်ဖြစ် သည့် ACMS စနစ်တိုးချဲ့ရေး အကောင်အထည်ဖော်မှု အစီအစဉ်အတွက်နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ အကူအညီများပေးခြင်း | | USAID-PRLM နှင့် ပူးပေါင်း၍ software ပိုင်းဆိုင်ရာပြင်ဆင်မှုများအပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ACMS Server အတွက် Power Backup ရရှိစေရန် Online UPS တပ်ဆင်ခြင်း၊ချမ်းအေးသာဇံမြို့နယ်တရားရုံး နှင့် ပုသိမ်မြို့နယ်တရားရုံးတို့၏ Network Installation များအတွက် လိုအပ်သည့်ကိရိယာများ ပံ့ပိုးပေးခဲ့ပါသည်။ | |
| • CMP အရသတ်မှတ်ထားသည့် တရားရုံးတည်ရှိရာဒေသများတွင် အများပြည်သူနှင့် အဓိကအကျိုးသက်ဆိုင်သူများကို မှုခင်းစီမံခန့်ခွဲမှုသဘောတရားများအသိပညာပေးခြင်း | | ၂၀၂၀ပြည့်နှစ်အတွင်း CMPခရိုင်တရားရုံး (၂၅) ရုံးနှင့် CMP မြို့နယ်တရားရုံး (၁၀၉) ရုံး တို့တွင်CMP ကျင့်သုံးဆောင်ရွက်ခြင်းဆိုင်ရာ မိတ်ဆက်ရှင်းလင်းပွဲများကို ဆောင်ရွက်ခဲ့ပါသည်။ | |
| • မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်တရားရုံးများသို့ နည်းပညာအထောက်အကူပြုစက်ပစ္စည်းများ ပံ့ပိုးပေးခြင်း | | CMP တရားရုံးများသို့ USAID-PRLM က ကွန်ပျူတာ ၁၃၆ လုံး၊ ပရင်တာ ၁၈၁ လုံး၊ ပရင်တာတိုနာ ၃၃၄ ခု၊ မိတ္တူကူးစက် ၅၀၊ မိတ္တူကူးစက်တိုနာ ၁၀၀၊ | |

နောက်ဆက်တွဲ(ပ) အဆက်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ်တိုင်း တာခြင်း |
|---|---|---|---|
| • အယူခံတရားရုံးများအတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ရန်အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | | မော်နီတာ ၁၁၄ ခု၊ လက်တော့ပ် ၁၄ လုံး၊ ပရင်တာ နှင့်မိတ္တူကူးစက် တိုနာ ၂၃၂ ခုတို့ကို ပံ့ပိုးပေးခဲ့ပါသည်။<br><br>အယူခံတရားရုံးများအတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ရေးအလုပ်ရုံဆွေးနွေးပွဲကို USAID-PRLM နှင့်ပူးပေါင်း၍ကျင်းပခဲ့ပါသည်။ | |
| **၅.၁.၂** CMP နှင့်စပ်လျဉ်း၍ လေ့ကျင့်သင်ကြားသည့် အစီအစဉ် ဆောင်ရွက်ခြင်း<br>• လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောCMP တရားရုံးများမှတရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများအတွက် လိုအပ်သောသင်တန်းများနှင့်မွမ်းမံသင်တန်းများဆက်လက်ပေးခြင်း<br>• ၂၀၂၀ခုနှစ်တွင် CMP အရ အကောင်အထည်ဖော်ဆောင်ရွက်မည့်ခရိုင်တရားရုံး (၂၅) ရုံးနှင့် မြို့နယ်တရားရုံး (၁၀၉) ရုံး တို့အတွက် တရားရုံးစစ်တမ်းကောက်ယူခြင်းသင်တန်း၊ Case Tracking Databaseသင်တန်း၊ CMP ဆင့်ပွားသင်တန်းများပေးခြင်း<br>• မှုခင်းစီမံခန့်ခွဲမှုအတွက်သင်တန်းဆရာအသစ်များနှင့်ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးများကို ရွေးချယ်လေ့ကျင့်ပေးခြင်း | ဦးစားပေး အဆင့်(၁) | Case Tracking Database သင်တန်း(၈) ကြိမ် ပေးနိုင်ခဲ့ပါသည်။ မွမ်းမံသင်တန်းကို Online မှတစ်ဆင့်ပေးနိုင်ခဲ့ပါသည်။<br><br>Zoom application ကို အသုံးပြု၍ Case Tracking Database နှင့် CMP သင်တန်းကိုတွဲ၍ သင်တန်း (၆) ကြိမ် ပြုလုပ်ပေးခဲ့ပါသည်။ တရားရုံးစစ်တမ်းကောက်ယူခြင်းသင်တန်းကိုသက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များမှဆရာဖြစ်သင်တန်း တက်ရောက်ပြီးသူများက ဆင့်ပွားပြန်လည်ပို့ချပေးနိုင်ခဲ့ပါသည်။<br><br>Covid-19 ကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ | သင်တန်းသား ၂၆၆ ဦးအား သင်တန်းပေးနိုင်ခဲ့ပါသည်။ |

### ၅.၂ တရားရုံးကဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်များအတွက် နယ်ပယ်များသတ်မှတ်ခြင်း

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ်တိုင်း တာခြင်း |
|---|---|---|---|
| **၅.၂.၁** တရားရုံးက ဆောင်ရွက်မည့်အထူးမှုခင်း ကိစ္စရပ်အတွက် နယ်ပယ်များသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်(၁) | | |
| • အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများ အရစွဲဆိုသည့်မှုခင်းများကိုအထူးမှုခင်း များအဖြစ် စစ်ဆေးစီရင်ရန်ဆောင် ရွက်ခြင်း | | ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊အသိ ဉာဏ် ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဌာနခွဲတွင်စွဲ ဆိုသည့်မှုခင်းများကိုအထူးမှုခင်းများအဖြစ် စစ်ဆေးစီရင်ရန်ဆောင်ရွက်လျက်ရှိပါသည်။ | |
| • ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံးများ၏ စံပုံစံများကို လေ့လာ ရေးအတွက်လေ့လာရေးခရီးစုစည်း သွားရောက်ခြင်း | | သွားရောက်နိုင်ခြင်းမရှိပါ။ | |
| • ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံးများထူထောင်ရာတွင် နည်းပညာအကူအညီပေးခြင်း | | USAID–PRLMနှင့်JICAတို့၏ နည်းပညာ အကူအညီဖြင့်ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာတရားရုံးထူထောင်နိုင်ရေးဆောင် ရွက်လျက်ရှိပါသည်။ | |
| • ကူးသန်းရောင်းဝယ်ရေးဆိုင်ရာတရား ရုံး များထူထောင်ခြင်းအတွက် အပြည်ပြည်ဆိုင်ရာကျင့်စဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲများကျင်းပခြင်း | | ကူးသန်းရောင်းဝယ်ရေးဆိုင်ရာတရားရုံးများ ထူထောင်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ virtual meeting (၂) ကြိမ် ကျင်းပခဲ့ပါ သည်။ | |

## ၅.၃ တရားရုံးက အငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးသောစနစ်များကို သတ်မှတ် ဆောင်ရွက်ရန်

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| **၅.၃.၁** တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်ကိုတရားရုံးများတွင် စတင်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့်(၁) | | |
| • စေ့စပ်ဖြေရှင်းရေးအရာရှိများ အားသင်တန်းပေးခြင်း | | တရားသူကြီးများနှင့်တရားရေးအရာရှိ (၃၀) ဦးအားJICAနှင့်ပူးပေါင်း၍သင်တန်း(၁)ကြိမ် ပေးနိုင်ခဲ့ပါသည်။ | |
| • စေ့စပ်ဖြေရှင်းရေးအရာရှိ ဆရာဖြစ်သင်တန်းပေးခြင်း | | ဆောင်ရွက်နိုင်ခြင်းမရှိပါ။ | |
| • စေ့စပ်ဖြေရှင်းရေးသင်ရိုး ညွှန်းတမ်းရေးဆွဲခြင်း | | တရားမမှုတွင်စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့်လုပ်ငန်းစဉ်(Flow Chart)ကို ရေးဆွဲဖြန့်ဝေခဲ့ပြီး တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးလက်စွဲကိုJICA နှင့် ပူးပေါင်း၍ မူကြမ်းပြုစုခဲ့ပါသည်။ | |
| • တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးကိုအကောင်အထည်ဖော်ရာတွင်အထောက်အကူဖြစ်စေရေးအတွက်တရားသူကြီးများအားသင်တန်းပေးခြင်းနှင့်အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း | | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးက ကြီးကြပ်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅)ကြိမ်၊ ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီး အတွင်းရှိတရားသူကြီးနှင့်တရားရေးအရာရှိ စုစုပေါင်း(၄၇၅)ဦးအတွက် “တရားမမှုများ အား စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းကျွမ်းကျင်မှုသင်တန်း”ကို Video Conferencing စနစ်ဖြင့် (၄)ကြိမ်ကျင်းပခဲ့ပါသည်။ | |
| • တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးရှေ့ပြေးတရားရုံးများ၏ရလဒ်များကိုသုံးသပ်၍တရားရုံးကဦးဆောင်သည့် | | တရားမမှုများအတွက်တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်တိုးချဲ့ဆောင်ရွက်ခြင်းနှင့်အကောင်အထည်ဖော်ရန်လုပ်ငန်းအစီအစဉ်ကိုရေးဆွဲအတည် | |

| မဟာဗျူဟာအစီအစဉ်နှင့် ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | ၂၀၂၀ ပြည့်နှစ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ရလဒ် တိုင်းတာခြင်း |
|---|---|---|---|
| စေ့စပ်ဖြေရှင်းရေးစနစ်တိုးချဲ့ ဆောင်ရွက်ရန်မဟာဗျူဟာ ရေးဆွဲခြင်း | | ပြုခဲ့ပါသည်။ | |
| • တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းမှုကိုတိုးချဲ့ရန် အတွက်ဥပဒေ၊စည်းမျဉ်း စည်းကမ်းများမူကြမ်းရေးဆွဲ ခြင်းကဲ့သို့သောဥပဒေမူဘောင် များချမှတ်ခြင်း | | စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်းသည့်တရားမ ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေမူကြမ်း အား ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီးဖြစ်ပါသည်။ | |
| • တရားရုံးကဦးဆောင်သည့်စေ့ စပ်ဖြေရှင်းရေးစနစ်ကိုအများ ပြည်သူသိရှိစေရန်အသိပညာ ပေးခြင်း | | တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည် သူသိလိုသည့် အကြောင်းအရာများကို အမေး အဖြေပုံစံပြုစု၍လည်းကောင်း၊ တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေး အစီအစဉ် နှင့်စပ်လျဉ်း၍ ပညာပေးဇာတ်လမ်းတိုအား JICA ၏ ပံ့ပိုးကူညီမှုဖြင့်ရိုက်ကူး၍လည်း ကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် website တွင် အများပြည်သူ လေ့လာနိုင်ရန် ဖော်ပြထားရှိပါသည်။ | |

**၂၀၂၀ ပြည့်နှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာအတွက် ဆက်သွယ်ရန်**


တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့

အီးမေးလ်: annualreport.ousc@usc.gov.mm

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ရုံးအမှတ် ၅၄၊ နေပြည်တော်


တရားရုံးနှစ်စဉ်အစီရင်ခံစာကို http://www.unionsupremecourt.gov.mm တွင် ရရှိနိုင်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

သီလ သမာဓိ ပညာ



၂၀၂၀ ပြည့်နှစ် တရားရုံးနှစ်ပတ်လည်အစီရင်ခံစာ

www.unionsupremecourt.gov.mm